မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

အကျိုးစီးပွားဖြစ်ထွန်းနိုင်

မိမိရရှိထားသော ဥစ္စာပစ္စည်းတို့သည် လည်းကောင်း၊ သဒ္ဒါတရားတို့သည် လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၁၄ ရက် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီ ၁၈ ရက်၊ တနင်္လာနေ့ အတွဲ (၅၈)၊ အမှတ် (၁၄၁)

လိုပြည့်အေးချမ်းသာ ဆုတောင်းပြည့်စေတီတော် ရွှေထီးတော်တင်လှူပွဲ အခမ်းအနားကျင်းပ

ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ဇနီးနှင့် အလှူရှင်များက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်များနှင့် အရံစေတီထီးတော်များကို ပင့်ဆောင်လာစဉ်။ သတင်းစဉ်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ပဲခူးတိုင်းဒေသကြီး အင်းတကော်မြို့ ဓမ္မပါလကုန်းတော် သောဘနာရာမ ရွှေမင်းဝံသာသနာ့ရိပ်သာတွင် တည်ထားသည့် လိုပြည့်အေးချမ်းသာ ဆုတောင်းပြည့်စေတီတော်အား ရွှေထီးတော်တင်လှူခြင်း၊ လုံးတော်ပြည့် ရွှေသင်္ကန်းဆက်ကပ်ခြင်းနှင့် သံဃာတော် ၁၀၈ ပါးတို့အား ဆွမ်းဆန်တော်လောင်းလှူခြင်း အလှူတော်မင်္ဂလာ အခမ်းအနားများကို ယနေ့နံနက် ၈ နာရီတွင် ရိပ်သာဝင်းအတွင်းရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသထံမှ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့်ဇနီး၊ ဧည့်ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်သံဃာတော်များထံ ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများကို ဥပါသကာများက ဆက်ကပ်ကြပြီး ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများကို စေတီတော်ပရိဝုဏ်အတွင်း ပက်ဖျန်းချည်နှောင်ကြသည်။

ယင်းနောက် ဆရာတော်သံဃာတော်များအား ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့်ဇနီး၊ ဌာနဆိုင်ရာ

စာမျက်နှာ ၄ ကော်လံ ၆ ❍

မြန်အောင်မြို့အနီး အင်အားအနည်းငယ်ရှိ မြေငလျင်လှုပ်

Earthquake Information	
Date	17.2.2019
Time (MST)	14:52:58
Magnitude	4.4 (Slight)
Latitude	18.27 N
Longitude	94.97 E
Depth	41 km
Region	About (23) miles west of Myanaung.

နေပြည်တော် ဖေဖော်ဝါရီ ၁၇

ဖေဖော်ဝါရီလ ၁၇ ရက်နေ့ မြန်မာစံတော်ချိန် ၁၄ နာရီ၊ ၅၂ မိနစ်၊ ၅၈ စက္ကန့်အချိန်တွင် ဂွမြေငလျင်စခန်းမှ အရှေ့မြောက်ဘက် ၅၃ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (မြန်အောင်မြို့၏ အနောက်ဘက် ၂၃ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၁၈ ဒသမ ၂၇ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၉၇ ဒီဂရီ၊ အနက် ၄၁ ကီလိုမီတာကိုဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၄ ဒသမ ၄ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်သွားကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာနက ထုတ်ပြန်ထားသည်။ **မြန်မာ့အလင်း**

မိုးကောင်းမြို့နယ်၌ အချိန်အခါမဟုတ် မိုးရွာသွန်းပြီး မိုးသီးများကျ၍ နေအိမ် ၃၀၀ ခန့် အမိုးများပျက်စီး စာ-၁၁

နယ်နိမိတ်အငြင်းပွားမှုကိစ္စနှင့်ပတ်သက်၍ ဂျပန်နှင့် ရုရှားတို့ ဆက်လက်သဘောထားကွဲနေ စာ-၁၄

KBZ BANK
BEST BANK IN MYANMAR
Awarded by World Finance
Awarded by Euromoney
Awarded by The FinanceAsia

သမိုင်းကို ပြည်သူက ရေးသည်

လူမှုအဖွဲ့အစည်းတိုင်းတွင် သမိုင်းရှိသည်။ သမိုင်းထဲတွင် ဂုဏ်ယူအားတက်စရာများ ရှိသလို သင်ခန်းစာယူစရာများရှိမည်။ အရေးကြီးသည်က သမိုင်းကို အမှန်အတိုင်း မြင်အောင် ကြိုးစားကြဖို့ ဖြစ်ပါသည်။ ဤနေရာတွင် သမိုင်းကို မည်သည့်ရှုထောင့်မှ မည်သူကရေးသလဲဟူသည်က အခရာကျနေသည်။

ခေတ်ဟောင်းရာဇဝင်များတွင်မူ သမိုင်းကို နိုင်သူများက ရေးသည်ဟု ဆိုလေ့ရှိသည်။ ရာဇဝင်ဆိုသည်က ပဒေသရာဇ်များ၏ ဇာတ်လမ်းများပေါ် အခြေပြုလေ့ရှိသည်ဖြစ်ရာ စစ်နိုင်သူ မင်းကေရာဇ်တို့က ၎င်းတို့၏ အောင်မြင်ကြီးကျယ်မှုကို ခမ်းနားစွာ ရေးလေ့ရှိ၏။ ထို့အတူ အာဏာရှင်တို့၏ သမိုင်းများတွင်လည်း အာဏာရှင်တို့က ၎င်းတို့လိုရာတို့ကို ဖော်ထုတ်ရေးသားပြီး ဖုံးကွယ်လိုသည်တို့ကို မသိယောင်ပြု၏။

သည်တော့ ခေတ်ကို နားလည်ရန်အလို့ငှာ၊ မ အကြံစေရန် အလို့ငှာ သမိုင်းသင်ရသည်ဆိုသော်လည်း မည်သည့်သမိုင်းကို သင်ကြားကြရသလဲဆိုသည်မှာ အရေးကြီးသည့် အချက်ဖြစ်ပါသည်။ သမိုင်းက ဘာတွေကို နားလည်စေချင်သလဲ၊ သမိုင်းက ဘာတွေကို အမွေဆက်ခံစေချင်သလဲ၊ သမိုင်းက ဘာတွေကို သင်ခန်းစာယူစေချင်သလဲ ဆိုသည်များထက် သမိုင်း၏ အမှန်တရားက ဘာလဲဆိုသည်က ပို၍အရေးကြီးသည်ဟု မြင်ပါသည်။

လူမျိုး၊ နိုင်ငံတို့၏ သမိုင်းမှာ အရှက်ရစရာများ ရှိနိုင်သည်။ ဤသည်က ကိစ္စမရှိ။ အရှက်ရစရာတို့ကို အရှက်ရစရာအဖြစ် အမှန်အတိုင်း သိမြင်ဖော်ထုတ်ကြဖို့သာလိုသည်ဟု ယူဆပါသည်။ ထို့ကြောင့် သမိုင်းပညာရှင်တို့သည် သမိုင်း၏ အချက်အလက်မှန်များကိုသာ ရှာဖွေရေးသားကြရေးကို အားပေးကြ၏။

အမှန်တရားကို ဖော်ထုတ်ခြင်းသည်သာလျှင် သမိုင်းကိုရေးသားခြင်း၏ မူလဘူတ ဖြစ်၏။ သမိုင်းရေးသားရာတွင် အဂတိကင်းဖို့လို၏။ ချစ်၍၊ မုန်း၍၊ ကြောက်၍၊ အမှန်ကို မသိ၍ သမိုင်းကို မိမိလိုချင်သလို ရေးလို့မရ။

သမိုင်းအမှန်တရားတို့တွင် မိမိတို့၏ ယဉ်ကျေးမှုအစစ်အမှန် ရှိသည်။ မိမိတို့၏ မယဉ်ကျေးမှုများလည်း ပါဝင်နိုင်သည်။ မိမိတို့၏ အစဉ်အလာ၊ ဓလေ့ထုံးတမ်း၊ နှလုံးသားနှင့် ဝိညာဉ်တို့ရှိနေမည်။ လေးစားစရာ အမွေအနှစ်များကို အလေးအနက်ထား လေးစားမြတ်နိုးတတ်ကြဖို့လိုသလို ဆက်လက်သယ်ဆောင်မလာသင့်သည်တို့ကို ရဲရဲတင်းတင်း ဝန်ခံကာ ချထားပစ်ခဲ့ဖို့လိုပါမည်။

ဤသည်တို့အတွက် အခြေခံမှုက ပြည်သူလူထုကို ယုံကြည်ဖို့ ဖြစ်ပါမည်။ ပြည်သူတို့ရေးသည့် သမိုင်းကို မှတ်တမ်းတင်နိုင်ကြဖို့ လိုမည်။ ခေတ်ပြိုင်မှတ်တမ်းတို့ကို ယှဉ်ကာ စိစစ်ကာ အမှန်အမှား ခွဲခြားတတ်ဖို့ လိုမည်။ မည်သည်က သမိုင်းအမှန်လဲ။ မည်သည်က သမိုင်းအတုအယောင် ဖြစ်သလဲ။

ပုဂံရာဇဝင် တုတ်ထမ်းမပြောနဲ့ တူးရွင်းထမ်းကာ ပြောကြစို့ဟူသည့် သမိုင်းပညာရှင်ကြီးတို့၏ အဆိုအမိန့်အတိုင်း သမိုင်းအမှန်ကို တူးကာ ဆွကာ ခြေရာခံကာ ရေးကြမှတ်တမ်းတင်ကြဖို့ လိုပါမည်။ ယခုအခါမူ ပုဂံရာဇဝင် မဆိုထားနှင့်၊ မြန်မာ့လွတ်လပ်ရေးသမိုင်းကိုပင် တုတ်ထမ်းပြောကြရမည်ဆိုသည်တော့ မဖြစ်သင့်ကြတော့ပြီဟု ယူဆပါသည်။ မြန်မာ့လွတ်လပ်ရေးသမိုင်းအတွက် နိုင်ငံတွင်းရှိ တိုင်းရင်းသားလူမျိုးစုအသီးသီးတို့ ရေးသားပြုစုခဲ့ကြသော မှတ်တမ်းများသာမက နိုင်ငံတကာက မှတ်တမ်းများအစုံစုံကို ပြန်လည်စုစည်းပြုစုထားကြဖို့ လိုပါမည်။

သမိုင်းမှတ်တမ်းများ အမှန်အတိုင်းပြုစုကြရန်လိုမည်ဟု မြင်ပါသည်။ ကိုယ်တိုင်ပါဝင်ခဲ့ကြသူများ၊ ကိုယ်တွေ့ကြုံခဲ့ကြသူများ ပြည်တွင်း ပြည်ပ မှတ်တမ်းများကို ဘက်စုံထောင့်စုံက နှိုင်းကာဆကာ ယှဉ်ကာ ထိုးကာဖြင့် ပြုစုကြလျှင် မသင့်တော်ပါ၏လော။

သမိုင်းဆိုသည်က ပြည်သူတို့ရေးသည့် မှတ်တမ်းများကို အခြေပြုရမည် ဖြစ်ပါသည်။ ပြည်သူတို့ မည်သို့ မှတ်တမ်းတင်ခဲ့ကြသလဲဆိုသည်ကို ခြေရာကောက်နိုင်ရေးအတွက် အားထုတ်ကြဖို့သာ လိုမည်ဟု တင်ပြလိုက်ရပါသည်။ ။

၂၀၁၉ ခုနှစ်၊ (၇၄) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေးသုံးပါးနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ် ကာကွယ်စောင့်ရှောက်ရေးတို့ကို အဓိကထား ဆောင်ရွက်ရေး။

(ခ) သမိုင်းကြောင်းအရ နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အား တပ်မတော်၏ ရပ်တည်ချက်အဖြစ် စဉ်ဆက်မပြတ် ခံယူလုပ်ဆောင်ရေး။

(ဂ) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုအဖြစ် တည်ဆောက်ရာတွင် မဖြစ်မနေ လိုအပ်သော ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ဒို့တာဝန်အရေးသုံးပါးကို အခြေခံသော ငြိမ်းချမ်းရေးမူဝါဒ (၆) ရပ်ဖြင့် တပ်မတော်မှ ခိုင်ခိုင်မာမာဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပိုင်နက်နယ်မြေနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာ ကာကွယ်စောင့်ရှောက်နိုင်မည့် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။

နွေရာသီသောက်သုံးရေရှားပါးသည့် ကျေးရွာများအား စက်ရေတွင်းများ တူးဖော်ပေး

ရေတာရှည် ဖေဖော်ဝါရီ ၁၇

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း နွေရာသီ ပူပြင်းလှသောအချိန်၌ နှစ်စဉ်

ရေရှားပါးသည့်ကျေးရွာတွင် စက်ရေတွင်း တူးဖော်ပေးနေစဉ်။

လိုလို သောက်သုံးရေရှားပါးသည့် ကျေးရွာများအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အချင်း ၄ လက်မ၊ အနက် ပေ ၃၀၀ ရှိ တွင်းနက်စက်ရေတွင်းများ တူးဖော်ပေးလျက်ရှိရာ ဒေသခံများ အဆင်ပြေလျက်ရှိသည်။

"ကျွန်တော် တို့ရွာက ခုလို နွေရာသီရောက်တိုင်း ရေကအတော့်ကို ရှားတာ။ မနက်ပိုင်းအစောကြီးထပြီး ရေခပ်ရင်ခပ် မခပ်နိုင်ရင် ချောင်းထဲမှာ သဲတွင်းယက်ပြီး ခပ်ကြရတာ။ ခုတော့ စက်ရေတွင်းတူးနေပါပြီ ရွာသူရွာ သားတွေအားလုံး သောက်သုံးရေအတွက်အဆင်ပြေကြပြီ"ဟု ဒေသခံတစ်ဦးက ပြောသည်။

ယခုကဲ့သို့သော တွင်းနက်စက် ရေတွင်းများကို Village Developer ကုမ္ပဏီမှ ခွင့်ပြုရန်ပုံငွေကျပ် ၆၅ ဒသမ ၅ သန်းဖြင့် မြို့ကတော်၊ ရေဖျား၊ ၇ မိုင်၊ ၈ မိုင်၊ ရွှေသောင် ကျေးရွာများတွင်လည်းကောင်း၊ Well-Done ကုမ္ပဏီမှ ရေနန်း၊ မဂူ၊ ကျွန်းတောစု၊ နှောပင်၊ စိုင်တမော့ကြီး၊ ပေါက်ချောင်း၊ ကံပဲပြင်၊ တံတားကြီး၊ ပိန်းအင်း ကျေးရွာတို့တွင် ခွင့်ပြုရန်ပုံ ငွေကျပ်သန်း ၁၂၉ သန်းဖြင့်လည်းကောင်း နွေရာသီကာလအတွင်း အချိန်မီပြီးစီးရန်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သန်းလွင်**

တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ ဖြေဆိုခွင့်ကတ်များ ထုတ်ပေးလျက်ရှိ

မြင်းခြံ ဖေဖော်ဝါရီ ၁၇

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်တွင် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုသူများအတွက် စာမေးပွဲဖြေဆိုခွင့်ကတ်များ ဖေဖော်ဝါရီ ၁၆ ရက်မှ စတင်၍ ထုတ်ပေးနေပြီဖြစ်သည်။

မြင်းခြံမြို့နယ်တွင် ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုရန် လျှောက်ထားသူပေါင်း ၄၈၉၉ ဦး ရှိကြောင်း သိရသည်။ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့်ရရှိသူများကို ဖြေဆိုခွင့်ကတ်များအား စာစစ်ဌာနများတွင် ထုတ်ပေးလျက်ရှိရာ ကျောင်းသားကျောင်းသူများမှလည်း မိမိတို့၏ နိုင်ငံသားစိစစ်ရေးကတ်ပြား များဖြင့် လာရောက်ထုတ်ယူလျက်ရှိကြသည်။ မြင်းခြံမြို့နယ်တွင် ၂၀၁၉ ခုနှစ် ၌ နဘူးအိုင် အ.ထ.ကတွင် စာစစ်ဌာန အသစ်ထပ်မံတိုးမြှင့် ဖွင့်လှစ်ပေးခဲ့ရာ ယခုနှစ်တွင် စာစစ်ဌာနပေါင်း ရှစ်ခု ရှိသွားပြီဖြစ်ကြောင်း သိရသည်။

မြင်းခြံမြို့နယ်တွင် အခြေခံပညာ အထက်တန်းကျောင်း(၁၂)ကျောင်းနှင့် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ၁၄ ကျောင်းရှိပြီး၊တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်ရရှိသူများမှာ ၂၀၁၇ ခုနှစ်တွင် ၄၅၀၅ ဦး၊ ၂၀၁၈ ခုနှစ်တွင် ၄၉၁၇ ဦးရှိခဲ့ပြီး ယခု ၂၀၁၉ ခုနှစ်၌ ၄၈၉၉ ဦးဖြစ်ကြောင်း သိရသည် ။

ဇော်မင်းနိုင် (မြင်းခြံ)

ကမာရွတ် လှည်းတန်းခုံး သံပန်းလက်တန်းနှင့် မြေသားများ ပြိုကျ၍ အမြန်ဆုံး ပြုပြင်ပေးစေလို

ကမာရွတ်မြို့နယ်ရှိ လှည်းတန်းမီးရထားခုံးကျော်တံတားသည် ရန်ကုန်တက္ကသိုလ် အပါအဝင် လှည်းတန်းပတ်ဝန်းကျင်ရှိ ဝန်ထမ်းများ အများအပြား နေ့/ည သွားလာအသုံးပြုနေသော ခုံးကျော်တံတား တစ်ခု ဖြစ် သည်။

လှည်းတန်းခုံးအောက်တွင် မြန်မာ့မီးရထားမှ ရထားလမ်းတစ်ဖက်ပိတ်ကာ ရထားသံလမ်းများကို အဆင့်မြှင့်တင်နေသည့်အတွက် အဆိုပါလှည်းတန်းမီးရထားခုံးကျော်တံတားကို ခရီးသွားများ၊ ဝန်ထမ်းများ အများအပြားအသုံးပြုနေကြရာ ယခု ဘေးအန္တရာယ်နှင့် ကြုံတွေ့ရမည့်အခြေအနေဖြစ်ပေါ်နေကြောင်း သိရသည်။

ဖြစ်ပွားပုံမှာ လှည်းတန်းမီးရထားခုံးထိပ် ကမာရွတ်မြို့နယ် (၆)ရပ်ကွက်ဘက်အခြမ်း ဘုရင့်နောင်မီးပွိုင့်အဆင်းဘက်တွင် ကာရံထားသော သံပန်းလက်တန်းအကာအရံများ မြေပြင်တွင် ကြွတက်ကာ မူလီများ ပြုတ်ပြီး ယင်းငွေမှင်သုတ်ထားသည့် သံပန်းလက်တန်းအရှည် ၃၀ ခန့်မှာ အောက်ဘက်သို့ ခုံးကမ်းပါးနံရံ မြေသားများနှင့်အတူ အချိန်မရွေး ပြိုကျပြီး

ပြိုကျမည့်အနေအထားရှိနေသည့် သံပန်းလက်တန်းအကာအရံများ။

လူအများ ထိခိုက်မှုဖြစ်ရပ်များ ဖြစ်ပေါ်နိုင်သည်။

အမှတ်(၆) ရပ်ကွက်နေ ပြည်သူတစ်ဦးက "မိမိတို့ရပ်ကွက်က လူတွေ အဲဒီဘက်အခြမ်းအောက်က ဖြတ်သွားဖြတ်လာ လုပ်နေကြရတာဖြစ်တဲ့အတွက် အောက်ဘက်ကို လက်ရန်းသံပန်းနဲ့ မြေသားကမ်းပါးရံများ ပြိုကျခဲ့ရင် ထိခိုက်မှုတွေ ဖြစ်နိုင်တဲ့အတွက် တာဝန်ရှိသူတွေ အမြန်ဆုံးပြုပြင်ထိန်းသိမ်းပေးဖို့ လိုအပ်ပါတယ်" ဟု သုံးသပ်ပြောဆိုနေကြောင်း သိရသည်။ **ခင်မောင်သော်(ကမာရွတ်)**

ရန်ကုန်တိုင်းဒေသကြီး မြို့နယ် ခုနစ်မြို့နယ်တွင် ဝက်သက် - ဂျိုက်သိုးရောဂါကာကွယ်ဆေး အပိုဆောင်း အစုလိုက်ထိုးနှံခြင်းလုပ်ငန်း စတင်ခြင်းအခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ရန်ကုန်တိုင်းဒေသကြီး မြို့နယ်ခုနစ်မြို့နယ်တွင် ဝက်သက်-ဂျိုက်သိုးရောဂါကာကွယ်ဆေး အပိုဆောင်းအစုလိုက် ထိုးနှံခြင်းလုပ်ငန်း စတင်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လှိုင်သာယာမြို့နယ် ဒေသန္တရကျန်းမာရေးဌာနခွဲ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အဖွင့်အမှာစကား ပြောကြားရာ၌ ဝက်သက်ရောဂါသည် အလွန်လျင်မြန်စွာ ကူးစက်တတ်သောရောဂါဖြစ်ပြီး ရောဂါဖြစ်ပွားပါက အထူးသဖြင့် အာဟာရ ချို့တဲ့သည့် ကလေးငယ်များတွင် ရောဂါ၏ ပြင်းထန်သော နောက်ဆက်တွဲရောဂါများ ဖြစ်ပွားနိုင်ခြင်း၊ ရောဂါကြောင့် ကိုယ်ခန္ဓာနှင့် ဉာဏ်ရည်ဖွံ့ဖြိုးမှုများ ကျဆင်းနိုင်ခြင်းတို့အပြင် အသက်သေဆုံးနိုင်သည်အထိ ဖြစ်နိုင်ပါကြောင်း၊ ရောဂါကို ကာကွယ်ဆေးထိုးနှံထားခြင်းဖြင့်သာ ကာကွယ်နိုင်ပါကြောင်း၊ ယခုကဲ့သို့ ဝက်သက်-ဂျိုက်သိုးရောဂါ ကာကွယ်ဆေးအစုလိုက်ထိုးနှံခြင်းလုပ်ငန်းကို အချိန်တိုအတွင်း ဘက်ပေါင်းစုံမှ စနစ်တကျစီမံချက်ရေးဆွဲဆောင်ရွက်နိုင်ခဲ့ခြင်းအပေါ် ဝိုင်းဝန်းဆောင်ရွက်ကြသူများ အားလုံးကို ကျေးဇူးတင်ရှိ အသိအမှတ်ပြုပါကြောင်း။

ရန်ကုန်တိုင်းဒေသကြီး မြို့နယ် ခုနစ်မြို့နယ်မှ ကလေးငယ်ခြောက်သိန်းခန့်အတွက် ယခု ဝက်သက်-ဂျိုက်သိုးရောဂါ ကာကွယ်ဆေး အပိုဆောင်း အစုလိုက်ထိုးနှံရန်အတွက် နိုင်ငံတော်မှ ကုန်ကျစရိတ်စုစုပေါင်း၏ ၈၄ ရာခိုင်နှုန်းဖြစ်သည့် အမေရိကန်ဒေါ်လာ ၅၆၀၀၀၀ ကျော်နှင့် Gavi အဖွဲ့မှ ကျန် ၁၆ ရာခိုင်နှုန်းဖြစ်သည့် အမေရိကန်ဒေါ်လာ ၁၀၇၀၀၀ ကျော် အကုန်အကျခံ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ကာကွယ်ဆေးများ လုံလောက်စွာရရှိစေရန် ပံ့ပိုးဆောင်ရွက်ပေးခဲ့သော Gavi အဖွဲ့နှင့် Unicef အဖွဲ့တို့ကိုလည်း ကျေးဇူးတင်ရှိပါကြောင်း။

ကလေးငယ်များအားကာကွယ်ဆေးထိုးနှံရာတွင် ဗီတာမင်အေ ဆေးတိုက်ကျွေးခြင်း၊ မိခင်များအတွက် သံဓာတ်အားဆေးများ ပေးအပ်ခြင်းတို့ကိုပါ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ နှီးနွှယ်ဌာနဆိုင်ရာနှင့် အဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများ အားလုံးမှ ကဏ္ဍစုံ၊ အဖွဲ့အစည်းစုံ ဝိုင်းဝန်းပံ့ပိုး ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဝက်သက်-ဂျိုက်သိုးရောဂါ ကာကွယ်ဆေး အပိုဆောင်း အစုလိုက်ထိုးနှံမှု ဆောင်ရွက်နေသည့် အင်းစိန်မြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနရုံးနှင့် အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးရှိ ကာကွယ်ဆေးထိုးစုရပ်တို့၌ ဝက်သက်-ဂျိုက်သိုးရောဂါကာကွယ်ဆေးထိုးနှံမှု လုပ်ငန်းဆောင်ရွက်နေမှုများ၊ ကာကွယ်ဆေးထိုးနှံပေးခြင်းနှင့်အတူ ကျန်းမာရေး အသိပညာပေးနေမှုများကို လှည့်လည်ကြည့်ရှုကာ ကာကွယ်ဆေးလာရောက်ထိုးနှံခဲ့သည့် ကလေးငယ်များကို အမှတ်တရ လက်ဆောင်များပေးအပ်သည်။

ယခုအခါ ဝက်သက်ရောဂါ ကူးစက်ပြန့်ပွားမှု များပြားနေသော ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ဒဂုံဆိပ်ကမ်း၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ မင်္ဂလာဒုံနှင့် အင်းစိန် စုစုပေါင်းမြို့နယ် ခုနစ်မြို့နယ်တွင် အသက်ကိုးလမှ ၁၅ နှစ်အောက် ကလေးလူငယ်များကို ဝက်သက်-ဂျိုက်သိုးရောဂါ အပိုဆောင်းအစုလိုက် ထိုးနှံပေးခြင်းလုပ်ငန်းများအား ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၈ ရက်အထိ နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ ထိုးနှံဆောင်ရွက်သွားမည်ဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနတွင် ပြုလုပ်ခဲ့သော "ရန်ကုန်တိုင်းဒေသကြီးတွင် ဆီးချိုနှင့် သွေးတိုးရောဂါ စစ်ဆေးကုသမှုဆေးပေးခန်းများ ဖွင့်လှစ်ခြင်းအခမ်းအနား" သို့တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာထွန်းမြင့်က ရန်ကုန်တိုင်းဒေသကြီးရှိ ဒေသန္တရ ကျန်းမာရေးဌာန ၂၉ ခုနှင့် ကျေးလက်ကျန်းမာရေးဌာန ၉၁ ခုတို့တွင် ဆီးချိုနှင့် သွေးတိုးရောဂါစစ်ဆေး ကုသမှုဆေးပေးခန်းများ ဖွင့်လှစ်ဆောင်ရွက်နိုင်ရန်အတွက် ဆေးနှင့်ဆေးပစ္စည်းများ ဖြည့်ဆည်းဆောင်ရွက်ခဲ့မှုနှင့် အခြေခံ ကျန်းမာရေးပညာရှင်များကို သင်တန်းများ အကြိမ်ကြိမ်ပေး၍ ပြင်ဆင်ဆောင်ရွက်ခဲ့မှုများကိုလည်းကောင်း၊ လှည်းကူးမြို့နယ် စာဘူးတောင်းကျေးလက်ကျန်းမာရေးဌာနမှ လက်ထောက်ကျန်းမာရေးမှူး ဦးနိုင်လင်းဦးနှင့် တိုက်ကြီးမြို့နယ် မြောင်းတကာ ကျေးလက်ကျန်းမာရေးဌာနမှ သားဖွားဆရာမ ဒေါ်ဖြူဖြူသက်တို့က ကျန်းမာရေးဌာနများတွင် ဆီးချိုနှင့်သွေးတိုးရောဂါ စစ်ဆေးစမ်းသပ်ကုသမှုဆေးပေးခန်းများ အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဖွင့်လှစ်ဆောင်ရွက်နေမှု အခြေအနေများနှင့် ဆေးတက္ကသိုလ်(၁)မှ ဂုဏ်ထူးဆောင်ပါမောက္ခ ဒေါက်တာရဲတင့်လွင်က "ကိုယ်လက်လှုပ်ရှားဆေးတစ်ပါး" ခေါင်းစဉ်ဖြင့် ရှင်းလင်းပြောကြားကြသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝက်သက်-ဂျိုက်သိုးရောဂါကာကွယ်ဆေး အပိုဆောင်း အစုလိုက်ထိုးနှံမှုကို ကြည့်ရှုစဉ်။

လုပ်ငန်းများဆောင်ရွက်ရာတွင် စာရင်းဇယားအချက်အလက်များမှာလည်း အထူးအရေးကြီးပါကြောင်း၊ ရောဂါဖြစ်ပွားမှု အရေအတွက်၊ အခြေအနေများကို သိရှိခြင်းဖြင့် ဆေးနှင့် ဆေးပစ္စည်းများကို ချိန်သားကျတွက်ချက်ဝယ်ယူနိုင်ခြင်း၊ လိုအပ်သည့် သင်တန်းများ လုပ်ဆောင်နိုင်ခြင်း စသည်တို့ကို ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း၊ လုပ်ငန်းဆောင်ရွက်ရာတွင် ပိုမိုတိုးတက်ကောင်းမွန်စေရေးအတွက် ပါမောက္ခကြီးများ၊ ကျွမ်းကျင်ပညာရှင်ကြီးများ အနေဖြင့် အကြံဉာဏ်များလည်း ပေးအပ်စေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ နှလုံးဆေးကုဌာနမှ ပါမောက္ခ/ ဌာနမှူး ဒေါက်တာနွယ်နွယ်နှင့် မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီး၊ ဆေးပညာဌာနမှ ပါမောက္ခ/ ဌာနမှူး ဒေါက်တာကိုကိုတို့က ဆီးချိုနှင့်သွေးတိုးရောဂါ စစ်ဆေးကုသမှုဆေးပေးခန်းများနှင့် ပတ်သက်၍ဆွေးနွေးတင်ပြကြသည်။ ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသူ များက အထွေထွေမေးမြန်း အပြန်အလှန်ဆွေးနွေးမှုများ ပြုလုပ်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သတင်းစဉ်

စစ်ကိုင်းတိုင်းဒေသကြီးရှိ မသန်စွမ်းသူများ၊ မိခင်ဝိုင်းများနှင့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများအား ထောက်ပံ့

မုံရွာ ဖေဖော်ဝါရီ ၁၇

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ရောင်ခြည်သစ် ပရဟိတမျက်မမြင် ပညာသင်ကျောင်းသို့ ရောက်ရှိကြပြီး ကျောင်းအုပ်ချုပ်သူ/အလုပ်အမှုဆောင် ကော်မတီအဖွဲ့ဝင်များ၊ အခြေခံပညာ၊ ဂီတပညာ၊ အနှိပ်အကြောပြင် ကျောင်းသားများနှင့် ဝန်ထမ်းများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားပြောကြားသည်။ ထို့နောက် ကျောင်းသားများ၏ ကွန်ပျူတာသင်ကြားတတ်မြောက်မှု၊ အနှိပ်အကြောပြင်ပြသမှု၊ မျက်မမြင်လက်စမ်းစာ အရေး/ အဖတ် တတ်မြောက်မှု၊ ဂီတပညာသင်ကျောင်းသားများ၏ အဆို၊ အတီးများဖြင့် တင်ဆက်မှုများကို ကြည့်ရှုအားပေးခဲ့ကြပြီး အလုပ်အမှုဆောင်ကော်မတီအဖွဲ့ဝင်များထံသို့ ထောက်ပံ့ငွေများကို ပေးအပ်ခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မုံရွာမြို့ မြသလ္လာခန်းမ၌ ကျင်းပသော စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ မသန်စွမ်းသူများ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများနှင့် မိခင်ဝိုင်းများအတွက် ထောက်ပံ့ငွေပေးအပ်ပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မသန်စွမ်းသူများ၊ စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများနှင့် မိခင်ဝိုင်းများအား ထောက်ပံ့မှုများ လာရောက်ပေးအပ်ခြင်းများအတွက် ကျေးဇူးတင်ဝမ်းမြောက်ပါကြောင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း လူမှုဖွံ့ဖြိုးရေး ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မသန်စွမ်းသူ ၁၁၆၉၀ အတွက် ထောက်ပံ့ငွေ ကျပ် ၃၅၀၇၀၀၀၀၀၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ၈၈ ကျောင်းအတွက် ထောက်ပံ့ငွေကျပ် ၅၉၆၀၀၀၀၀၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ၊ အမျိုးသမီးဂေဟာ၊ ဘိုးဘွားရိပ်သာနှင့် ပရဟိတဂေဟာ ၂၀ တို့အတွက် ထောက်ပံ့ငွေကျပ် ၁၁၉၃၆၄၀၀၀ နှင့် မိခင်ဝိုင်း ငါးဝိုင်း ဖွင့်လှစ်ရန်အတွက် ထောက်ပံ့ငွေကျပ် ၃ ၅၂၀၀၀ တို့ကို အသီးသီးပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြသည်။ ထို့နောက် ကလေးများအား ကစားစရာအရုပ်နှင့် အာဟာရပဲနို့များ ပေးဝေခဲ့ကြပြီးအခမ်းအနားသို့ ကိုယ်တိုင်တက်ရောက်လာကြသော မသန်စွမ်းသူများအတွက် ထောက်ပံ့ငွေများကို လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြသည်။ ယင်းနောက် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံ ရိုက်ကြသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့်တာဝန်ရှိသူများ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မသန်စွမ်းသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

ပူးပေါင်းအဖြေရှာ

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် မုံရွာမြို့ မူလတန်းကြိုကျောင်း၌ တိုင်းလူငယ်ရေးရာကော်မတီ အဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ လူငယ်မူဝါဒရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့်ပတ်သက်ပြီး မဟာဗျူဟာတစ်ရပ်ပေါ်ပေါက်လာရေး တိုင်းဒေသကြီး / ပြည်နယ်အလိုက် ကြိုးပမ်းဆောင်ရွက်မှုများ၊ ဆောင်ရွက်လျက်ရှိသော ကိစ္စရပ်များ၊ ကြုံတွေ့ရသော အခက်အခဲများကို ပူးပေါင်းအဖြေရှာရန် တိုင်းဒေသကြီး လူမှုရေးဝန်ကြီးနှင့်အတူ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် လူငယ်စင်တာအဖြစ်အသုံးပြုရန် တိုင်းဒေသကြီးအစိုးရကလျာထားသောနေရာသို့ သွားရောက်ကြည့်ရှုခဲ့ကြသည်။

ဂါရဝပြု နှုတ်ဆက်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မုံရွာမြို့မှ စစ်ကိုင်းမြို့သို့ ရောက်ရှိကြပြီး စစ်ကိုင်းမြို့ ရွာထောင်ရပ်ရှိ ရွာထောင်ဘိုးဘွားရိပ်သာရှိ ဘိုးဘွားများအား ဂါရဝပြု နှုတ်ဆက်ခဲ့ကြပြီး ဘိုးဘွားရိပ်သာအတွက် ထောက်ပံ့ငွေများကိုပေးအပ်ခဲ့ရာ ဘိုးဘွားများက ပြန်လည်ဆုတောင်း မေတ္တာပို့သခဲ့ကြသည်။

ထောက်ပံ့ငွေကျပ် ၅၃၃၁၉၂၁၀၀ ဖြစ်

ယနေ့ စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ မသန်စွမ်းသူများ၊ မိခင်ဝိုင်းများ၊ ပရဟိတ အဖွဲ့ အစည်းများနှင့် ဘိုးဘွားရိပ်သာတို့အတွက် စုစုပေါင်း ထောက်ပံ့ငွေကျပ် ၅၃၃၁၉၂၁၀၀ ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး မန္တလေးမြို့ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၇

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့်အဖွဲ့ ရတနာပုံတက္ကသိုလ်ရှိ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် တွေ့ဆုံပွဲအခမ်းအနားကို ယမန်နေ့နံနက် ၈နာရီတွင် ရတနာပုံတက္ကသိုလ်၌ ကျင်းပသည်။

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းနှင့် ပါမောက္ခချုပ်များ ကော်မတီဥက္ကဋ္ဌ ဒေါက်တာဇော်ဝေစိုးတို့က အဆင့်မြင့်ပညာရေးကဏ္ဍပြုပြင် ပြောင်းလဲဆောင်ရွက်နေမှုများ၊ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ပိုမိုကောင်းမွန်သော ပညာရေးစနစ်သို့ ပြုပြင်ပြောင်းလဲ ဆောင်ရွက်ရာ၌ ကောင်းမွန်သော မူဝါဒ၊ လုပ်ထုံးလုပ်နည်းများဖြင့် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ နိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အရည်အသွေးပြည့်ဝသော လူသားအရင်းအမြစ်များကို ပြုစုပျိုးထောင်ပေးရာတွင် အဆင့်မြင့်ပညာကဏ္ဍရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များသည် လူမှုဝန်းကျင်တွင် လိုအပ်သော အသိပညာရှင်၊ အတတ်ပညာရှင် ဘွဲ့ရလူငယ် မောင်မယ်များကို ပြုစုပျိုးထောင်ပေးကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့၏ တက္ကသိုလ်အရည်အသွေး ပိုမိုမြင့်မားရေးအတွက် အားလုံးညီညီညွတ်ညွတ် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ဌာနတွင်း စီမံခန့်ခွဲမှုများဖြစ်သည့် အတန်းခွဲဝေမှု၊ သင်ကြားသင်ယူမှု၊ စာမေးပွဲဆိုင်ရာများ၊ ကျမ်းကြီးကြပ်မှုနှင့် ငွေကြေးဆိုင်ရာကိစ္စရပ်များကို လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အကျိုးရှိထိရောက်စွာ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ မဂ္ဂဇင်းကြေး၊ ပြက္ခဒိန်ကြေး၊ စားသောက်ဆိုင်ခန်းခများ၊ ဘွဲ့နှင်းသဘင်ကြေး၊ ဓာတ်ပုံတင်ဒါကြေး၊ ကျောင်းသုံးရည်ညွှန်းစာအုပ် စာတမ်းကြေးများ၊ လက်တွေ့/နည်းပြ စာအုပ်ကြေးစသည့်ငွေကြေးများကို ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်း၊ စာရင်းစစ် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ကြရန်လိုအပ်ကြောင်း။

ဆက်လက်တင်ပြရန်လို

ပါမောက္ခ/ ဌာနမှူးများက ဌာနရှိ ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများကို အပတ်စဉ်တွေ့ဆုံ၍ အခက်အခဲများ၊ စိန်ခေါ်မှုများကို ညှိနှိုင်းဖြေရှင်းရန်နှင့် မဖြေရှင်းနိုင်သည့်ကိစ္စရပ်များကို ပါမောက္ခချုပ်ထံ တင်ပြပြီး ပါမောက္ခချုပ်က အခက်အခဲရှိသော ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများကို အပတ်စဉ်တွေ့ဆုံညှိနှိုင်းဖြေရှင်းရန်၊ ဆက်လက်ပြီး ပါမောက္ခချုပ်ကလည်း မဖြေရှင်းနိုင်သည့် အခက်အခဲ၊ စိန်ခေါ်မှုများကို ပါမောက္ခချုပ်များကော်မတီနှင့် ပညာရေးဝန်ကြီးဌာနသို့ ဆက်လက်တင်ပြရန် လိုအပ်ပါကြောင်း၊ ကျောင်း သား ကျောင်းသူများအား မတူကွဲပြားမှုများကို အပြန်အလှန်နားလည်ရေး၊ လေးစားတန်ဖိုးထား၍ ကူညီဖြည့်ဆည်းဆောင်ရွက်တတ်ရေး၊ အများနှင့် ပူးပေါင်းဆောင်ရွက်တတ်ရေး၊ စာကြည့်တိုက်အသုံးပြု၍ စာများများဖတ်ကာ သင်ယူတတ်ရေး၊ အားကစား၊ ဂီတ၊ အနုပညာစွမ်းရည်များ ဖွံ့ဖြိုးတိုးတက်စေရေး၊ တာဝန်ယူ၊ တာဝန်ခံဆောင်ရွက်တတ်ရေး၊ ဆန်းသစ်တီထွင် ဖန်တီးနိုင်စွမ်းရှိရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်းဆုံးဆောင်ရွက်တတ်ရေးအတွက် သင်ကြားသင်ယူ၊ လေ့ကျင့်ပေးရန်လိုပါကြောင်း။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ရတနာပုံတက္ကသိုလ်ရှိ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

ဆရာ ဆရာမများအနေဖြင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုး တိုးတက်ရေးအတွက် အသုံးချ သုတေသနလုပ်ငန်းများ ဆောင်ရွက်ကြရန်နှင့် ရရှိလာသည့် သုတေသနရလဒ်များကို ပြည်တွင်း ပြည်ပ သုတေသနဂျာနယ်များတွင် ရေးသားဆောင်ရွက်ကြစေလိုပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်သောနိုင်ငံတိုင်းတွင် အတော်ဆုံးကျောင်းသားကျောင်းသူများကို ဆရာ ဆရာမအဖြစ် ရွေးချယ် ဆောင်ရွက်နေကြပါကြောင်း၊ အတော်ဆုံး ဆရာ ဆရာမများ၊ အရည်အသွေးရှိသော ဆရာ ဆရာမများကသာ ထူးချွန်သော ကျောင်းသားကျောင်းသူများကို မွေးထုတ်ပေးနိုင်မည်ဖြစ်၍ ဆရာဆရာမအဖြစ် အသက်မွေးဝမ်းကျောင်းလုပ်ငန်းကို အားပေးပါကြောင်း၊ တက္ကသိုလ်များ အရည်အသွေးပိုမိုမြင့်မားလာရေး၊ နိုင်ငံတကာနှင့်ယှဉ်ပြိုင်နိုင်စွမ်းရှိသော ဘွဲ့ရလူငယ်မောင်မယ်များ ပြုစုမွေးထုတ်ပေးနိုင်ရေးအတွက် အားလုံးဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ပေးကြစေ လိုပါကြောင်း စသည်ဖြင့် ပြောကြားသည်။

ပြန်လည်ဆွေးနွေး

ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားသည်။

ပညာရေးလုပ်ငန်းစဉ်များ

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ မန္တလာဒီဂရီကောလိပ်၊ မြန်မာသတင်း အချက်အလက် နည်းပညာတက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်များသို့ သွားရောက်၍ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်တွေ့ဆုံကာ ပညာရေးပြုပြင်ပြောင်းလဲ ဆောင်ရွက်နေမှုအခြေအနေများ၊ အားနည်းချက်အားသာချက်များ၊ ဖြေရှင်းဆောင်ရွက်ရမည့် အခက်အခဲ၊ စိန်ခေါ်မှုများနှင့် ဆက်လက်ဆောင်ရွက်မည့် ပညာရေးလုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြသည်။

အလားတူ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းသည် ဖေဖော်ဝါရီ ၁၇ ရက်က မန္တလေးနည်းပညာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်(မန္တလေး)၊ မန္တလေးကွန်ပျူတာတက္ကသိုလ်နှင့် မန္တလေးနိုင်ငံခြားဘာသာ တက္ကသိုလ်များသို့ သွားရောက်၍ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများအားတွေ့ဆုံကာ ပညာရေးလုပ်ငန်းစဉ်များ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ထူးကဲဒီရေတက်မှုကာကွယ်နိုင်ရန်နှင့် နွေသီးနှံစိုက်ပျိုးနိုင်ရန် ရေငန်တားတာတမံတည်ဆောက်မှု ယခုလကုန်တွင် ပြီးစီးမည်

စစ်တွေ ဖေဖော်ဝါရီ ၁၇

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် အဝဒါကျေးရွာအနီးတွင် ဒေသခံတောင်သူများ နွေရာသီစိုက်ပျိုးရေရရှိရန်နှင့် မိုးရာသီ ထူးကဲဒီရေတက်ရောက်မှုမှကာကွယ်ရန် ရေငန်တားတာတမံ တည်ဆောက်နေမှုမှာ ယခုအခါ ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ရေချိုချောင်းပိတ်လုပ်ငန်း ပြီးသွားရင် နွေရာသီမှာ စိုက်ပျိုးရေနဲ့ တိရစ္ဆာန်တွေအတွက် ရေချိုရရှိမယ်။ မိုးရာသီမှာ ထူးကဲဒီရေတက်လို့ စပါးခင်းတွေ ပျက်စီးတာကနေ ကာကွယ်ပေးနိုင်မယ်။ ဒီစီမံကိန်းကို ၂၀၁၈ နိုဝင်ဘာလက စလုပ်ခဲ့တာ အခု ဖေဖော်ဝါရီလကုန်လောက်ဆို ပြီးစီးမှာ ဖြစ်ပါတယ်။ ပွင့်လင်း ရာသီဆိုရင် အဝဒါကနေ ရသေ့တောင်ကို ဆိုင်ကယ်တွေ၊ ကားလေးတွေနဲ့ တာပေါ်ကနေ သွားလာနိုင်မှာ ဖြစ်ပါတယ်"ဟု ပြည်နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ(မြို့ပြ) ဦးအောင်နိုင်က ပြောသည်။

ရသေ့တောင်မြို့နယ်၌ ရေငန်တားတာတမံ တည်ဆောက်ထားမှုကို တွေ့ရစဉ်။

အဆိုပါ စီမံကိန်းအား ရသေ့တောင်မြို့နယ် အဝဒါကျေးရွာအနီးတွင် ဆောင်ရွက်နေခြင်းဖြစ်ပြီး (၆ ပေ × ၆ ပေ)သုံးပေါက် ကွန်ကရစ်ရေတံခါးတစ်ခု တည်ဆောက်ခြင်း၊ ခေါင်းတုံးချောင်း ပေ ၄၂၀ ချောင်းပိတ်ခြင်းနှင့် တာတမံ အလျား ပေ ၂၀၀ တာပုံစံကျပြုပြင်ခြင်း လုပ်ငန်းများကို ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၉၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ဒီဒေသက နွေရာသီဆိုရင် ရေချိုရှားပါးမှုကို ဆိုးဆိုးရွားရွား ခံရတယ်။ ကျွဲ၊ နွားတွေကို ရွာက အများသုံး ရေကန်ကနေ ရေတိုက်ရတယ်။ ရွာမှာက ရေချိုမရလို့ ဆောင်းသီးနှံစိုက်ဖို့အတွက် အဆင်မပြေဘူး။ အခုတာတမံပြီးသွားရင် ပြားချောင်း ကြီးကျေးရွာအုပ်စုမှာပါတဲ့ ရွာလေးရွာအတွက် ဆောင်းသီးနှံစိုက်ပျိုးဖို့ ရေချိုရတဲ့အပြင် မိုးတွင်း ထူးကဲဒီရေတက်တာကိုပါ တားပေးနိုင်တယ်လို့ သိရပါတယ်"ဟု အဝဒါကျေးရွာအုပ်ချုပ်ရေးမှူးက ပြောသည်။

ရခိုင်ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ်တွင် ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေ ငွေလုံးငွေရင်းနှင့် သာမန်အသုံးစရိတ်ဖြင့် လုပ်ငန်းကိုးခု ဆောင်ရွက်ပြီးစီးခဲ့ပြီး ဆောင်ရွက်ဆဲလုပ်ငန်း ၅၅ ခုရှိကြောင်း သိရသည်။

ဟန်လင်းထက်

❍ *ရှေ့ဖုံးမှ*

အကြီးအကဲများ၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ အလှူရှင်များက စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် မဟာစည်သြဝါဒါစရိယ ရွှေမင်းဝံဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တသောဘနထံမှ ညွှန်ပရိသတ်များက အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်ဇနီးနှင့် အလှူရှင်များက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်များနှင့် အရံစေတီထီးတော်များကို ပင့်ဆောင်၍ စေတီတော်အားလက်ယာရစ် လှည့်လည်ပူဇော်ကြပြီး ရွှေထီးတော်ဘုံ အဆင့်ဆင့်နှင့် စေတီတော်အထွတ်သို့ မင်္ဂလာရထားပျံဖြင့် ပင့်ဆောင်တင်လှူ ပူဇော်ကြရာ ဆရာတော်သံဃာတော်များက "ဇယန္တော ဗောဓိယာမူလေ "အစချီ အောင်ဂါထာကို သုံးကြိမ်ရွတ်ဆို ပူဇော်ကြသည်။

ထို့နောက် ဆရာတော်သံဃာတော် ၁၀၈ ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူကြသည်။ **သတင်းစဉ်**

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်နှင့် လမ်းမတော်မြို့နယ်အတွင်းရှိ ဓာတ်အားခွဲရုံဖွင့်ပွဲများ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၇

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန အနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အား တိုးမြှင့်ဖြန့်ဖြူးနိုင်ရေး အတွက် ရန်ကုန်လျှပ်စစ် ဓာတ်အားပေးရေး ကော်ပိုရေးရှင်းမှ အကောင်အထည်ဖော် တည်ဆောက်ပြီးစီးခဲ့သည့် တောင်ဥက္ကလာပမြို့နယ် အတွင်းရှိ ၆၆/၁၁-၆.၆ ကေဗွီ၊ ၂ × ၂၀ အမ်ဗွီအေ Gas Insulated Switchgear(GIS) ဓာတ်အားခွဲရုံဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် အဆိုပါဓာတ်အားခွဲရုံ၌ ကျင်းပသည်။

လျှပ်စစ်ဓာတ်အားပိုမိုပေးနိုင်ရေး ဆောင်ရွက်

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတစ်ဝန်းလုံးသို့ လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးနိုင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်နည်းတူ ရန်ကုန်တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယခင်က တောင်ဥက္ကလာပမြို့နယ်ရှိ မီးသုံးစွဲသူပြည်သူများ (အိမ်ထောင်စု ၃၃၆၉၇) ကို စုစုပေါင်း တပ်ဆင်အင်အား ၅၀အမ်ဗွီအေရှိ ဓာတ်အားခွဲရုံနှစ်ရုံဖြင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေရသည့်အတွက် ဗို့အားပြည့်ဝမှုမရှိခြင်း၊ နွေရာသီကာလများတွင် ဓာတ်အားခွဲရုံများ၊ ထရန်စဖော်မာများနှင့် ဓာတ်အားလိုင်းများတွင် ဝန်အားပြည့်ကျော်လွန်မှု (Overload) များဖြစ်ပေါ်လျက်ရှိပြီး လျှပ်စစ်ဓာတ်အား လုံလောက်မှုမရှိခြင်း စသည့်အခြေအနေများကို ကြုံတွေ့ခဲ့ရပါကြောင်း။

ထို့ကြောင့် ဗို့အားတည်ငြိမ်ပြည့်ဝစွာ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်နှင့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို အတိုင်းအတာတစ်ခုအထိ ဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်ပြီး ၆.၆/ ၀.၄ ကေဗွီ ၁၀၀၀ ကေဗွီအေထရန်စဖော်မာနှင့်၊ ဓာတ်အားဖြန့်ဖြူးပေးနေသော ယခုဓာတ်အားခွဲရုံနေရာတွင် တပ်ဆင်အင်အား စုစုပေါင်း ၄၀ အမ်ဗွီအေရှိသည့် ၆၆ ကေဗွီ GIS ဓာတ်အားခွဲရုံကို အဆင့်မြှင့်တင် တိုးချဲ့တည်ဆောက်ခဲ့ခြင်း ဖြစ်ပါကြောင်း။

ဓာတ်အားခွဲရုံများအဆင့်မြှင့်ပြုပြင်

ယခင်က ၁၆၀ ဗို့ဖြင့်သာ ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ပြီး ဗို့အားကျဆင်းမှုများရှိခဲ့၍ ယခုအခါ တပ်ဆင်အင်အား ၄၀ အမ်ဗွီအေကို တိုးချဲ့တည်ဆောက်ဖြန့်ဖြူးပေးနိုင်ခဲ့သည့်အပြင် တောင်ဥက္ကလာပမြို့နယ်ရှိ လက်ရှိမီးသုံးစွဲသူလူဦးရေသုံးပုံတစ်ပုံခန့်မှာ ဗို့အားပြည့်မီစွာဖြင့် လျှပ်စစ်ဓာတ်အားကို အသုံးပြုနိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ ဓာတ်အားစနစ်ပိုမိုတောင့်တင်းခိုင်မာစေရန် ၅၀၀ ကေဗွီ ဘုရားကြီး- လှိုင်သာယာဓာတ်အားလိုင်း မိုင် ၆၀၊ ဝန်အားပြည့်လျက်ရှိသော လှိုင်သာယာ- မြောင်းတကာဓာတ်အားလိုင်း၏ဝန်အားကို မျှတစေရန် ၂၃၀ ကေဗွီ ရွာမ- လှိုင်သာယာ- ဝါးတရာဓာတ်အားလိုင်း ၁၁ မိုင်၊ သာကေတဓာတ်အားပေးစက်ရုံ အဆင့်မြှင့်တင် ပြုပြင်ခြင်းလုပ်ငန်း၊ ၂၃၀ ကေဗွီ အလုံ- လှော်ကား- ရွာမနှင့် သာကေတခွဲရုံများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားသုံးစွဲမှု၏ ထက် ဝက်နီးပါးခန့်ကို ရန်ကုန်တိုင်းဒေသကြီးက သုံးစွဲလျက်ရှိရာ ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းအချို့တို့တွင် ဝန်အားပြည့်ကျော်လွန်သုံးစွဲနေရ၍ ဝန်အားပြည့်နေသောဓာတ်အားခွဲရုံများနှင့်ဓာတ်အားလိုင်းများကို ဝန်အားမျှခြင်း၊ တိုးချဲ့တည်ဆောက်ခြင်း၊ အသစ်တည်ဆောက်ခြင်း လုပ်ငန်းများကို ရရှိသည့်ဘဏ္ဍာငွေအပြင် ချေးငွေများကို အသုံးပြုပြီး စီစဉ်ဆောင်ရွက်လျက် ရှိပါကြောင်း၊ ဓာတ်အားခွဲရုံကို ကျပ် ၅ ဘီလီယံခန့် အကုန်အကျခံကာ တည်ဆောက်ခဲ့ပြီး ဓာတ်အားခွဲရုံသို့ ဓာတ်အားရောက်ရှိရန် ဆက်စပ်ဓာတ်အားလိုင်းများ တည်ဆောက်ခြင်းအတွက် ကျပ် ၁ ဒသမ ၉ ဘီလီယံခန့် အကုန်အကျခံပြီး တည်ဆောက်ပေးခဲ့ခြင်း ဖြစ်ပါကြောင်း။

နိုင်ငံတော်ဓာတ်အားစနစ်မှရရှိရန်

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ပြည်သူများအားလုံး လျှပ်စစ်ဓာတ်အားရရှိသုံးစွဲနိုင်ပြီး လူမှုစီးပွားဘဝတိုးတက်မြင့်မားလာစေရေး၊ စိုက်ပျိုးရေးအခြေခံ အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး၊ အလုပ်အကိုင်အခွင့်အလမ်းများနှင့် ဝင်ငွေများတိုးတက်ရရှိရေးတို့အတွက် အထူးအလေးထားပြီး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ၂၀၂၁ ခုနှစ် မတ်လတွင် တစ်နိုင်ငံလုံးရှိ အိမ်ထောင်စုအားလုံး၏ ၅၅ ရာခိုင်နှုန်းခန့်အား နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားရရှိရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အား တိုးမြှင့်ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်ပေးခဲ့မှုနှင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ပေးမည့် အစီအမံများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး တောင်ဥက္ကလာပမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစောနိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

ထို့နောက် ၆၆/၁၁-၆.၆ ကေဗွီ၊ ၂ × ၂၀ အမ်ဗွီအေ Gas Insulated Switchgear (GIS) ဓာတ်အားခွဲရုံကို တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဒေါ်နီလာကျော်၊ တောင်ဥက္ကလာပမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစောနိုင်နှင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၁) လွှတ်တော်ကိုယ်စားလှယ် ဒေါ်သစ်သစ်မြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ၆၆/၁၁-၆.၆ ကေဗွီ၊ ၂ × ၂၀ အမ်ဗွီအေ(GIS) ဓာတ်အားခွဲရုံ၏ ကမ္ပည်းကျောက်စာအား ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတို့က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး ဓာတ်အားခွဲရုံအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတို့ တောင်ဥက္ကလာပမြို့နယ် ဓာတ်အားခွဲရုံအတွင်း လှည့်လည်ကြည့်ရှုရာ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းပြသစဉ်။ သတင်းစဉ်

လမ်းမတော်ဓာတ်အားခွဲရုံဖွင့်

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် ပြည်လမ်းနှင့် ဗိုလ်ချုပ်လမ်းထောင့်ရှိ ၆၆/၁၁ ကေဗွီ၊ ၂ × ၂၀ အမ်ဗွီအေ Gas Insulated Switchgear(GIS)Hospital Complex ဓာတ်အားခွဲရုံ ဖွင့်ပွဲအခမ်းအနားကို နံနက် ၁၀ နာရီတွင် အဆိုပါ ဓာတ်အားခွဲရုံ၌ ဆက်လက်ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ဓာတ်အားခွဲရုံအကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့မှု အခြေအနေများနှင့်ပတ်သက်၍ ဂုဏ်ပြုအမှာစကားပြောကြားကာ လမ်းမတော်မြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်မောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ထို့နောက် ၆၆/၁၁ ကေဗွီ၊ ၂×၂၀ အမ်ဗွီအေ Gas Insulated Switchgear (GIS) ဓာတ်အားခွဲရုံအား တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ တိုင်းဒေသကြီးလျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဒေါ်နီလာကျော်၊ လမ်းမတော်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁) လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးအေးမာနှင့် လမ်းမတော်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂) လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် ၆၆/၁၁ ကေဗွီ၊ ၂ × ၂၀ အမ်ဗွီအေ(GIS) ဓာတ်အားခွဲရုံ၏ ကမ္ပည်းကျောက်စာအား ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတို့က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကာ ဓာတ်အားခွဲရုံအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြကြောင်းသတင်းရရှိသည်။

သတင်းစဉ်

တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်း / အဖွဲ့ ကိုယ်စားလှယ်များ၏ လေ့လာရေးခရီးစဉ် စတုတ္ထနေ့ ဆက်လက်သွားရောက်

နေပြည်တော် ဖေဖော်ဝါရီ ၁၇

ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ရခိုင်ပြည်နယ်တို့မှ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်း/အဖွဲ့ကိုယ်စားလှယ် အဖွဲ့များ၏ ပထမအကြိမ်လေ့လာရေးခရီးစဉ် စတုတ္ထနေ့အဖြစ် ယနေ့နံနက်ပိုင်းတွင်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ အမျိုးသားပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြရာ ပြတိုက်အတွင်း ပြသထားသည့် သီဟာသနပလ္လင်ပြခန်း၊ သမိုင်းတင်ခေတ်ဦး ပြခန်း၊ သမိုင်းတင်ခေတ်ပြခန်း၊ ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်ပြခန်းနှင့် မြန်မာအနုသုခုမပြခန်းစသည့် ပြခန်းတို့ကို ကြည့်ရှုလေ့လာကြပြီး အဖွဲ့ဝင်များ၏ သိရှိလိုသည်များကို အမျိုးသားပြတိုက်မှ တာဝန်ရှိသူများက ရှင်းလင်းပြောကြားသည်။

ထို့နောက် လေ့လာရေးအဖွဲ့များသည် မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြရာပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ကျောက်စိမ်းပြကွက်၊ ကျောက်မျက်ပြကွက်၊ ပုလဲပြကွက်၊ ငွေထည်ပစ္စည်းပြကွက်နှင့် သယံဇာတပြကွက်များကို ပြတိုက်မှူးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြပြီး အဖွဲ့ဝင်များ၏ သိရှိလိုသည်များကို ရှင်းလင်းပြောကြားသည်။

အလားတူ ပြတိုက်အဆောက်အဦ မြေညီထပ်ရှိကျောက်မျက်ရတနာအရောင်းဆိုင်များကို လှည့်ပတ်ကြည့်ရှုကြပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ ဝယ်ယူအားပေးခဲ့ကြသည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် လေ့လာရေးအဖွဲ့များသည် ငလိုက်ဆည်ဆင်စခန်းနှင့် Junction Center တို့ကို သွားရောက်ကြည့်ရှုလေ့လာကြသည်။

အဆိုပါ လေ့လာရေးအဖွဲ့များအား ညပိုင်းတွင် တိုင်းရင်းသားလူမျိုးများ ရေးရာဝန်ကြီးရုံး၌ ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

လူမော်

အမျိုးသားပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာသည့် ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ရခိုင်ပြည်နယ်တို့မှ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်း/အဖွဲ့ ကိုယ်စားလှယ်အဖွဲ့များ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ ဓာတ်ပုံ-ထန်းဖုန်

တိုင်းရင်းသားစည်းလုံးညီညွတ်မှု ထာဝရတည်တံ့နေမယ့် ချင်းအမျိုးသားနေ့

မောင်မောင်ကျော့ (ပလက်ဝ)

ဖေဖော်ဝါရီလ ၂၀ ရက် ... ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော ချင်းတိုင်းရင်းသားတို့၏ 'ချင်းအမျိုးသားနေ့'။ ဤနေ့သို့ရောက်တိုင်း ချင်းတိုင်းရင်းသားတို့သည် ၁၉၄၈ ခုနှစ် ဖလမ်းမြို့တွင် ကျင်းပခဲ့သော ချင်းအမျိုးသားထုတစ်ရပ်လုံးညီလာခံကို အမှတ်ရကြပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ယင်းချင်းအမျိုးသားထုတစ်ရပ်လုံးညီလာခံသည် 'ချင်းအမျိုးသားနေ့' ကို မွေးဖွားပေးလိုက်သလို၊ ချင်းတိုင်းရင်းသားအားလုံး သွေးစည်းညီညွတ်မှုရလဒ်ကို ဖော်ဆောင်ပေးခဲ့သောကြောင့်ပေတည်း။

ယမန်နှစ်က ဖလမ်းမြို့၌ ဟားခါးမျိုးနွယ်စုတို့၏ ရိုးရာခွမ်ကြွဲပွဲကျင်းပနေစဉ်။ ဓာတ်ပုံ-နေစု(ချင်းရိုးမ)

တိုင်းရင်းသားစည်းလုံးညီညွတ်ရေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးဖြင့် စုစည်းဖွဲ့စည်းထားသော နိုင်ငံပင်ဖြစ်သည်။ တစ်မြေတည်းနေ၊ တစ်ရေတည်းသောက် နှစ်ပေါင်းထောင်ချီအောင်၊ အေးအတူပူအမျှ၊ ဥမကွဲသိုက်မပျက် နေထိုင်လာခဲ့ကြသည့် တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်ရေးသည် ကိုလိုနီခေတ်နယ်ချဲ့တို့၏ ပြည်နယ်၊ ပြည်မ သွေးခွဲအုပ်ချုပ်ခဲ့မှုဖြင့် တိုင်းရင်းသားတို့၏ တွဲသောလက်ကို ဖြုတ်ပစ်လိုက်၏။ သွေးစည်းမှုပျက်ပြားအောင် နည်းမျိုးစုံဖြင့် ကြိုးပမ်းခဲ့သည်။

ယင်းသို့ ပျက်ပြားခဲ့သည့် သွေးစည်းညီညွတ်ရေးကို ပြန်လည်ဖော်ထုတ်ရန် တိုင်းရင်းသားအားလုံး အသိရှိရှိတာဝန်သိသိဖြင့် ကြိုးပမ်းခဲ့ကြသည်။ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်သော အခြေခံအုတ်မြစ်ကို ပင်လုံညီလာခံတွင် ချခဲ့ကြသည်။ တိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်မှုကို တည်ဆောက်ခဲ့သည့်နေရာလည်းဖြစ်သည်။

ချင်းမျိုးချစ်ခေါင်းဆောင်တို့၏ တောင်တန်းပြည်မပူးပေါင်း၍ လွတ်လပ်ရေးကြိုးပမ်းခဲ့မှု

ချင်းအမျိုးသားခေါင်းဆောင် ဦးဝမ္မသူးမောင်သည် နယ်ချဲ့လက်အောက်စစ်သားဘဝဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ဂျမဒါ၊ ဆူပဒါ ရာထူးအဆင့်များသို့ ချီးမြှင့်ခြင်းခံခဲ့ရ၏။ ရဲဝံ့စွန့်စားသည့် တိုက်ခိုက်မှုစွမ်းရည်ကြောင့် ဆုတံဆိပ်များစွာ ရရှိခဲ့သူဖြစ်သည်။ နယ်ချဲ့လက်အောက်တာဝန်ထမ်းဆောင်ချိန်၌ အင်္ဂလိပ်တို့သည် ချင်းစစ်သည်များကို စစ်မျက်နှာပြင်တွင် ရှေ့တန်းထား၍ အသုံးချကြ၏။ အင်္ဂလိပ်တို့က ဘေးကင်းရာနောက်ကွယ်မှနေ၍ အမိန့်ပေးကြသည်။ သူတို့သည် သားနားသောစစ်ဝတ်စုံကို ဝတ်ကြ၏။ ချင်း စစ်သည်များကို ခပ်ညံ့ညံ့စစ်ဝတ်စုံကိုသာ ပေးဝတ်စေသည်။ စားရိပ်သာတွင် ချင်းစစ်ဗိုလ်တိုင်း ဝင်ခွင့်မပြု။ သူတို့အလိုကျသူအချို့ကိုသာ ဝင်ခွင့်ပြုသည်။ ထို့ကြောင့် အင်္ဂလိပ်စစ်ဗိုလ်များကို မကျေမနပ်ဖြစ်ကာ မခံချင်စိတ်ပြင်းပြခဲ့သူတစ်ဦးဖြစ်ပေသည်။

ဦးဝမ္မသူးမောင်တာဝန်ထမ်းဆောင်နေသည့် အမှတ် ၁/၂၀၊ ဘားမားရိုင်ဖယ်တပ်သည် မန္တလေးနန်းတွင်း၌ စခန်းချလျက်ရှိစဉ် မျိုးချစ်ခေါင်းဆောင်ကြီး ဦးဥတ္တမက ဈေးချိုအနီးတွင် နိုင်ငံရေးတရားဟောရန် ကြွရောက်ခဲ့သည်။

ဤတွင် အင်္ဂလိပ်တို့က 'ဦးဥတ္တမ' အပေါ် အရေးယူစရာရှိက ယူနိုင်ရန်နှင့် ဆူပူမှုဖြစ်က နှိမ်နင်းရန် ဦးဝမ္မသူးမောင်ကို တာဝန်ပေးစေလွှတ်ခဲ့သည်။ ဦးဝမ္မသူးမောင်ကား ဦးဥတ္တမ ၏ ရဲရဲတောက် 'ဝံသာနုရက္ခိတ' တရားကိုစွဲလမ်းစွာ နားထောင်ရင်း မျိုးချစ်စိတ်ဓာတ်အခြေခံကောင်းတွေကို တည်ဆောက်ခဲ့ပေသည်။

၁၉၂၂ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်တွင် မေမြို့မှ ချင်းရဲဘော်များက ပညာရေးအဖွဲ့ ဖွဲ့စည်းရန် စစ်ဘက်အရပ်ဘက် ချင်းအမျိုးသားများထံ အလှူငွေကောက်ခံသည်။ ၁၉၂၃ ခုနှစ် ဩဂုတ်လတွင် ဝမ္မသူးရွာ၌ ထိုအလှူငွေဖြင့် မြန်မာစာသင်ကျောင်းဖွင့်လှစ်ခဲ့၏။ ၁၉၂၄ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်တွင် ဦးဝမ္မသူးမောင်သည် ဆူပဒါရာထူးမှ နုတ်ထွက်ခဲ့သည်။ အမျိုးသားကျောင်းတွင် ဆရာဝင်လုပ်၏။ ချင်းတောင်သို့တက်၍ အမျိုးသားကျောင်းတည်ထောင်သည်။ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများကို ပင့်ကာ သာသနာပြု၏။ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးတရားများ ဟောသည်။

၁၉၃၃ ခုနှစ် မတ်လ ၂၇ ရက်တွင် ဦးဝမ္မသူးမောင် ဦးဆောင်ပြီး ချင်းအမျိုးသားညီညွတ်ရေးအဖွဲ့ (ခမညဖ)ကို ဖွဲ့စည်းခဲ့သည်။ ၁၉၃၈ ခုနှစ် ခမညဖ အဖွဲ့၏ တတိယ ညီလာခံကို ဝမ္မသူးရွာတွင် ကျင်းပ၏။ ဤတတိယအကြိမ် ညီလာခံ၌ ဒုတိယအကြိမ် ညီလာခံတွင်ဆုံးဖြတ်သော (၉၁)ဌာနအုပ်ချုပ်ရေးတွင် ချင်းတောင်တန်းကို ထည့်သွင်းရေး အပါအဝင် တောင်းဆိုချက် ကိုးချက်ကို အင်္ဂလိပ်အစိုးရထံကိုယ်စားလှယ်စေလွှတ်တောင်းဆိုရန် ဆုံးဖြတ်ခဲ့ကြသည်။ ဤတောင်းဆိုချက်ကို ဘုရင်ခံနှင့် ဥပဒေပြုလွှတ်တော်သို့ အမျိုးသားခေါင်းဆောင်ကြီး ဘကြီးဘဖေ (ဖေ၊ ပု၊ ရှိန်)က တင်ပေးခြင်းဖြစ်၏။

၁၉၄၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၀ ရက် ဒါဘာပွဲကို မကွေးခရိုင်ဝန်ရှင်တော်မင်းကြီး 'မက္ကရီကင်း' က ကန်ပက်လက်မြို့တွင် ကျင်းပခဲ့သည်။ ဤဒါဘာပွဲတွင် မကွေးခရိုင်ဝန်ရှင်တော်မင်းကြီး၊ ဖလမ်းအရေးပိုင်၊ ကန်ပက်လက်နယ်ပိုင်တို့က ဦးဝမ္မသူးမောင် ဦးဆောင်သည့် ခမညဖ ခေါင်းဆောင်များအပါအဝင် လူထုကိုယ်စားလှယ် ၃၀၀၀ ကျော်တို့နှင့် ဆွေးနွေးခဲ့သည်။

မကွေးဝန်ရှင်တော်မင်းကြီးက ထိုဒါဘာပွဲ၌ ၉၁ ဌာနအုပ်ချုပ်ရေးတွင် ချင်းတောင်တန်းကို ထည့်သွင်းပေးရေး အပါအဝင် တောင်းဆိုချက်ကိုးချက်ကို ပယ်ချခဲ့သည်။ လူထုကိုယ်စားလှယ်တို့က မခံမရပ်နိုင်ဖြစ်ကြကာ လက်သီးလက်မောင်းတန်းပြီး တစ်ခဲနက်ကြွေးကြော်ဆန္ဒပြခဲ့ကြ၏။ ရွာသူကြီး ၃၆ ဦးတို့ကလည်း သူတို့၏ခန့်စာများကို နယ်ပိုင်ဝန်ထောက်ထံ ပစ်ပေါက်အပ်နှံကြသည်။ မကွေးဝန်ရှင်တော်မင်းကြီးနှင့်အဖွဲ့ ထိတ်လန့်ကာ ဆောမြို့သို့ ဆုတ်ခွာခဲ့ရ၏။ အင်္ဂလိပ်တို့က ချင်းအမျိုးသားညီညွတ်ရေးအဖွဲ့ကို မတရားအသင်း ကြေညာခဲ့သည်။

ဤအဖြစ်အပျက်ကို ဇလွန်မြို့နယ် ဒေါင့်ကြီးလူထုဟောပြောပွဲတွင် သခင်အောင်ဆန်းက ထုတ်ဖော်ဟောပြောချီးကျူးခဲ့သည်။ ထို့ကြောင့် ရာဇဝတ်ဝန်'ဇေဗီးယား'က သခင်အောင်ဆန်းကို ဖမ်းဆီးနိုင်သူအား ဆုငွေ ငါးကျပ်ပေးမည်ဟု သိက္ခာချဝရမ်းထုတ်ခဲ့၏။ ဤဝရမ်းကြောင့် သခင်အောင်ဆန်း အပါအဝင်ရဲဘော်သုံးကျိပ်တို့သည် ဂျပန်နိုင်ငံသို့ ဆောလျင်စွာ တိတ်တဆိတ်ထွက်ခွာပြီး စစ်ပညာသင်ယူရသည့် နိုင်ငံရေးကွင်းဆက်များဖြစ်ပေါ်ခဲ့ရသည်။

မြန်မာနိုင်ငံကို ဂျပန်တို့ လာရောက်အုပ်ချုပ်သည့်အခါတွင်ပင် ချင်းမျိုးချစ်ပုဂ္ဂိုလ်များသည် ဖက်ဆစ်များတော်လှန်ရန်နှင့် အင်္ဂလိပ်တို့ ပြန်ဝင်လာပါက စနစ်တကျတိုက်ခိုက်ရန် ဦးဝမ္မသူးမောင်၏ စည်းရုံးကွပ်ကဲမှုအောက်တွင် စည်းရုံးလှုပ်ရှားလာကြသည်။ ချင်းအမျိုးသားစည်းလုံးညီညွတ်ရေးအဖွဲ့သည် ငြိမ်းချမ်းရေးထိန်းသိမ်းမှုကော်မတီ (Peace Preservation Committee)တစ်ရပ်ကို အချိန်မီဖွဲ့စည်းလျက် ကန်ပက်လက်စည်းရုံးရေးတာဝန်များကို ဝင်ရောက်ထိန်းသိမ်းခဲ့မှုကြောင့် ဂျပန်ခေတ်တွင် တရားဥပဒေမဲ့ ဖျက်ဆီးနှောင့်ယှက်မှုမရှိဘဲ ကန်ပက်လက်နယ် တစ်ဝန်းတွင်သာမက တောင်ပိုင်းချင်းတောင်ဒေသတစ်ခုလုံး အေးချမ်းစွာနေနိုင်ခဲ့ခြင်း ဖြစ်ပေသည်။

ထို့နောက် ဦးဝမ္မသူးမောင်အပါအဝင် ချင်းမျိုးချစ်ပုဂ္ဂိုလ်များသည် ဒို့ဗမာအစည်းအရုံးဝင် သခင်များအဖြစ်လည်းကောင်း၊ ဘီအိုင်အေ၊ ဘီဒီအေ၊ ဘီဒီအက်(ဖ်)တပ်များသို့လည်းကောင်း၊ တဖွဲဖွဲဝင်ရောက်ကြကာ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေး၊ ဖက်ဆစ်တော်လှန်ရေး၊ နယ်ချဲ့အင်္ဂလိပ်တို့ကို အပြီးအပိုင်မောင်းထုတ်ရေး၊ လွတ်လပ်ရေးအရယူရေးတို့အတွက် ရှေ့တန်းမှပါဝင်လှုပ်ရှားခဲ့ကြသည်။

၁၉၄၇ ခုနှစ် မတ်လ ၃ ရက်မှ ၅ ရက်အထိ ပခုက္ကူခရိုင် ထီးလင်းမြို့တွင် ကျင်းပခဲ့သော ချင်း- ဗမာချစ်ကြည်ရေး ညီလာခံတွင် ဦးဝမ္မသူးမောင်၊ ဦးဇဟိုး၊ ဦးလျန်ကား(ရ်)တို့ တက်ရောက်ခဲ့ကြသည်။ ဗိုလ်ချုပ်အောင်ဆန်းကိုယ်စား ဒီးဒုတ်ဦးဘချို တက်ရောက်၍ ချင်း-ဗမာချစ်ကြည်ရေးကျောက်တိုင်ကို ပန္နက်ချ စိုက်ထူပေးခဲ့သည်။

ရှမ်းပြည်နယ် ပင်လုံမြို့၌ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်ပြီး ပြည်မနှင့် တောင်တန်းဒေသ ပူးပေါင်းရေးစာချုပ်ကို တိုင်းရင်းသားကိုယ်စားလှယ်ကြီးများက လက်မှတ်ရေးထိုးစာချုပ်ချုပ်ဆိုကြသည်။ ထိုပင်လုံစာချုပ်တွင် ချင်းတိုင်းရင်းသားကိုယ်စားလှယ် ဦးလူရှိမှုန်း (ဖလမ်း)၊ ဦးကီးယိုမန်း (ဟားခါး)၊ ဦးသောင်ဇာ ခုတ်(တီးတိန်)တို့က လက်မှတ်ရေးထိုးခဲ့ကြသည်။

၁၉၄၇ ခုနှစ် မတ်လ ၁၈ ရက်မှ ၂၀ ရက်အထိ ရှမ်းပြည်တောင်ပိုင်း ညောင်ရွှေမြို့တွင် ကျင်းပခဲ့သော တောင်တန်းသား များညီလာခံတွင် ဦးဝမ္မသူးမောင် တက်ရောက်ခဲ့သည်။ ဦးဝမ္မသူးမောင်သည် ထိုညီလာခံတွင် တောင်တန်းပြည်မပူးပေါင်းကာ လွတ်လပ်ရေးအရယူရေးကို အလေးအနက်ထားဆွေးနွေးခဲ့သည်။

မေမြို့ (ပြင်ဦးလွင်)၌ ရုံးထိုင်နေသော နယ်ခြားစုံစမ်းစစ်ဆေးရေး(ရီးဝီးလျှံကော်မရှင်နာ)ထံသို့ ၁၉၄၇ ခုနှစ် ဧပြီလတွင် ဦးဝမ္မသူးမောင်၊ ဦးဝမ်ကိုဟော ခေါင်းဆောင်သော ချင်းတိုင်းရင်းသားကိုယ်စားလှယ်များနှင့် နာဂတောင်တန်း၊ ခန္တီးခရိုင် ချင်းကိုယ်စားလှယ်များ တက်ရောက်ကြပြီး အရေးဆိုခဲ့ကြသည်။

၁၉၄၇ ခုနှစ် မေလ ၁၉ ရက်နေ့ ဖဆပလ ပဏာမပြင်ဆင်မှု ညီလာခံ၌ အမျိုးသားခေါင်းဆောင်ကြီးဖြစ်သော ဗိုလ်ချုပ်အောင်ဆန်းသည် ချင်းကိုယ်စားလှယ်များနှင့် ညှိနှိုင်းပြီး ချင်းတောင်ကို ချင်းဝိသေသတိုင်းအဖြစ် ခေါ်ဆိုဖွဲ့စည်းရန် ရွေးချယ်သတ်မှတ်ပေးခဲ့သည်။

ချင်းအမျိုးသားနေ့

၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်နေ့တွင် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီး အစိုးရဖွဲ့စည်းရာတွင် ဦးဝမ္မသူးမောင်သည် အစိုးရအဖွဲ့ဝင် ချင်းရေးရာဝန်ကြီးဖြစ်လာခဲ့သည်။

စာမျက်နှာ ၇ သို့

"သူ့ကျွန်ဘဝမှ လွတ်မြောက်ရေးအတွက် တောင်တန်းပြည်မပူးပေါင်းကာ လွတ်လပ်ရေးအရယူရန် ကြိုးပမ်းဆောင်ရွက်ခဲ့မှုနှင့် ချင်းတိုင်းရင်းသားတို့၏ မျိုးချစ်စိတ်ဓာတ်ကို ဂုဏ်ပြုသည့်အနေဖြင့် ၁၉၅၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၀ ရက် ဖလမ်းညီလာခံတွင် တိုက်သူကြီး အုပ်ချုပ်ရေးစနစ်ဖျက်သိမ်းကာ ဒီမိုကရေစီ အုပ်ချုပ်ရေးစနစ်ကို ကျင့်သုံးခဲ့ခြင်းစသည့် သမိုင်းအစဉ်အလာကောင်းခဲ့သည့် ဖေဖော်ဝါရီ ၂၀ ရက်နေ့ကို 'ချင်းအမျိုးသားနေ့'ဟု သတ်မှတ်သွားရန် တညီတညွတ်တည်း ဆုံးဖြတ်ခဲ့ကြ"

စနေ- တနင်္ဂနွေ စာအုပ်လမ်း၌ စာအုပ်ဆိုင်များ ဖွင့်လှစ်ရောင်းချပေးလျက်ရှိသည့်အပြင် စာပေဟောပြောပွဲထည့်သွင်းကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

Yangon Book Street စနေ- တနင်္ဂနွေစာအုပ်လမ်းကို နံနက်ပိုင်းမှစတင်ကာ ရန်ကုန်မြို့ သိမ်ဖြူလမ်း ဝန်ကြီးများရုံး ရှေ့တွင် စာအုပ်ဆိုင်များဖွင့်လှစ်ရောင်းချလျက်ရှိပြီး စာပေဟော ပြောပွဲကိုလည်း ထည့်သွင်းကျင်းပရာ စာပေချစ်မြတ်နိုးသူများ၊ စာအုပ်လာရောက်ဝယ်ယူသူများ **(ယာပုံ)** လှေ့လာသူများဖြင့် စည်ကားလျက်ရှိသည်။

ပုံမှန်ရောင်းနေရ

Yangon Book Street စနေ- တနင်္ဂနွေ စာအုပ်လမ်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးနေမျိုးညွန့်က "ဒီနှစ်မှာတော့ စာအုပ်ရောင်းတဲ့ဆိုင်ခန်း ၇၀ ခန့်ရှိပါပြီ။ ရောင်းအားကတော့ ပုံမှန်ပါပဲ။ အရင်နှစ်ကလည်း ပုံမှန်ရောင်းနေရတာပါပဲ။ တစ်ပတ် နဲ့တစ်ပတ်မှာ တစ်ဆိုင်နဲ့တစ်ဆိုင် ရောင်းအားမတူနိုင်ပါဘူး။ ဒီတစ်ပတ်လာတဲ့ပရိသတ်နဲ့ နောက်တစ်ပတ်လာတဲ့ ပရိသတ် မတူဘူး။ ဒီတစ်ပတ်လာတဲ့သူက ဘာသာရေးစိတ်ဝင်စားတဲ့သူ များသွားရင် ဘာသာရေးနဲ့ဆိုင်တဲ့ စာအုပ်လေးတွေ ရောင်းရ တယ်။ ဘယ်စာအုပ်တွေက တအားရောင်းရတယ်ဆိုတာ ခန့်မှန်း လို့ မရပါဘူး " ဟု ပြောသည်။

ဆက်လက်၍ ၎င်းက "ပုံမှန် စနေ- တနင်္ဂနွေ နှစ်ရက်မှာ စာရေးဆရာတစ်ယောက်စီရဲ့ဟောပြောပွဲတွေ ရှိပါတယ်။ ကဗျာ ရွတ်ပွဲတွေ ရှိပါတယ်။ မေးကြည့်ဖြေကြည့် စာအုပ်ပဟေဠိအစီ

အစဉ်တွေ ရှိပါတယ်။ မေးခွန်းတွေမေးတယ်။ မေးခွန်းတစ်ခု ဖြေနိုင်ရင် စာအုပ်တစ်အုပ်လက်ဆောင်ပေးတဲ့ အစီစဉ်တွေပါ ပါတယ်။ စာအုပ်တိုက်ကြီးတွေက ၅၀ ရာခိုင်နှုန်းလျှော့ဈေးနဲ့ ရောင်းတာရှိတယ်။ တစ်ဦးကို တစ်အုပ်နှုန်းယူနိုင်တဲ့ စာအုပ် စတုဒိသာတဲလေးရှိပါတယ် "ဟု ပြောသည်။

ယနေ့ စနေ- တနင်္ဂနွေစာအုပ်လမ်း၌ စာအုပ်များရောင်းချ ခြင်းအပြင် ဆရာငြိမ်းမင်း၏" စာ၏ကျေးကျွန် မဖြစ်ပါစေနှင့်၊ စာ၏အရှင်သခင်ဖြစ်ပါစေ"ခေါင်းစဉ်ဖြင့် စာပေဟောပြောပွဲ အစီအစဉ်၊ မော်ဒယ်သရုပ်ဆောင်ပန်းသော်တာ ပါဝင်ကူညီပြီး စာပေလောက စာအုပ်တိုက်မှ ထုတ်ဝေထားသောစာအုပ်များကို ထိုက်တန်စွာလက်ဆောင်ပေးမည့် မေးကြည့်ဖြေကြည့် စာအုပ် ပဟေဠိအစီအစဉ်နှင့် စာအုပ်စတုဒိသာအုပ်ရေ ၁၀၀၀ ပေးဝေ သည့် အစီအစဉ်များ ထည့်သွင်းပြုလုပ်ကြောင်း သိရသည်။

Yangon Book Street စနေ-တနင်္ဂနွေ စာအုပ်လမ်းတွင် စာပေချစ်မြတ်နိုးသူပရိသတ်များအတွက် ဘာသာရပ်မျိုးစုံ စာအုပ်များ၊ သုတရသအဟောင်း/အသစ်၊ လုံးချင်းဝတ္ထုတို/ ဝတ္ထုရှည်စာအုပ်များ၊ ဘာသာရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာ ရေး၊ ယဉ်ကျေးမှုဆိုင်ရာ သုတရသစာအုပ်များ၊ ဆေးပညာဆိုင်ရာ စာအုပ်များ၊ အင်္ဂလိပ်- မြန်မာအဘိဓာန်စာအုပ်များ၊ ပုံပြင်စာအုပ် မျိုးစုံ၊ ဗေဒင်စာအုပ်မျိုးစုံ၊ ကလေးငယ်များ ဘာသာရေးကိုင်းရှိုင်း စေရန်အတွက် ဗုဒ္ဓဝင်ကာတွန်းစာအုပ်များ ခင်းကျင်းရောင်းချ လျက်ရှိသည်။

သုံးနှစ်မြောက်ရှိပြီဖြစ်

Yangon Book Street စနေ-တနင်္ဂနွေ စာအုပ်လမ်းကို ပြန်ကြားရေးဝန်ကြီးဌာနက စာအုပ်စာပေဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်အရ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ရန်ကုန် မြို့တော်စည်ပင်သာယာရေးကော်မတီတို့၏ ကူညီမှုဖြင့် ၂၀၁၇ ခုနှစ်မှစတင်ကာ မိုးရာသီအကုန် ပွင့်လင်းရာသီ စနေ- တနင်္ဂနွေ နေ့များတွင် ဖွင့်လှစ်ရောင်းချပေးလျက်ရှိရာ ယခုနှစ်ဆိုလျှင် သုံးနှစ်မြောက်ရှိပြီဖြစ်ကြောင်း သိရသည်။

မင်းသစ်(MNA)

ဓာတ်ပုံ - ရဲထွန်း

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ်အတွင်း မြေသားလမ်းနှင့် သံကူကွန်ကရစ်တံတားဖွင့်

နေပြည်တော် ဖေဖော်ဝါရီ ၁၇

မြန်မာ-အိန္ဒိယချစ်ကြည်ရေးစီမံကိန်းအရ အိန္ဒိယသမ္မတနိုင်ငံ၏ တတိယအကြိမ် အထောက်အပံ့ရန်ပုံငွေဖြင့် ဆောင်ရွက် သည့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ် ရန်ငွေး- မွန်းကိုင်လင် - ကံ့ကော်ကုန်း - ဘန်းကုလား - ကော်လ ကန် မြေသားလမ်း(၆/၆) မိုင်နှင့် ကျောက်စရစ်ချောင်း (၆၀'×၂၄'×၁၅') သံကူကွန်ကရစ်တံတား ဖွင့်ပွဲအခမ်း အနားကို ယမန်နေ့ မွန်းလွဲပိုင်းက အဆိုပါလမ်း၌ ကျင်းပရာနယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီးဖွံ့ဖြိုးမှု ကြီးကြပ်ရေးမှူး ညွှန်ကြားရေးမှူး ဦးအောင်တင်ကျော်၊ လေရှီးမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်း လေး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြ သည်။

လှည့်လည်ကြည့်ရှု

အစီအစဉ်အရ ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့်တာဝန်ရှိသူများက မြေလမ်း နှင့် ကွန်ကရစ်တံတားတို့အား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး **(ဝဲပုံ)** လမ်းတစ်လျှောက် လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် အိန္ဒိယသမ္မတနိုင်ငံ၏ တတိယအကြိမ် အထောက်အပံ့ရန်ပုံငွေဖြင့် နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသအတွင်း လမ်း/ တံတားလုပ်ငန်း ၁၄ ခု၊ ပညာရေးလုပ်ငန်း ခြောက်ခု၊ ကျန်းမာရေးလုပ်ငန်း တစ်ခု စုစုပေါင်းလုပ်ငန်း ၂၁ ခုအား ခွင့်ပြုငွေ (၃၁၇၁ ဒသမ ၈၃၅) ကျပ်သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

သတင်းစဉ်

လောကမုနိ အောင်မြေချမ်းသာရ ဆုတောင်းပြည့်ဘုရား ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဗိုလ်ချို (၁) ရပ်ကွက် အောင်မြေသုခကျောင်းတိုက် အတွင်း တည်ထားကိုးကွယ်ထားသော လောကမုနိအောင်မြေချမ်းသာရ ဆုတောင်း ပြည့်ဘုရားကြီး တတိုင်းရစေတီတော် နဂါးရုံဘုရားအောင်ဓမ္မစကြာဘုရား မျက်တော် ပြေဘုရား၏(၁၈)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို ဖေဖော်ဝါရီ၂၂ ရက်မှ၂၄ ရက် အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပွဲတော်တွင် ဂီတဖျော်ဖြေပွဲများနှင့် ဇာတ်သဘင်ပွဲများ ကပြဖျော်ဖြေမည် ဖြစ်ပြီး ၁၃၈၀ ပြည့်နှစ် တပို့တွဲလပြည့်ကျော် ၅ ရက် ဖေဖော်ဝါရီ ၂၄ ရက် ညနေ ၃ နာရီခွဲတွင် ပင့်သံဃာတော်အပါး ၁၂၀ ပါးအား ဆွမ်းဆန်စိမ်းလောင်းလှူမည်ဖြစ် ကြောင်း သိရသည်။

အေကေလင်း

မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၁၇

နေပြည်တော်၊ ရန်ကုန်မြို့နှင့်မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက် ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။ မြန်မာ့ပင်လယ် ပြင်မှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုး တန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှငါးပေခန့်ရှိနိုင်သည်။

မိုး/ဇလ

စာမျက်နှာ ၆ မှ

လွတ်လပ်ရေး ရရှိပြီးဖြစ်သော်လည်း ချင်းဝိသေသတိုင်းတွင် နယ်ချဲ့လက်အောက်ခံ တိုက်သူကြီးအုပ်ချုပ်ရေးစနစ် ရှိနေခဲ့သည်။ ထိုစနစ်ကို ဖျက်သိမ်းရန် ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၂ ရက်အထိ ချင်းအမျိုးသားညီလာခံကို ဖလမ်းမြို့တွင် ကျင်းပခဲ့သည်။ ယင်းညီလာခံသို့ မြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ်မှ ချင်းတိုင်းရင်းသားကိုယ်စားလှယ် ၅၀၀၀ ကျော် တက်ရောက်ခဲ့သည်။

ဖေဖော်ဝါရီလ ၂၀ ရက် ညီလာခံဒုတိယနေ့တွင် ရှေးလုပ်ငန်းစဉ်ချမှတ် ဆောင်ရွက်နိုင်ရေးအတွက် တိုက်သူကြီးအုပ်ချုပ်ရေးစနစ်ကို ဖျက်သိမ်းလိုက်သည်။ ညီလာခံကိုယ်စားလှယ် ချင်းတိုင်းရင်းသားအားလုံး၏ ဆန္ဒအရ ဒီမိုကရေစီ အုပ်ချုပ်ရေးစနစ်ဖြင့် အစားထိုးရန် ဆုံးဖြတ်ခဲ့ကြသည်။ ဤညီလာခံတွင် ချင်းမျိုးချစ်ခေါင်းဆောင် တို့၏ ချင်းအမျိုးသားထုတစ်ရပ်လုံး သူ့ကျွန်ဘဝမှ လွတ်မြောက်ရေးအတွက် တောင်တန်းပြည်မပူးပေါင်းကာ လွတ်လပ်ရေးအရယူရန် ကြိုးပမ်းဆောင်ရွက်ခဲ့မှုနှင့် ချင်းတိုင်းရင်းသားတို့၏ မျိုးချစ်စိတ်ဓာတ်ကို ဂုဏ်ပြုသည့် အနေဖြင့် ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက် ဖလမ်းညီလာခံ တွင် တိုက်သူကြီး အုပ်ချုပ်ရေးစနစ်ဖျက်သိမ်းကာ ဒီမိုကရေစီ အုပ်ချုပ်ရေးစနစ်ကို ကျင့်သုံးခဲ့ခြင်း စသည့်သမိုင်းအစဉ် အလာကောင်းခဲ့သည့် ဖေဖော်ဝါရီ ၂၀ ရက်နေ့ကို 'ချင်း အမျိုးသားနေ့ ' ဟု သတ်မှတ်သွားရန် တညီတညွတ်တည်း ဆုံးဖြတ်ခဲ့ကြသည်။

ချင်းအမျိုးသားနေ့ကျင်းပခြင်း

၁၉၄၈ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်နေ့ကို ချင်းအမျိုးသား နေ့အဖြစ် သတ်မှတ်ပြီးဖြစ်သော်လည်း အခမ်းအနားကို ကျင်းပနိုင်ခြင်း မရှိသေးပါ။ ၁၉၅၀ ပြည့်နှစ် အောက်တိုဘာလ ၉ ရက်နေ့ ချင်းရေးရာကောင်စီက ဖလမ်းညီလာခံမှ တိုက်သူကြီး အုပ်ချုပ်ရေးစနစ်ဖျက်သိမ်းပြီး ဒီမိုကရေစီ စနစ်ကျင့်သုံးရန် ဆုံးဖြတ်ခဲ့သည့် ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်နေ့ကို ချင်းအမျိုးသားနေ့အဖြစ် သတ်မှတ်ကြောင်းနှင့် အခမ်းအနားများ ကျင်းပနိုင်ကြောင်း၊ ယင်းနေ့ကို ချင်း ဝိသေသတိုင်းအတွင်း အစိုးရရုံးပိတ်ရက်အဖြစ်လည်း သတ်မှတ်ကြောင်း အတည်ပြုချက် ထုတ်ပြန်ပြီးမှသာလျှင် ၁၉၅၁ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် ဦးဝမ္မသူးမောင် မွေးရာ ဒေသကို ဂုဏ်ပြုသည့် အနေဖြင့် မင်းတပ်မြို့မြို့မအားကစား ကွင်းတွင် အခမ်းအနား ကိုကျင်းပခဲ့သည်။ နိုင်ငံတော်သမ္မတ စဝ်ရွှေသိုက်၏ သဝဏ်လွှာကို ဝန်ကြီးချုပ်ဦးနု ဖတ်ကြားခဲ့ သည်။ ဝန်ကြီးများ သဝဏ်လွှာကို ကချင်ရေးရာဝန်ကြီး ဆမားဒူးဝါးဆင်ဝါနောင် ဖတ်ကြားခဲ့သည်။ ချင်းအမျိုး သားနေ့သည် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် (၇၁) နှစ်မြောက်သို့တိုင် ရောက်ရှိလာပေတော့မည်။

ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဆီသို့

ချင်းတိုင်းရင်းသားများအပါအဝင် တိုင်းရင်းသားလူမျိုး ၁၃၅ မျိုး စုစည်းနေထိုင်လျက်ရှိသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးသည် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု စနစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီ သို့ ချီတက်လျက်ရှိပေသည်။ နိုင်ငံတော်အနေဖြင့် စီးပွား ရေးစီမံကိန်းအောင်မြင်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်လျက်ရှိပေသည်။ တစ်ဖက်ကလည်း နိုင်ငံတော် အေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့်ပြည်သူများ ဘေးကင်းလုံခြုံရေးအတွက် အဟန့်အတားဟူသမျှကို ချင်းတိုင်းရင်းသားတို့အနေဖြင့် မိမိတို့ညီနောင်တူဖွား၊ သွေးချင်းများနှင့်အတူ စည်းလုံးညီညွတ်စွာဖြင့် ဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ကြရပါမည်။ သို့မှသာ အမိနိုင်ငံတော်ကြီး ပိုမိုဖွံ့ဖြိုးတိုးတက်လာပြီး လူနေမှုအဆင့်အတန်း ပိုမိုတိုးတက် လာမည်ဖြစ်ပေသည်။

သို့ဖြစ်၍...

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသား အားလုံးတို့၏ စုပေါင်းအင်အားဖြင့် ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ရေး။

(ခ) ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုနှင့် လျော်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး။

(ဂ) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ '(၂၁) ရာစု ပင်လုံ ' မှသည် ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ၊ အောင်မြင်သည်အထိ အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(ဃ) တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများဘေးကင်း လုံခြုံရေးအတွက် နိုင်ငံသားအားလုံးစည်းလုံး ညီညွတ်စွာဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(င) ကောင်းမွန်သောပညာရေးနှင့်လုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှုများကို နိုင်ငံသား တိုင်း ရရှိခံစားနိုင်ရေး၊ ...စသည့်

၂၀၁၉ ခုနှစ် (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်ငါးရပ်ကို ချင်းအမျိုးသားနေ့ အတွက် တပ်လှန့်နှိုးဆော်သံအဖြစ် ခံယူရင်းချင်းအမျိုးသားနေ့ အထိမ်းအမှတ်ကျင်းပခြင်းနှင့်အတူ နိုင်ငံအပေါ် တာဝန် ကျေပွန်ကြရပေမည်။

အခုလို ချင်းတိုင်းရင်းသားတို့၏ သမိုင်းတန်ဖိုးကြီးမားလှ သော ချင်းအမျိုးသားနေ့သည် ချင်းတိုင်းရင်းသားတို့၏ နှလုံးသားထဲတွင် ကမ္ပည်းတင်ထားရမည့် နေ့ထူးနေ့မြတ်ဖြစ် ပေသည်။ ချင်းအမျိုးသားနေ့ ရနံ့သင်းပျံ့နေသမျှ ချင်းတိုင်း ရင်းသားတို့၏ ရနံ့လည်း ထာဝရတည်တံ့နေမည်ဖြစ်သည်။ ချင်းတိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်မှုသည် မိသားစု စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ တစ်နည်း ပြည်ထောင်စုစိတ် ဓာတ်ပင် ဖြစ်ပေသည်။ သို့ဖြစ်၍ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ကျရောက်မည့် (၇၁)နှစ်မြောက် ချင်းအမျိုး သားနေ့ကို တိုင်းရင်းသားချစ်ကြည်ရေးစိတ်ဓာတ်ဖြင့် တိုက်တွန်း ဆန္ဒပြုလျက် ဤဆောင်းပါးဖြင့် ကြိုဆိုဂုဏ်ပြု အပ်ပါသည်။ ။

ဦးဖုန်းကျော်မြင့်

ဒါရိုက်တာ ဦးမောင်မောင်မြင့် (သုခမ)

ဒုတိယရဲမှူး
ကျော်ဆန်းဦး

ဒေါ်ဆွေဇင်ထိုက်(ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ စီမံခန့်ခွဲရေးအဖွဲ့ဝင်)

ဒေါ်မြင့်မြင့်စိုး
(ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)

✤ *ကျော်ဖုံးမှ*

ရုပ်ရှင်ရိုက်ကူးရေးနေရာသို့ လာရောက်လေ့လာသည့် ဝါရင့်သရုပ်ဆောင်၊ ဒါရိုက်တာ ဦးမောင်မောင်မြင့် (သုခမ) က "ရှေ့ဘရားသားဆိုတာ အင်္ဂလိပ်လက်ထက်ကတည်းက ဘားလမ်းထောင့်က အခန်းကျဉ်းကျဉ်းလေးမှာ အလုပ်လုပ်ခဲ့တဲ့ ရုပ်ရှင်ကုမ္ပဏီပါ။ ပြောရရင် သူတို့လည်း မြန်မာပြည်ကို အလွမ်းပြေလာတာပေါ့၊ သူတို့ကိုမြင်တော့ ကျွန်တော်လည်း ဟိုအရင် ရုပ်ရှင်ခေတ်ကို လွမ်းမိတယ်။ စက်ကိရိယာတွေခေတ်မမီပေမယ့် ဇာတ်ကားကောင်းတွေ ရိုက်နိုင်ခဲ့တယ်။ အခုလည်း လုပ်နိုင်တဲ့ ပညာရှင်တွေရှိပါတယ်။

သူ့တာဝန်နဲ့သူ ကြိုးစားပမ်းစားအလုပ်လုပ်

"သူတို့ ဒီလို ရုပ်ရှင်လာရိုက်တာ ကျွန်တော်တို့ တိုင်းပြည်အတွက်ရော ပြည်သူတွေအတွက်ပါ အကျိုးရှိတယ်။ ဥပမာပြောရရင် သူတို့ဝင်လာတယ်ဆိုတာနဲ့ အကောက်ခွန်ဝင်ငွေ၊ တည်းခိုခတွေ ဒါတွေရမယ်။ နောက်တစ်ခုက လုပ်ငန်းကြိုးစားမှုအရ၊ စိတ်ဓာတ်အရ သူတို့ရဲ့လုပ်ငန်းအပေါ် သူတို့စိတ်ဝင်စားမှု ဘယ်လောက်ရှိတယ်ဆိုတာ ကြည့်တာနဲ့ သိနိုင်တယ်၊ အစမ်းလေ့ကျင့်တာတောင် တကယ်ရိုက်နေတဲ့အတိုင်း အပင်ပန်းခံတယ်၊ ငွေကုန်ကြေးကျ အများကြီးခံတယ်။ ဒါရိုက်တာကအစ သူ့တာဝန်နဲ့သူ ကြိုးစားပမ်းစားအလုပ်လုပ်ကြတယ်။ အတုယူဖို့ကောင်းပါတယ်"ဟု ပြောသည်။

ယနေ့ အစမ်းလေ့ကျင့်ရိုက်ကူးနေစဉ်အတွင်း အနော်ရထာလမ်းမှ City Star ဟိုတယ်အထိ နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ ခေတ္တပိတ်ထားပြီး ယာဉ်များ လမ်းလွှဲမှသွားလာနိုင်ရန်အတွက် မြန်မာနိုင်ငံယာဉ်ထိန်းရဲတပ်ဖွဲ့၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် တာဝန်ရှိသူများကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြသည်။

ကားသွားမရအောင် လမ်းပိတ်တာမဟုတ်

မြန်မာနိုင်ငံ ယာဉ်ထိန်းရဲတပ်ဖွဲ့ ကျောက်တံတားမြို့နယ် တပ်ဖွဲ့စုမှူး ဒုတိယရဲမှူး ကျော်ဆန်းဦးက " City Star Hotel ထိပ်ကနေပြီးတော့မှ မဟာဗန္ဓုလပန်းခြံလမ်းကနေ ဝင်လာတဲ့ ကားတွေကို လမ်းလွှဲပေးနေပါတယ်။ ယာဉ်ထိန်းရဲအဖွဲ့ ရှစ်ဦးနဲ့ တာဝန်ထမ်းဆောင်နေပါတယ်။ လမ်းပိတ်တယ်ဆိုတာ ကားတွေသွားလို့မရအောင် ပိတ်ထားတာ မဟုတ်ပါဘူး။ လမ်းကသွားလို့ရပါတယ်။ မဟာဗန္ဓုလလမ်းကတော့ ခေတ္တပိတ်ထားတဲ့သဘောပါ။ အချိန်ပိုင်းပါပဲ။ လမ်းလွှဲပြီး ဆောင်ရွက်ပေးနေပါတယ်။ ရိုက်ကူးရေးနေရာတော့ ကားဖြတ်လို့ မရဘူးပေါ့ဗျာ" ဟု ပြောသည်။

နိုင်ငံတကာမှာ လမ်းပိတ်ပြီးရိုက်ပေးတာရှိ

ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ စီမံခန့်ခွဲရေးအဖွဲ့ဝင် ဒေါ်ဆွေဇင်ထိုက်က " Line Walker က အရင်တုန်းက ဘရာဇီးမှာ ရိုက်ဖူးပါတယ်။ ဘရာဇီးမှာလည်း ဒီလိုပဲ လမ်းပိတ်ပေးရပါတယ်။ နိုင်ငံတကာမှာဆို အမေရိကန်နိုင်ငံမှာပဲဖြစ်ဖြစ်၊ လန်ဒန်မှာပဲဖြစ်ဖြစ်၊ ပဲရစ်မှာပဲဖြစ်ဖြစ် သူတို့ရဲ့ရိုက်ကွင်း ရိုက်ကွက်များကို ကမ္ဘာ့ဈေးကွက်ထဲ ပါသွားမယ်ဆိုရင် ဒီလိုလမ်းပိတ်ပေးပြီး ရိုက်တာရှိပါတယ်။ လမ်းပိတ်တဲ့အခါမှာလည်း အကုန်လုံးသွားလို့မရအောင် ပိတ်လိုက်တာမဟုတ်ပါဘူး။ လမ်းပိတ်ခြင်းဆိုတာရဲ့နောက်မှာ လမ်းလွှဲရှိတယ်ဆိုတာ သိဖို့လိုပါတယ်" ဟု ပြောသည်။

အက်ရှင်ဇာတ်ဝင်ခန်းအချို့ အစမ်းလေ့ကျင့်

ယနေ့ ရုပ်ရှင်ရိုက်ကူးရေး အစမ်းလေ့ကျင့်နေမှုနှင့်စပ်လျဉ်းပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်အဆင့်မြှင့်တင်ရေး ဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဟန်လင်းအောင်က "ဒီနေ့ မဟာဗန္ဓုလပန်းခြံလမ်းမှာ မင်းသား အက်ရှင်ဇာတ်ဝင်ခန်းအချို့အစမ်းလေ့ကျင့်တာပါ။ ကရိန်းကားနှစ်စီးနဲ့ ငှားပြီးတော့ အပေါ်ကနေ ခုန်ဆင်းတဲ့ အက်ရှင် ဇာတ်ဝင်ခန်းကို ရိုက်ဖို့ပါ။ နောက်ထပ် ဇာတ်ဝင်ခန်းတွေရိုက်ဖို့ YMCA မှာ ကြိုတင်ပြင်ဆင်မှုတွေလည်း လုပ်နေပါတယ်။ တကယ့်ရုပ်ရှင်က ၂၁ ရက်နေ့မှ ရိုက်မှာပါ" ဟု ပြောသည်။

ရန်ကုန်မြို့တွင် ရိုက်ကူးမည့် Line Walker-2 ဇာတ်ကားကို ဟောင်ကောင်နှင့် နိုင်ငံတကာ ရုပ်ရှင်ဇာတ်လမ်းများ ရိုက်ကူးလေ့ရှိသည့် ပုံစံအတိုင်း သေနတ်အစစ်များ၊ လက်နက်ကြီးများ ပစ်ခတ်ခြင်း၊ ဖောက်ခွဲခြင်း၊ ကားများအချင်းချင်းပွတ်တိုက်ခြင်း၊ ရဟတ်ယာဉ်များသုံးစွဲပြီး ပစ်ခတ်ခြင်း၊ ရဲကားများ၊ အထူးရဲတပ်ဖွဲ့ဝင်ကားများ အသုံးပြုပြီး နိုင်ငံတကာအဆင့်မီ အက်ရှင်ဇာတ်ကားကောင်း တစ်ကားအဖြစ် ရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီလို ရုပ်ရှင်လာရိုက်တာ ကျွန်တော်တို့တိုင်းပြည်အတွက်ရော ပြည်သူတွေအတွက်ပါ အကျိုးရှိတယ်။ ဥပမာပြောရရင် သူတို့ ဝင်လာတယ်ဆိုတာနဲ့ အကောက်ခွန်ဝင်ငွေ၊ တည်းခိုခတွေ ဒါတွေရမယ်။ နောက်တစ်ခုက လုပ်ငန်းကြိုးစားမှုအရ၊ စိတ်ဓာတ်အရ သူတို့ရဲ့ လုပ်ငန်းအပေါ် သူတို့စိတ်ဝင်စားမှု ဘယ်လောက်ရှိတယ်ဆိုတာ ကြည့်တာနဲ့ သိနိုင်တယ်၊ အစမ်းလေ့ကျင့်တာတောင် တကယ်ရိုက်နေတဲ့အတိုင်း အပင်ပန်းခံတယ်"

ဒါရိုက်တာ ဦးမောင်မောင်မြင့် (သုခမ)

ကိုယ့်ဒေသကို ပါအောင် ရိုက်သွားတာ ကျေနပ်ရမှာပါ

ရိုက်ကွင်းသို့ လာရောက်ကြည့်ရှုသည့် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြင့်မြင့်စိုးက "ကိုယ့်နိုင်ငံမှာ ဒါမျိုး လာရိုက်တယ်ဆိုတာ အများကြီး ဂုဏ်ယူဖို့ကောင်းပါတယ်။ ကမ္ဘာမှာ ထိုးဖောက်ဖို့တော်တော်ခက်ခဲနေတဲ့အချိန်၊ မဖြစ်နိုင်သေးတဲ့ အခြေအနေမှာ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးတွေရဲ့နေရာဒေသကို ပါအောင်ရိုက်သွားတယ်ဆိုတာ ကျွန်မတို့အနေနဲ့ ကျေနပ်ရမှာပါ"ဟု ပြောသည်။

ရုပ်ရှင်ဇာတ်ကား၏ ဇာတ်ဝင်ခန်း တစ်ခန်း အစမ်းလေ့ကျင့်မှုကို ယနေ့ နံနက် ၁၀ နာရီမှ ညနေ ၃နာရီခွဲအထိ ပြုလုပ်ခဲ့ရာ အဆိုပါ ရုပ်ရှင်ဇာတ်ဝင်ခန်း အစမ်းလေ့ကျင့်ရာနေရာသို့ ရုပ်ရှင်ချစ်ပရိသတ်များ၊ စိတ်ဝင်စားသူများ လာရောက်လေ့လာ ကြည့်ရှုခဲ့ကြသည်။

သီသီမင်း၊ မင်းသစ်

ကရိန်းကားများ အသုံးပြု၍ Line Walker-2 ဇာတ်ကား မင်းသား၏ အက်ရှင်ဇာတ်ဝင်ခန်း အစမ်းလေ့ကျင့်မှုကို တွေ့ရစဉ်။

သထုံမြို့နယ် မရမ်းကုန်းကျေးရွာအုပ်စုတွင် ပေါ်ထွန်းလာသည့် သောင်နုမြေများကို သက်ဆိုင်ရာက လယ်/ယာမဲ့ တောင်သူများအား စနစ်တကျမဲနှိုက်ခြင်းဖြင့် ခွဲဝေပေး

သထုံ ဖေဖော်ဝါရီ ၁၇

မွန်ပြည်နယ် သထုံမြို့နယ် မရမ်းကုန်းကျေးရွာအုပ်စု မရမ်းကုန်းကျေးရွာ မရမ်းကုန်းကျောင်းတိုက်၌ ဖေဖော်ဝါရီ ၁၆ ရက် နံနက်ပိုင်းတွင် သဘာဝအတိုင်း ပေါ်ထွန်းလာသည့် သောင်နုမြေများအား ခွဲဝေပေးခြင်းကို လယ်ယာမြေမဲ့သူ ဒေသခံများအား စိစစ်၍ မဲနှိုက်စနစ်ဖြင့် နှစ်ရက်ကြာ ခွဲဝေပေးခဲ့ကြောင်း သိရသည်။

မဲနှိုက်ရာသို့ ပြည်နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မာမာခိုင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်လင်းထွဋ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်သူနှင့် NLD မြို့နယ်အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ သထုံမြို့နယ် အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်း၊ သက်ဆိုင်ရာ ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါပြီး ကြီးကြပ်၍ ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကျေးရွာတွင် ပေါ်ထွန်းလာသော သောင်နုမြေမှာ လက်ရှိ စိုက်ပျိုးရရှိနိုင်မည့် ဧက ၉၀၀ ခန့်ကို အိမ်ထောင်စု တစ်စုလျှင် နှစ်ဧကနှုန်းဖြင့် ပေါက်မဲ ၄၅၀ ကို လယ်/ယာမဲ့သူ ဒေသခံပြည်သူ ၈၂၀ က မဲနှိုက်ရမည်ဖြစ်သည်။ မဲနှိုက်ရာသို့ ၄၃၈ ဦးသာ တက်ရောက်မဲနှိုက်ခဲ့ကြောင်း သိရသည်။

"မရမ်းကုန်းကျေးရွာမှာ ပေါ်ထွန်းလာတဲ့ သောင်နုမြေများကို စနစ်တကျဖြစ်စေဖို့အတွက် အမှန်တကယ် ဒီကျေးရွာမှာနေထိုင်ပြီး လယ်ယာမြေမဲ့သူများကို သေသေချာချာစိစစ်ပြီး တစ်ဦးချင်း မဲနှိုက်ခွဲဝေပေးခြင်းကို မြို့နယ်အုပ်ချုပ်ရေးမှူး အပါအဝင် ဌာနဆိုင်ရာဝန်ထမ်းများနဲ့အတူ ကျွန်မတို့ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်နှစ်ဦး၊ မြို့နယ် NLD၊ တောင်သူလယ်သမားကော်မတီအဖွဲ့တို့က ဝန်းရံပြီး တစ်နေကုန်ဆောင်ရွက်ပေးခဲ့ပါတယ်။ ခွဲဝေမှုလုပ်ငန်း မပြီးပြတ်သေးတဲ့အတွက် ဒီနေ့ ဆက်လက်ဆောင်ရွက်ပေးသွားမယ်"ဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မာမာခိုင်က ဆိုသည်။

မွန်ပြည်နယ် သထုံမြို့နယ်အတွင်း ပေါ်ထွန်းလာသော သောင်နုမြေများကို ယခင်နှစ်များကတည်းက အဖွဲ့အစည်း အသီးသီးက နာမည်ခံ၍ ဝင်ရောက်လုပ်ကိုင်ကြပြီး ပိုင်ဆိုင်မှု၊ အငြင်းပွားမှုများကြောင့် ဒေသခံများနှင့် အငြင်းပွားဖွယ် ပြဿနာများ ဖြစ်ပေါ်ခဲ့သည့်အတွက် ဒေသအာဏာပိုင်များက အကြိမ်ကြိမ်တားမြစ်ခဲ့ရကြောင်း၊ ထို့ကြောင့် စုပေါင်းလယ်ယာမြေအဖြစ် ချမှတ်ဆောင်ရွက်ပေးရန် ပြည်နယ်မှ ခရိုင်သို့ စိစစ်ဆောင်ရွက်ပေးရန် ညွှန်ကြားထားကြောင်း၊ ယမန်နှစ် အောက်တိုဘာ ၉ ရက်က ကျင်းပသော မရမ်းကုန်းကျေးရွာ ပြည်သူလူထုတွေ့ဆုံပွဲ၌ မွန်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး ဦးထွန်းဌေးက ပြောကြားခဲ့ပြီးနောက် ယခုကဲ့သို့ မြေယာစီမံခန့်ခွဲမှု ၂၀၁၂ လယ်ယာမြေဥပဒေအရ စိစစ်ပြီး ဒေသခံ လယ်ယာမြေမဲ့များကို ခွဲဝေပေးရန် စီမံဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ခွန်(ဝင်းပ)**

ရွှေနန်းသွင်းစေတီတော်တွင် ထမနဲပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပမည်



နေပြည်တော် ဖေဖော်ဝါရီ ၁၇

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ရာဇဌာနီလမ်း လက်လုပ်တောင်တောရတွင် တည်ထားကိုးကွယ်တော်မူသည့် ရှေးဟောင်းသမိုင်းဝင် ရွှေနန်းသွင်းစေတီတော်မြတ်ကြီး **(ယာပုံ)** ၌ တစ်နှစ်လျှင် နှစ်ကြိမ် ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင် ဆရာတော်ကြီး၏ သြဝါဒနှင့်အညီ ဆရာတော်ကြီး၏ မွေးနေ့တွင် တရားဖြင့် ကျေးဇူးဆပ်ခြင်းအစီအစဉ်အဖြစ် ၁၅ ရက် ဝိပဿနာအလုပ်ပေးတရားစခန်းနှင့် (တပို့တွဲလဆန်း ၁ ရက်မှ လပြည့်နေ့အထိ) ၁၅ ရက် ဝိပဿနာအလုပ်ပေးတရားစခန်းများကို ဗောဓိရိပ်ငြိမ်တောရဆရာတော်က ဖွင့်လျက်ရှိသည်။ ယခုဖွင့်လှစ်ဆဲ ဖေဖော်ဝါရီ ၅ ရက်မှ ၁၉ ရက်အထိ ၁၅ ရက် အလုပ်ပေးတရားစခန်းသည် (၂၃) ကြိမ်မြောက် ရှိပြီဖြစ်ပြီး နိုင်ငံ့ဝန်ထမ်း အရာထမ်း၊ အမှုထမ်းများနှင့် ဒါယိကာ ဒါယိကာမများအတွက် အချိန်ပိုင်းတရားစခန်းများကိုလည်း အခါအားလျော်စွာ ဖွင့်လှစ်ပေးလျက်ရှိကြောင်း သိရသည်။

ဖေဖော်ဝါရီ ၁၉ ရက်တွင် တရားစခန်းပိတ်သိမ်းပွဲ၌ ပင့်သံဃာတော် ၆၄ ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူခြင်းနှင့် (၂၄)ကြိမ်မြောက် ထမနဲထိုးပွဲကို ကျင်းပမည့်အပြင် ရွှေနန်းသွင်းစေတီတော်ကိုလည်း ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်း မင်္ဂလာကို နံနက် ၅ နာရီ ၁၅ မိနစ်၌ လည်းကောင်း၊ ဆီမီး ၁၀၀၀ ပူဇော်ခြင်းနှင့် ခင်ပွန်းကြီး ၁၀ ပါး တောင်းပန်ကန်တော့ခြင်းကို ည ၇ နာရီတွင် လည်းကောင်း ပြုလုပ်မည်ဖြစ်သဖြင့် မည်သူမဆို ပါဝင်ကုသိုလ်ယူနိုင်ကြောင်း သိရသည်။

မြန်မာ့အလင်း

ထပ်ပူခမ်းစေတီတော်မြတ် ရတနာစိန်ဖူးတော်၊ ရွှေငှက်မြတ်နားတော်၊ ရွှေထီးတော်တင်လှူခြင်းအခမ်းအနား ကျင်းပ

မိုင်းယု ဖေဖော်ဝါရီ ၁၇

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယုမြို့၏ သမိုင်းဝင်အထင်ကရ နေရာတစ်ခုဖြစ်သည့် ဝမ်တာကြန့်ကျေးရွာ အုပ်စု ဝမ်တာကြန့်ကျေးရွာအနီး ထေရဝါဒ ဗုဒ္ဓသာသနာပြု(ဟိုခို)ကျောင်းတွင် တည်ရှိသော ထပ်ပူခမ်း(ခ)ရွှေဂဏန်းစေတီတော်မြတ်ကြီး အသစ်ပြန်လည်မွမ်းမံတည်ထားကာ စုံလင်စွာပြီးစီး၍ ဌာပနာထည့်သွင်းခြင်း၊ ရတနာစိန်ဖူးတော်၊ ရွှေထီးတော်၊ ရွှေငှက်မြတ်နားတော်တင် မင်္ဂလာနှင့် ရေစက်ချမင်္ဂလာ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါကျောင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ မိုင်းယောင်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးညီညီဝင်းနှင့် မိုင်းယောင်း-မိုင်းယုဌာနဆိုင်ရာအကြီးအကဲများနှင့် ဥပါသကာများက စေတီတော်တွင် လှူဒါန်းပူဇော်မည့် ရတနာစိန်ဖူးတော်၊ ရွှေထီးတော်၊ ရွှေငှက်မြတ်နားတော်တို့ကို ပင့်ဆောင်ကာ စေတီတော်ပရိဝုဏ်အတွင်း လက်ယာရစ်လှည့်လည်ပူဇော်ကြပြီး ပန်းရထားဖြင့် တင်ဆောင်၍ ဆရာတော်အရှင်သူမြတ်များထံ ဆက်ကပ်ခြင်း၊ ဆရာတော်များက ရတနာစိန်ဖူးတော်၊ ရွှေထီးတော်၊ ရွှေငှက်မြတ်နားတော်တို့အား ပရိတ်တရားတော်များရွတ်ဖတ်၍ စေတီတော်ထက်၌ တည်ထားကိုးကွယ်ပူဇော်သည်။

ထို့နောက် သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူပြီး ဥပါသကာများက လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကာ လှူဒါန်းမှုအစုစုတို့အတွက် စုပေါင်းရေစက်သွန်းချ အမျှပေးသည်။

ပွဲတော်တွင် မိုင်းယောင်း-မိုင်းယု ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ၊ အနယ်နယ်အရပ်ရပ်မှ အလှူရှင်ပြည်သူများ၊ ပွဲလည်ပတ်သူများ၊ ဈေးသည်များဖြင့် အထူးစည်ကားလျက်ရှိကြောင်းနှင့် အဆိုပါပွဲတော်အား ဖေဖော်ဝါရီ ၉ ရက်မှ ၁၇ ရက်ထိ ကိုးရက်တိုင်တိုင် ကျင်းပခဲ့ကြောင်း သိရသည်။ **ကိုကိုနိုင်(ပြန်/ဆက်)**

ဝိမုတ္တိသုခလောကချမ်းသာ အောင်တော်မူစေတီတော် ထီးတော်တင်လှူပူဇော်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံအရှေ့မြို့နယ်အမှတ်(၇)ရပ်ကွက် ကောလင်းလမ်းနှင့် ဟားခါးလမ်းထောင့်ရှိ သီရိဇေယျာကန်တော်မင်္ဂလာကြီး၏ ကန်ပေါင်အင်္ဂါထောင့်၌ တည်ထားကိုးကွယ်လျက်ရှိသော ဝိမုတ္တိသုခလောကချမ်းသာစေတီတော်မြတ်ကြီး ရွှေထီးတော်တင်လှူပူဇော်ပွဲကို ယမန်နေ့က စတင်ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ စေတီတော်တည်ထားကိုးကွယ်ရေး ကော်မတီသြဝါဒါစရိယ ဘီးလင်းဆရာတော် ဘဒ္ဒန္တကေသလ္လထံမှ ငါးပါးသီလခံယူဆောက်တည်ကြကာ ရွှေထီးတော်ကို တင်လှူပူဇော်ကာ ဗုဒ္ဓါဘိသေက အနေကဇာတင်သည်။ ထို့နောက် ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို ဒဂုံအရှေ့မြို့နယ် အုပ်ချုပ်ရေးမှူးနှင့် အမှတ်(၇)ရပ်ကွက် အုပ်ချုပ်ရေးမှူးတို့က စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကြောင်း သိရသည်။ **ရွှေတိုင်လွင်**

ဝဏ္ဏသိဒ္ဓိရပ်ကွက်တွင် ရိုးရာထမနဲထိုးပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၇

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက် သာသနာ့ရက္ခိတမဏ္ဍာရုံ အကျိုးတော်ဆောင်အဖွဲ့က ဦးဆောင်ကျင်းပသည့် တတိယအကြိမ်မြောက် တပို့တွဲလပြည့်နေ့အကြို မြန်မာ့ရိုးရာထမနဲထိုးပွဲနှင့် မြန်မာ့ရိုးရာခြင်းအလှခတ်ပွဲကို ယနေ့ ညနေပိုင်းက အဆိုပါမဏ္ဍာရုံရှေ့၌ ကျင်းပသည်။

မြန်မာ့ရိုးရာ ထမနဲထိုးပွဲတွင် ထမနဲများကို ကျွေးမွေးလှူဒါန်းကြပြီးနောက် မြန်မာ့ရိုးရာခြင်းအလှခတ်ပွဲစဉ်များကို ဆက်လက်ကျင်းပရာ ဝဏ္ဏသိဒ္ဓိရပ်ကွက် လူငယ်ခြင်းဝါသနာရှင်အဖွဲ့၊ ကိုသန့်ဇော် (Fans Group)၊ ကိုစည်သူ (သပြေကုန်း၊ မြန်မာ့ရိုးရာခြင်းအဖွဲ့)၊ P.K (ပျဉ်းမနား၊ မြန်မာ့ရိုးရာခြင်းအဖွဲ့)၊ လယ်ဝေးမြို့ (မြန်မာ့ရိုးရာခြင်းအဖွဲ့)၊ ဇေယျာစိုး (ခြင်းသရဲ-ပဲခူးတိုင်း၊ ကျောင်းသားလက်ရွေးစင်)၊ နေလင်းထွန်း (မျောက်ခြောက်ကောင်အသင်းခေါင်းဆောင်၊ ရန်ကုန်တိုင်းလက်ရွေးစင်)၊ ကျန်ကျောင်း(ရန်ကုန်တိုင်းလက်ရွေးစင်)၊ ဇဝနမောင်(ရန်ကုန်တိုင်းလက်ရွေးစင်)နှင့် စုတွယ်တာ(အာရှ-ရွှေတံဆိပ်ဆုရှင်)တို့က ည့ပရိသတ်များအား ည ၁၁ နာရီထိ အလှပြခတ်ကစားကာ တင်ဆက်ဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

ကိုပေါက်(ဥက္ကာမြေ)

စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုးရှိ သာသနာ့ဟိတကာရီကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တ စန္ဒိမာဝရ တေဇစက္ကီ မြင်းမူဆရာတော်၏ သက်တော် ၈၅ နှစ် အကြို ဝိဇာတမွေးနေ့မင်္ဂလာ အဖြစ် သံဃာတော်အပါး ၁၀၀၀ တို့အား အရုဏ်ဆွမ်းလောင်းလှူပွဲကို ယနေ့ နံနက် ၄ နာရီက အဆိုပါ ကျောင်းတိုက်အတွင်း ကျင်းပစဉ်။

ဇော်မြင့်နိုင်

မစိုးရိမ်ပရိယတ္တိစာသင်တိုက်တွင် စာအောင်သံဃာဆုနှင်းသဘင်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၇

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်လုံးဆိုင်ရာ သာသနာ့ဥပထ္ထမ္ဘကအဖွဲ့ကြီးမှ ကြီးမှူးကျင်းပသော စာအောင်သံဃာတော်ဆုနှင်းသဘင်နှင့် မဟာသံဃဒါန ဆွမ်းဆန်စိမ်းလောင်းလှူပွဲကြီးကို ဖေဖော်ဝါရီ ၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ဇမ္ဗူသီရိမြို့နယ် သပြေကုန်းရပ်ကွက် ပျဉ်းမနား-တောင်ညိုလမ်းမဘေးကြီးရှိ မစိုးရိမ်ပရိယတ္တိစာသင်တိုက်တွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါဆွမ်းဆန်စိမ်း လောင်းလှူပွဲသို့ မည်သို့မဆို လာရောက်ကြည်ညိုနိုင်ရန်နှင့် မဟာသံဃဒါနဆွမ်းဆန်စိမ်းလောင်းလှူနိုင်ကြောင်း ဥပထ္ထမ္ဘကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးနိုင်ဝင်းသန်းထံမှ သိရသည်။ **မင်းမင်းလတ်(ရှုပဗေဒ)**

ကျိုင်းတုံ၌ (၁၈)ကြိမ်မြောက် လီဆူတိုင်းရင်းသားများ နှစ်သစ်ကူးပွဲတော်ကျင်းပ

ကျိုင်းတုံ ဖေဖော်ဝါရီ ၁၇

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့ (၁၈)ကြိမ်မြောက် "လီဆူ" တိုင်းရင်းသားလူမျိုးများနှစ်သစ်ကူး(ခေါ့ရှိ)ပွဲတော်ကို ကျိုင်းတုံမြို့ ယူနန်ဆိုက်ရှိန် တရုတ်ဘုံကျောင်း၌ ဖေဖော်ဝါရီ ၁၇ ရက်က ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ လီဆူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဦးဂူဆာ၊ အာခါတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးအာဗေလှ၊ လားဟူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးယောသပ်နှင့် တြိဂံဒေသတိုင်းစစ်ဌာနချုပ်မှ စစ်ဘက်ဆိုင်ရာများ၊ ပြည်နယ်ဒုတိယအထွေထွေအုပ်ချုပ်ရေးမှူး ဦးရဲနိုင်နှင့် ဌာနဆိုင်ရာများ၊ တိုင်းရင်းသားပေါင်းစုံတာဝန်ခံများ၊ ဖိတ်ကြားထားသော ရပ်နီးရပ်ဝေးဧည့်သည်တော်များ တက်ရောက်၍ စည်ကားစွာ ကျင်းပသည်။

ရှေးဦးစွာ လီဆူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဂူဆာ၊ အာခါတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးအာဗေလှ၊ လားဟူ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးယောသပ်တို့က နှစ်သစ်အားကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကြသည်။ ယင်းနောက် အလှူငွေနှင့် ဂုဏ်ပြုလက်ဆောင်များကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နှစ်သစ်ကူးနေ့လယ်စာ မိတ်ဆုံစားပွဲသုံးဆောင်နေစဉ် ရိုးရာသီချင်းများ၊ ရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်ကြကြောင်း သိရသည်။ **(ယာပုံ)**

ခရိုင်(ပြန်/ဆက်)

ရန်ကုန်မြို့၌ သတင်းမီဒီယာဥပဒေ ပြင်ဆင်ရေးဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီမှ ကြီးမှူးကျင်းပသော သတင်းမီဒီယာ ဥပဒေပြင်ဆင်ရေးဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ဖိုးစိန်လမ်းရှိ Green Hill Hotel ၌ ကျင်းပသည်။ (ယာပုံ)

အခမ်းအနားတွင် သတင်းမီဒီယာ ဥပဒေပြင်ဆင်ရေး သဘာပတိ သတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ(၁) ဒေါက်တာမျိုးသန့်တင်က အမှာစကား ပြောကြားပြီး သတင်းမီဒီယာဥပဒေ စတင်ပြင်ဆင်ခဲ့မှုများကို အကျဉ်းချုပ် ရှင်းလင်းတင်ပြကာ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းကြိုင် (ဟံသာဝတီ-ဦးအုန်းကြိုင်) က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီမှ သတင်းမီဒီယာဥပဒေ မူကြမ်းကို အခန်းလိုက် အစီစဉ်တကျ တစ်ချက်ချင်းစီ ဆွေးနွေးကြကြောင်း သိရသည်။

"ဒီသတင်းမီဒီယာ ဥပဒေပြင်ဆင်ရေး ဆွေးနွေးပွဲမှာ ပြောကြမယ့်အချက်တွေ၊ ထည့်သွင်းပြင်ဆင်လိုတဲ့ အချက်တွေက များမှာပါ။ ဒါကို အကြံပြုချက်တွေ ရယူပါမယ်။ စိစစ်သုံးသပ်မယ်။ အဆင့်ဆင့် ဆောင်ရွက်ပြီး တစ်နှစ်ကျော် နှစ်နှစ်တာ ကာလအတွင်းမှာ ဥပဒေပြဋ္ဌာန်းနိုင်လိမ့်မယ်လို့ ယုံကြည်တယ်။ ယနေ့ မီဒီယာတွေရဲ့ အခန်းကဏ္ဍဟာ တိုင်းပြည်ရဲ့ ပြုပြင်ပြောင်းလဲရေး ကာလတွေမှာ အရှုပ်ထွေးဆုံးအခြေအနေ ဖြစ်ပါတယ်။ ဖန်တီးတဲ့သတင်းတွေ၊ နှိုးဆွတဲ့သတင်းတွေ၊ ဖွသတင်းတွေ၊ မလိုတမာ မုန်းတီးတဲ့သတင်းအချို့ စတဲ့ စတဲ့ သတင်းမျိုးစုံကြုံနေရပါတယ်။ ကျွန်တော်တို့ မီဒီယာကောင်စီအနေနဲ့က ဥပဒေ အားနည်းချက်တွေကြောင့် ဖြေရှင်းဖို့ မလုံလောက်ပါဘူး။ ဒါကြောင့် သတင်းသမားတွေရဲ့ရပိုင်ခွင့်ကို တိတိကျကျ ဖော်ဆောင်နိုင်မယ့် ဥပဒေပေါ်ထွက်လာဖို့ ကြိုးစားနေကြရတာပါ"ဟု မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ ဦးအုန်းကြိုင် (ဟံသာဝတီ-ဦးအုန်းကြိုင်)က ပြောသည်။

ယခုအခါ သတင်းမီဒီယာ ဥပဒေမူကြမ်း ပြင်ဆင်ရေးကော်မတီ အနေဖြင့် ပြင်ဆင်ရန်အချက်များကို ဆွေးနွေးပွဲများပြုလုပ်ကာ ရယူထားပြီးဖြစ်သည်။ ယခုဆွေးနွေးပွဲသည် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၏ မူကြမ်းရေးဆွဲထားသော သတင်းမီဒီယာဥပဒေ အခန်း(၁)မှ အခန်း(၁၁)အထိ ဆွေးနွေးအကြံပြုရန်ဖြစ်သည်။ ယင်းအတွက် ယနေ့တွင် တက်ရောက်လာကြသော တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ သတင်းမီဒီယာသမားများ၊ သတင်းအဖွဲ့အစည်းများ၊ ဥပဒေပညာရှင်များက အခန်းလိုက်ဆွေးနွေးကြကြောင်း သိရသည်။

ထိုမှတစ်ဆင့် ရရှိလာသောအချက်အလက်များ၊ အကြံပြုချက်များကို စုစည်းကာ သတင်းမီဒီယာ ဥပဒေမူကြမ်းပြင်ဆင်ရေးကော်မတီအနေဖြင့် ပြင်ဆင်ရန်အချက်များကို နောက်ဆုံးအဆင့် ရွေးချယ်အတည်ပြုပြီး ပြန်ကြားရေးဝန်ကြီးဌာနကို တင်ပြကာ ပြည်ထောင်စုလွှတ်တော်သို့ အဆင့်ဆင့် တင်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၏ ပထမ သုံးနှစ်သက်တမ်းတွင်လည်း ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်တို့တွင် မီဒီယာသမားများနှင့်တွေ့ဆုံကာ သတင်းမီဒီယာဥပဒေပြင်ဆင်ရေး၏ အားသာချက် အားနည်းချက်များကို ဆွေးနွေးပြီး အကြံပြုချက်ရယူခဲ့ကြောင်း၊ ထို့ပြင် မဏ္ဍိုင်လေးရပ်တွေ့ဆုံပွဲများကို တိုင်းဒေသကြီးနှင့်ပြည်နယ်ခုနစ်ခုတွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီကို ၂၀၁၄ ခုနှစ် မေ ၃ ရက်တွင် သတင်းမီဒီယာ ဥပဒေ၊ နည်းဥပဒေ၊ သတင်းမီဒီယာကျင့်ဝတ်များကို အခြေခံကာ ဖွဲ့စည်းခဲ့သည်။ ယခုအခါတွင် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဒုတိယ သက်တမ်းသုံးနှစ်အတွက် ရွေးချယ်ဖွဲ့စည်းပြီးဖြစ်သည်။ ယင်းအပေါ် ဥပဒေ များကို လက်တွေ့ဆောင်ရွက်သည့်အခါ အားသာချက်များ၊ အားနည်းချက်များရှိနေသည့်အတွက် ၂၀၁၅ ခုနှစ် နောက်ပိုင်းတွင် သတင်းမီဒီယာဥပဒေ ပြင်ဆင်ရေးကို ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းကြိုင် (ဟံသာဝတီ-ဦးအုန်းကြိုင်)နှင့် ကောင်စီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ သတင်းမီဒီယာသမားများ၊ ဥပဒေပညာရှင်များနှင့် အခြားဆွေးနွေးဖက် သတင်းဌာနအဖွဲ့အစည်းများ တက်ရောက်ကြသည်။

သတင်း-မျိုးမင်းသိန်း(မရမ်းကုန်း)
ဓာတ်ပုံ-မျိုးကြီး

ပဲခူးတွင် ကျင်းပမည့် (၇၂) ကြိမ်မြောက် မွန်အမျိုးသားနေ့အတွက် မွန်ပြည်နယ်အစိုးရအဖွဲ့မှ ငွေကျပ်သိန်း ၅၀၀ ထောက်ပံ့

မော်လမြိုင် ဖေဖော်ဝါရီ ၁၇

ပဲခူးတိုင်းဒေသကြီးတွင် ကျင်းပမည့် (၇၂)ကြိမ်မြောက် မွန်အမျိုးသားနေ့ ပြည်နယ်အဆင့်(ဗဟို) အခမ်းအနားအတွက် မွန်ပြည်နယ်အစိုးရအဖွဲ့မှ ငွေကျပ်သိန်း ၅၀၀၊ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ငွေကျပ်သိန်း ၁၀၀နှင့် ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်မှ ငွေကျပ် ၃၅ သိန်း ထောက်ပံ့ပေးခဲ့ကြောင်း မွန်အမျိုးသားနေ့ကျင်းပရေးကော်မတီမှ သိရသည်။

"မွန်ပြည်နယ် အစိုးရအဖွဲ့က ထောက်ပံ့တဲ့ ငွေကျပ်သိန်း ၅၀၀ ကနေ မြို့နယ်အဆင့်အခမ်းအနား ၁၀ မြို့နယ်အတွက် တစ်မြို့နယ်ကို ၁၀ သိန်းစီ ပြန်ပေးတယ်။ဘီးလင်းက အခမ်းအနားသေးတဲ့အတွက် ငါးသိန်းပေးတယ်။ ပြည်တွင်းပြည်ပက အလှူရှင်တွေကလည်း စုပေါင်းထည့်ကြပါတယ်" ဟု ကျင်းပရေးကော်မတီဝင် နိုင်မွန်ရာဇာက ပြောသည်။

(၇၂) ကြိမ်မြောက် မွန်အမျိုးသားနေ့ ပြည်နယ်အဆင့်(ဗဟို) အခမ်းအနားကို ပဲခူးတိုင်းဒေသကြီး ရွှေမော်ဓော ဘုရားရင်ပြင်ရှေ့တွင် ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၀ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ထို့ပြင် မွန်အမျိုးသားနေ့အထိမ်းအမှတ်အဖြစ် မွန်စာပေပြိုင်ပွဲ၊ အဆို၊ အက၊ အတီး၊ ထမနဲထိုးပြိုင်ပွဲ၊ မွန်အလှယဉ်ကျေးမယ်ပြိုင်ပွဲများ၊ ဆောင်းပါး၊ ဝတ္ထုရှည်၊ ကဗျာ၊ ပုံပြင်၊ ရုပ်ပြောင်ကာတွန်းပြိုင်ပွဲများနှင့် ဖျော်ဖြေပွဲများအပြင် အားကစားပြိုင်ပွဲမျိုးစုံကိုလည်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ကိုဟိန်း(ပေါင်)

သတင်းနှင့်စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်း အသင်းဝင် အသက်(၈၀) နှင့်အထက် သက်ကြီးဝန်ထမ်းဟောင်းများအား ဂါရဝပြုပွဲနှင့် ဝန်ထမ်းဟောင်းများ မိတ်ဆုံတွေ့ဆုံပွဲကို လာမည့်မတ် ၂၄ ရက်တွင် ကျင်းပမည်ဖြစ်ရာ နောင်ချိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူးဒေါက်တာစစ်အောင်လတ်က အလှူငွေကျပ် တစ်သိန်းကို ဖေဖော်ဝါရီ ၁၆ ရက်က ပေးအပ်လှူဒါန်းရာ အသင်းတွဲဖက်အတွင်းရေးမှူး ဦးအေးသန်းက လက်ခံရယူစဉ်။

အေးသန်း(စိန်တုံးကြီး)

ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် ဖေဖော်ဝါရီ ၁၇- ထူးခြားသည့် ညအပူချိန်များမှာ သီပေါမြို့တွင် ၅ ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့နှင့် မိုင်းယန်းမြို့တို့တွင် ၇ ဒီဂရီစင်တီဂရိတ်စီနှင့် ဟဲဟိုးမြို့နှင့် ဟားခါးမြို့တို့တွင် ၈ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မြစ်ကြီးနားမြို့တွင် ၁ ဒသမ ၁၈ လက်မ၊ လောင်းလုံးမြို့တွင် ၀ ဒသမ ၆၇ လက်မ၊ မချမ်းဘောမြို့နှင့် မိုးကောင်းမြို့တို့တွင် ၀ ဒသမ ၅၉ လက်မစီ၊ ပူတာအိုမြို့နှင့် ဗန်းမော်မြို့တို့တွင် ၀ ဒသမ ၄၃ လက်မစီ၊ ကန့်ဘလူမြို့တွင် ၀ ဒသမ ၃၅ လက်မ၊ ထားဝယ်မြို့တွင် ၀ ဒသမ ၁၆ လက်မနှင့် မိုးညှင်းမြို့နှင့် မောင်တောမြို့တို့တွင် ၀ ဒသမ ၁၂ လက်စီတို့ ဖြစ်ကြသည်။

မိုး/ဇလ

ဝက်သက်ရောဂါအန္တရာယ်ကနေ
သင့်ကလေးကို
ကာကွယ်ထားပြီလား

- ရန်ကုန်တိုင်းဒေသကြီးက မြို့နယ် (၇) မြို့နယ်မှာ ဝက်သက်ရောဂါ ကူးစက်ပျံ့နှံ့နေပါတယ်။ ကာကွယ်ဆေး ထိုးမထားတဲ့ အသက် (၁၅)နှစ် အောက် ကလေးလူငယ်တွေမှာ အများဆုံး ဖြစ်ပွားနေပါတယ်။
- အသက်ရှူလမ်းကြောင်းကနေတဆင့် ကူးစက်ပြီး အလွန်ကူးစက်မြန်တဲ့ ရောဂါဖြစ်ပါတယ်။
- ဝက်သက်ရောဂါဖြစ်ရင် ဖျားတာ၊ နှာစေး/ချောင်းဆိုးတာ၊ မအီမသာဖြစ်တာနဲ့ မျက်စိနာတာမျိုးတွေ ဖြစ်နိုင်ပြီး (၂)ရက်ကနေ (၄)ရက်လောက်အတွင်း ခန္ဓာကိုယ်မှာ အနီစက်တွေ ထွက်လာပါတယ်။
- ဝက်သက်ရောဂါဖြစ်တဲ့သူ အယောက် (၁၀၀) မှာ (၃၀) လောက်က ပြင်းထန်တဲ့ နောက်ဆက်တွဲ ဆိုးကျိုးတွေဖြစ်တဲ့ ပြင်းထန်အဆုတ်ရောင်တာ၊ ဝမ်းလျှောပြီး ရေဓာတ် အလွန်အမင်း ဆုံးရှုံးတာနဲ့ နားအလယ်ခန်းရောင်တာတွေ ဖြစ်နိုင်ပါတယ်။
- ဝက်သက်ရောဂါဖြစ်တဲ့သူ အယောက် (၁၀၀) မှာ (၃)ယောက်ကနေ အယောက် (၃၀)လောက် အထိက သေဆုံးနိုင်ပါတယ်။

ကာကွယ်ဆေးထိုးထားခြင်း တစ်မျိုးတည်းကသာ
ဝက်သက်ရောဂါကို ကာကွယ်နိုင်ပါတယ်။
ဒါကြောင့် ကာကွယ်ဆေးထိုးပေးပြီး
သင့်ကလေးကို ဝက်သက်ရောဂါကနေ ကာကွယ်ထားပါ။

ကျပ် ၁၀၀၀ တန် ထီလက်မှတ်များ ဈေးနှုန်းပိုမိုရရန် နည်းလမ်းသစ်များ အသုံးပြု၍ ရောင်းချလာ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

၂၀၁၉ ဖေဖော်ဝါရီ ၁ ရက်မှစ၍ ကျပ် ၁၀၀၀ တန်ထီလက်မှတ်များ စတင်ရောင်းချလာရာ ဈေးနှုန်းပိုမိုရရန် နည်းလမ်းသစ်အချို့ အသုံးပြု၍ ရောင်းချလာနေသည်ကို ဖေဖော်ဝါရီလ ဒုတိယပတ်က စတင်မြင်တွေ့လာသည်ဟု လမ်းမတော်မြို့နယ်နေ ထီထိုးသူတစ်ဦးက ဆိုသည်။

မကြာမီကာလတွင်ရပ်ဆိုင်း

ယခုလအတွင်း စတင်ရောင်းချသော ကျပ် ၁၀၀၀ တန်ထီလက်မှတ်မှ အမြင့်ဆုံးထီဆုငွေ ကျပ်သိန်း ၁၅၀၀၀၊ ဆက်လက်ရောင်းချနေဆဲ ကျပ် ၅၀၀ တန်မှ ကျပ်သိန်း ၁၀၀၀၀ ပေါက်ရန် အခွင့်အလမ်းရှိသည်။ ကျပ် ၅၀၀ ထီရောင်းချခြင်းမှာ မကြာမီကာလတွင်ရပ်ဆိုင်းပြီး ကျပ် ၁၀၀၀ တန်ထီသာ ဆက်လက်ရောင်းချမည်ဟု သိရသည်။

ထီလက်မှတ်ဈေးနှုန်း ပိုမိုရောင်းချခြင်း မဖြစ်ပေါ်ရန်အတွက် သက်ဆိုင်ရာက အရေးယူပေးရန် ထီထိုးနေသူများက မျှော်လင့်နေကြသည်။

ပထမအကြိမ် ၁၀၀၀ တန် ထီလက်မှတ်များကို ထူးထူးခြားခြား လမ်းမတော်မြို့နယ်ရှိ ရောင်းအားကောင်းနာမည်ကြီး ထီဆိုင်အမည်တပ် ထီဆိုင်များတွင် ကျပ် ၁၀၀၀ဖြင့် လွတ်လပ်စွာ ဝယ်ယူနိုင်သည်ဆိုသော အသိပေးစာများ ချိတ်ဆွဲလာသည်ကို မြင်တွေ့ရသည်။

ကျပ်၅၀၀ တန် ထီလက်မှတ်ဈေးနှုန်း ကျပ် ၅၅၀ ဖြင့် ရောင်းချနေသော်လည်း ယင်းရောင်းချနေသည့်ဈေးနှုန်းကိုမူ အသိပေးထားခြင်း မရှိဟုသိရသည်။ ယခုအပတ်အတွင်း ကျပ်သိန်းပေါင်း ၂၅၀၀၀ ပေါက်နိုင်သည့် နှစ်ထပ်ကွမ်းသုံးထပ်ကွမ်းအခွင့်အလမ်းဟု ဖော်ပြကာ ကျပ် ၁၀၀၀ တန် ထီလက်မှတ် ၉ စောင် ကျပ် ၅၀၀ တန်ထီလက်မှတ် တစ်စောင်ပါ အတွဲတစ်တွဲလျှင် ၁၁၀၀၀ ဖြင့်ရောင်းချခြင်းများ မြင်တွေ့လာရသည်။ သတ်မှတ်ဈေးနှုန်းအရ ယင်းထီလက်မှတ် နှစ်မျိုးတန်ဖိုးသည် ကျပ် ၉၅၀၀ ရှိသော်လည်း ဈေးနှုန်း မြှင့်တင်ရောင်းချလာခြင်းဖြစ်သည်။ ထီထိုးသူများအား ဆွဲဆောင်ရောင်းချရာတွင် ထီပေါက်ရန်အခွင့်အလမ်းနည်းသော အမြင့်ဆုံးဆုမဲနှစ်မဲ၏ ငွေပမာဏကို ဖော်ပြအသုံးပြုလာခြင်းဖြစ်သည်။ ထီလက်မှတ်အရေအတွက်ပေါင်း သန်းချီရောင်းချရာမှ အမြင့်ဆုံးပေါက်မဲ တစ်မဲသာဖွင့်ပေးခြင်းဖြစ်သည်။

သတ်မှတ်ဈေးထက်ပိုမိုရောင်းချ

သို့ဖြစ်ရာ ထီလက်မှတ်နှစ်မျိုးစီမှ အမြင့်ဆုံးပေါက်မဲတစ်ဆုစီကိုပင်ရရှိရန် အခွင့်အလမ်းနည်းရသည့်အပြင် နှစ်မျိုးစလုံးမှဆိုလျှင် ပြိုင်တူ အမြင့်ဆုံးဆုမဲတစ်ဆုစီကို ရရှိရန် ပိုမိုအခွင့်အလမ်းနည်းသည်ဟု ဆိုနိုင်သည်။ ယင်းသို့သော အခြေအနေတွင် ထီထိုးသူများအား ကျပ်သိန်းပေါင်း ၂၅၀၀၀ ထီပေါက်ရန်ရှိနိုင်သည်ဟု အသိပေးစာတမ်း ထီဆိုင်မျက်နှာစာတွင် ထောင်ထားပြီး ထီလက်မှတ်ဈေးနှုန်းကိုလည်း သတ်မှတ်ဈေးထက်ပိုမိုရောင်းချနေခြင်းဖြစ်သည်။

အောင်ဘာလေထီ လုပ်ငန်းလုပ်ကိုင်နေသည့် နိုင်ငံတော်အနေဖြင့် ထီရောင်းရငွေ ၄၀ ရာခိုင်နှုန်းသာ အကျိုးအမြတ်ရယူပြီး ယင်းငွေများမှ ထီလက်မှတ်စာရွက် ရိုက်နှိပ်ကုန်ကျစရိတ် ထီရုံးဝန်ထမ်းလစာနှင့် ကုန်ကျငွေများ ကျခံသုံးစွဲနေရသည်။

သက်ကြီးရွယ်အိုပုဂ္ဂိုလ် တစ်ဦးမှာမူ လမ်းမတော်မြို့နယ်လမ်းများတွင် သတ်မှတ်ထီဈေးနှုန်းအတိုင်း အသိပေး လိုက်လံရောင်းချနေသည်ကို မကြာခဏ မြင်တွေ့ရသည်။ ထီဖွင့်သည့် ဆုမဲများစနစ်အရ ထီရောင်းချသူများ ဈေးနှုန်းပိုမိုရယူနိုင်သည့် အခွင့်အလမ်းများရနေဆဲဖြစ်ရာ ပထမအကြိမ်ကျပ် ၁၀၀၀ တန် ထီလက်မှတ်များ စတင်ရောင်းချလာသည့်လ၏ အစပိုင်းမှာပင် သတ်မှတ်ဈေးနှုန်းထက် ပိုမိုရယူသည့် နည်းလမ်းဖြင့် စတင်ဈေးတင် ရောင်းချလာခြင်းအပေါ် သက်ဆိုင်ရာမှ အရေးယူပေးစေလိုကြောင်း ထီဝါသနာရှင်များက ပြောသည်။

ခင်ဆိုင်

မွေးမြူရေးဆိုင်ရာပညာရပ်များအသင်း၏ ကွင်းဆင်းလေ့လာရေးအတွေ့အကြုံစာတမ်းဖတ်ပွဲ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၇

မွေးမြူရေးဆိုင်ရာ ကွင်းဆင်းလေ့လာရေး အတွေ့အကြုံ စာတမ်းဖတ်ပွဲကို ယနေ့ နံနက် ၈ နာရီခွဲက နေပြည်တော်၊ ရေဆင်းရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၌ ကျင်းပသည်။

အဆိုပါ စာတမ်းဖတ်ပွဲသို့ ယင်းတက္ကသိုလ်မှ ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာ မာမာဝင်း၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနမှူး (စီမံ)၊ ပါမောက္ခ/ဌာနမှူးနှင့် ဆရာ ဆရာမများ၊ ၂၀၁၈-၂၀၁၉ ပညာသင်နှစ် နောက်ဆုံးနှစ် BASc ကျောင်းသား ကျောင်းသူများနှင့် တတိယနှစ် BASc ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

စာတမ်းဖတ်ပွဲတွင် ပခုက္ကူမြို့နယ်အတွင်းရှိ အနောက်နံ့ဂါတ်ကျေးရွာ၊ အနောက်ချောက်ကန်ကျေးရွာ၊ လက်ပကန်ကျေးရွာ၊ အရှေ့ချောက်ကန်ကျေးရွာ၊ မန်ကျည်းကိုးပင်ကျေးရွာနှင့် မှိုက်ပင်ကုန်းကျေးရွာများတွင် လူမှုစီးပွားဘဝ အခြေခံအချက်အလက်များ ကောက်ယူခြင်း၊ မွေးမြူရေးဆိုင်ရာ အသိပညာဗဟုသုတများ ဟောပြောဆွေးနွေးခြင်း၊ ကျေးလက်နေ ပြည်သူများ၏ မွေးမြူရေးလုပ်ငန်းများ လေ့လာခြင်းစသည့်အတွေ့အကြုံများကို အဖွဲ့အလိုက် ဖတ်ကြားကြရာ အကောင်းဆုံးစာတမ်းရေးသားခြင်းနှင့် စာတမ်းဖတ်ကြားခြင်း ပထမဆုကို လက်ပကန်ကျေးရွာသို့ သွားရောက်ခဲ့သည့် အဖွဲ့(၃)က လည်းကောင်း၊ ဒုတိယဆုကို အရှေ့ချောက်ကန်သို့ သွားရောက်ခဲ့သည့် အဖွဲ့(၄)က လည်းကောင်း၊ တတိယဆုကို အနောက်နံ့ဂါတ်ကျေးရွာသို့ သွားရောက်ခဲ့သည့် အဖွဲ့(၁)က လည်းကောင်း အသီးသီးရရှိကြသည်။

ထို့နောက် ၂၀၁၇-၂၀၁၈ မွေးမြူရေးဆိုင်ရာ ပညာရပ်များအသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာစိုးစိုးဝေက ၂၀၁၈-၂၀၁၉ မွေးမြူရေးဆိုင်ရာ ပညာရပ်များ အသင်းဥက္ကဋ္ဌ တွဲဖက်ပါမောက္ခ ဒေါက်တာလှိုင်လှိုင်မြင့်ထံသို့ အသင်းအထိမ်းအမှတ်အလံကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်းနှင့် ယင်းစာတမ်းဖတ်ပွဲကို မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်ရှိ မွေးမြူရေးဆိုင်ရာ ပညာရပ်များအသင်းက ကြီးမှူးပြီး နှစ်စဉ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

အကောင်းဆုံးစာတမ်းရေးသားခြင်းနှင့် စာတမ်းဖတ်ကြားခြင်းအတွက် ပထမဆုရရှိသည့်အဖွဲ့အား ပါမောက္ခချုပ် ပါမောက္ခဒေါက်တာမာမာဝင်းက ဆုချီးမြှင့်စဉ်။

သတင်းစဉ်

ဘားအံပြည်သူ့ဆေးရုံကြီးတွင် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲနှင့် မီးလောင်ခံဝေဒနာရှင်များကို စတင်စမ်းသပ်ခြင်းဆောင်ရွက်

ဘားအံ ဖေဖော်ဝါရီ ၁၇

ဘားအံပြည်သူ့ဆေးရုံကြီး သုံးထပ်ဆောင် အောက်ထပ်ရှိ နား၊ နှာခေါင်း၊ လည်ချောင်း ကုသဆောင်တွင် ယနေ့ မွန်းလွဲပိုင်းမှ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲနှင့် မီးလောင်ခံဝေဒနာရှင် စုစုပေါင်း ၁၃၀ ကို အခမဲ့ခွဲစိတ်ကုသပေးရန် စတင်စမ်းသပ်ခြင်းများ ဆောင်ရွက်ကြောင်း သိရသည်။

ဆေးကုသခြင်းကို ဂျာမနီနိုင်ငံ Dr.Heinz Schoeneich ဦးဆောင်သော ဂျာမန်-မြန်မာဆရာဝန်များ၊ သူနာပြုအဖွဲ့(Inter Plast)နှင့် ဘားအံ ပြည်သူ့ဆေးရုံကြီးမှ ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်းပြီး ကရင်ပြည်နယ်အတွင်းရှိ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲနှင့် မီးလောင်ခံဝေဒနာရှင်များအား စတင်ကာ အခမဲ့ခွဲစိတ်ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကရင်ပြည်နယ် ဒေသအသီးသီးနှင့် အခြားနေရာဒေသများမှ နှုတ်ခမ်းကွဲ၊ အာခေါင် ကွဲနှင့် မီးလောင်ခံဝေဒနာရှင်များ လာရောက်စာရင်းပေးလျက်ရှိရာ ဖေဖော်ဝါရီ ၁၇ ရက် မွန်းလွဲပိုင်းတွင် ကရင်ပြည်နယ်မှ လူနာဦးရေ ၁၁၀၊ ပဲခူးတိုင်းဒေသကြီးမှ ၁၈ ဦးနှင့် မွန်ပြည်နယ်မှ နှစ်ဦးတို့ လာရောက်စာရင်းပေးမှတ်ပုံတင်ထားပြီးဖြစ်ကြောင်း သိရသည်။

ဘားအံပြည်သူ့ဆေးရုံကြီးတွင် ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၈ ရက်အထိ ဆောင်ရွက်မည့် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲနှင့် မီးလောင်ဒဏ်ရာများ အခမဲ့ကုသနိုင်ရေးတွင် ဘားအံမာဃလူမှုကူညီရေးအသင်း အပါအဝင် လူမှုကူညီရေးအဖွဲ့ ၂၆ ဖွဲ့တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မင်းသူ(ဘားအံ)**

မြန်မာနိုင်ငံပြည်သူ့ရေးရာ စီမံခန့်ခွဲမှုပညာရပ်ဆိုင်ရာ ကွန်ရက်အသင်း၏ ပညာရပ်ဆိုင်ရာဟောပြောပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

မြန်မာနိုင်ငံ ပြည်သူ့ရေးရာစီမံခန့်ခွဲမှု ပညာရပ်ဆိုင်ရာ ကွန်ရက်အသင်း (MPAN)က ကြီးမှူး၍ ဆရာကြီး ဒေါက်တာ အောင်ထွန်းသက်နှင့် Dr. Song So Han တို့၏ ပညာရပ်ဆိုင်ရာဟောပြောပွဲကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ မြန်မာနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ရုံး မင်္ဂလာခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံပြည်သူ့ရေးရာ စီမံခန့်ခွဲမှု ပညာရပ်ဆိုင်ရာ ကွန်ရက်အသင်း(MPAN)၏ ဥက္ကဋ္ဌ ဦးစောလုလုထော်က အမှာစကားပြောကြားပြီး ဆရာကြီး ဒေါက်တာ အောင်ထွန်းသက်၊ Dr. Song So Han တို့နှင့် အမှတ်တရ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဆရာကြီးဒေါက်တာ အောင်ထွန်းသက်က Ensuring Public Accountability ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Dr. Song So Han က Renewable Energy & Business Model; Considering Sustainability ခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောဆွေးနွေးကြရာ တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။ ယင်းနောက် ဟောပြောဆွေးနွေးခဲ့သည့် ဆရာကြီး ဒေါက်တာအောင်ထွန်းသက်နှင့် Dr. Song So Han တို့ကို မြန်မာနိုင်ငံ ပြည်သူ့ရေးရာစီမံခန့်ခွဲမှု ပညာရပ်ဆိုင်ရာ ကွန်ရက်အသင်း(MPAN)က အမှတ်တရလက်ဆောင် ပေးအပ်သည်။

ပညာရပ်ဆိုင်ရာ ဟောပြောပွဲ၌ ဒေါက်တာအောင်ထွန်းသက် ဟောပြောဆွေးနွေးစဉ်။

သတင်း-ဖိုးသော်ဇင်၊ ဓာတ်ပုံ-စိုးညွန့်

တာချီလိတ်ခရိုင်ရှိ မြို့များတွင် နေထိုင်သူများ တစ်နှစ်စာ နယ်စပ်ဖြတ်သန်းခွင့်လက်မှတ် ပြုလုပ်ခွင့်ရ

တာချီလိတ် ဖေဖော်ဝါရီ ၁၇

ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်ခရိုင်အတွင်းရှိ မြို့များတွင် နေထိုင်ပြီးအိမ်ထောင်စုဇယားရှိသူများကို တစ်နှစ်စာ နယ်စပ်ဖြတ်သန်းခွင့်လက်မှတ်(Border Pass)ကို ပြုလုပ်ခွင့်ရပြီဖြစ်ကြောင်း ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဌာနမှ သိရသည်။

ယခင်က တာချီလိတ်မြို့နယ်အတွင်းနေထိုင်ပြီး အိမ်ထောင်စုဇယားရှိသူများကိုသာ တစ်နှစ်စာနယ်စပ်ဖြတ်သန်းခွင့်လက်မှတ် ပြုလုပ်ပေးခဲ့ပြီး ယခုအခါ ခရိုင်အတွင်းရှိ တာလေ၊ ကျိုင်းလပ်၊ မိုင်းဖြတ်၊ မိုင်းယောင်း၊ မိုင်းယုမြို့များတွင်နေထိုင်၍ အိမ်ထောင်စုဇယားရှိသူများကိုလည်း တစ်နှစ်စာနယ်စပ်ဖြတ်သန်းခွင့်လက်မှတ် ပြုလုပ်ခွင့်ပြုလိုက်ပြီဖြစ်သည်။

"အခုဆိုရင် တာလေတို့၊ မိုင်းဖြတ်တို့ကပြည်သူတွေလည်း တစ်နှစ်စာလက်မှတ်လုပ်လို့ရသွားပါပြီ။ အမြဲသွားလာနေသူတွေအတွက် အဆင်ပြေသွားတာပေါ့" ဟု ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"တစ်နှစ်စာလက်မှတ်နဲ့က အကုန်အကျသက်သာသလို အချိန်စောင့်ရတာလည်း သက်သာသွားတာပေါ့၊ ကောင်းမွန်တဲ့ လုပ်ဆောင်မှုတစ်ခုပါ"ဟု ဒေသခံတစ်ဦးက ပြောသည်။

တာချီလိတ်မြို့ရှိ မြန်မာ-ထိုင်းချစ်ကြည်ရေးတံတားအမှတ်(၁)မှ ငွေကျပ် ၁၀၀၀ နှင့် ထုတ်ပေးသည့် ပုံမှန်နယ်စပ်ဖြတ်သန်းခွင့်လက်မှတ်သည် ထိုင်းနိုင်ငံတွင် တစ်ပတ်နေထိုင်ခွင့်ရှိပြီး တစ်နှစ်စာ နယ်စပ်ဖြတ်သန်းခွင့်လက်မှတ်သည် ငွေကျပ် ၃၀၀ သာကုန်ကျပြီး ထိုင်းနိုင်ငံတွင် နှစ်ပတ်နေထိုင်ခွင့်ရှိကြောင်း သိရသည်။

စိုင်းအောင်ဇော်လင်း

မိုးကောင်းမြို့နယ်၌ အချိန်အခါမဟုတ် မိုးရွာသွန်းပြီး မိုးသီးများကျ၍ နေအိမ် ၃၀၀ ခန့် အမိုးများပျက်စီး

မိုးကောင်း ဖေဖော်ဝါရီ ၁၇

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် မရမ်းကျေးရွာ၌ ယနေ့ ညနေပိုင်းက အချိန်အခါမဟုတ် မိုးရွာသွန်းကာ မိုးသီးများကျခဲ့၍ နေအိမ် ၃၀၀ ခန့် အိမ်အမိုးများ ပျက်စီးခဲ့ကြောင်း မရမ်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးနော်လာဒွဲထံမှ သိရသည်။

မိုးကောင်းမြို့နယ် မရမ်းကျေးရွာ အုပ်စု မရမ်းကျေးရွာ၌ ယနေ့ ညနေ ၄ နာရီက အချိန်အခါမဟုတ် မိုးရွာသွန်းကာ မိုးသီးများကျ၍ ကျေးရွာရှိ အိမ်ခြေ ၆၀၅ အိမ်ကျော်အနက် အိမ်ခြေ ၃၁၀ ခန့်၏ အိမ်အမိုးများ ပေါက်ပြဲပျက်စီးခဲ့သည်။

အဆိုပါ မိုးသီးများကြွေကျမှုနှင့် စပ်လျဉ်း၍ မရမ်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးနော်လာဒွဲက "ညနေ ၄ နာရီ လောက်မှာ ရုတ်တရက် မိုးတွေရွာလာပြီး မိုးသီးတွေ ကြွေကျလာတာ။ တချို့အလုံးတွေဆို တော်တော်လေးကြီးတယ်။ နှစ်လက်မ ကျော်ကျော်လောက်ရှိတယ်။ ၁၅ မိနစ်လောက်ကြာတယ်။ တစ်ရွာလုံးနီးပါး နေအိမ်အမိုးတွေ ပေါက်ပြဲကုန်ကြတယ်၊အသေးစိတ်စာရင်းကို ကျေးရွာအုပ်ချုပ်ရေးအဖွဲ့တွေ လိုက်ကောက်နေပါတယ်" ဟု ပြောသည်။

အဆိုပါကျေးရွာသို့ မိုးကောင်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးရန်နိုင်ထွန်း၊ ဒုတိယဦးစီးမှူး ဦးဝေဖြိုးကျော်၊ မြို့နယ် မီးသတ်ဒုတိယဦးစီးမှူး ဦးလဂျွန်း ဦးစီး မီးသတ်တပ်ဖွဲ့ဝင်များ၊ နမ္မတီးမြို့နယ်လုံးလုံလူမှုကူညီရေးအသင်းတို့မှ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ကူညီ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ဝင်းနိုင်(ကချင်မြေ)

မိုးသီးများကျ၍ ပျက်စီးသွားသည့် နေအိမ်တစ်လုံးကို တွေ့ရစဉ်။

သုတေသနနှင့် ပညာပေးလုပ်ငန်းများ တိုးတက်ဆောင်ရွက်တတ်စေရန် စာတမ်းဖတ်ပွဲကျင်းပ

လားရှိုး ဖေဖော်ဝါရီ ၁၇

ရှမ်းပြည်နယ်မြောက်ပိုင်း စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားတိုးတက်လာစေရေးအတွက် အသိပညာ၊ ဗဟုသုတ၊ လုပ်ငန်းအလိုက် တွေ့ရှိချက်များကို ဝန်ထမ်းများနှင့် စိုက်ပျိုးထုတ်လုပ်သူ တောင်သူများအား မျှဝေပေးနိုင်ရန် ရည်ရွယ်ချက်ဖြင့် စာတမ်းဖတ်ပွဲ အခမ်းအနားကို ယမန်နေ့က လားရှိုးမြို့ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမြကျော်က အမှာစကားပြောကြားသည်။ ထို့နောက် ရှမ်းပြည်နယ် မြောက်ပိုင်းရှိ ခရိုင်၊ မြို့နယ်များမှ သုတေသနနှင့် ပညာပေးစာတမ်း ခုနစ်စောင်ကို ဖတ်ကြားပြီး အခမ်းအနားတက်ရောက်လာသည့်သူများက စာတမ်းများအပေါ် အပြန်အလှန်မေးမြန်းဆွေးနွေးကာ ဆုရရှိခဲ့သည့်သူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

မောင်ကျော်ကြီး

ဧရာဝတီမြစ်တစ်လျှောက် ဧရာဝတီလင်းပိုင်ကောင်ရေ စစ်တမ်းကောက်ယူခဲ့ရာ မန္တလေးမှ ဗန်းမော်အထိ လင်းပိုင် ၇၂ ကောင်တွေ့ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၇

ငါးလုပ်ငန်းဦးစီးဌာနနှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့(မြန်မာနိုင်ငံအစီအစဉ်)တို့ ပူးပေါင်း၍ ၂၀၁၉ ခုနှစ်အတွက် ဧရာဝတီလင်းပိုင်ကောင်ရေ သုတေသနစစ်တမ်း ပြုလုပ်ရာ မန္တလေးမှ ဗန်းမော်အထိ လင်းပိုင် ၇၂ ကောင် တွေ့ရှိကြောင်း သိရသည်။

မန္တလေးမှ ကချင်ပြည်နယ် ဗန်းမော်အထိ ဖေဖော်ဝါရီ ၆ ရက်မှ ၁၆ ရက်အထိ ဧရာဝတီလင်းပိုင်သုတေသန စစ်တမ်းကောက်ရာတွင် မန္တလေးနှင့် ကျောက်မြောင်းကြား ဧရိယာထဲတွင် ၂၄ ကောင်၊ ဧရာဝတီလင်းပိုင် ထိန်းသိမ်းရေးဧရိယာသစ်အဖြစ် တိုးချဲ့နိုင်ခဲ့သော မလယ်မြို့နယ်နှင့် ရွှေကူမြို့နယ် ဧရိယာကြားတွင် ၃၄ ကောင်၊ ဗန်းမော်တွင် ၁၄ ကောင် စုစုပေါင်း ၇၂ ကောင်ကို တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သားငှက်ထိန်းသိမ်းရေးအဖွဲ့(မြန်မာနိုင်ငံအစီအစဉ်)မှ သိရသည်။

၂၀၁၈ ခုနှစ် ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေး သုတေသနစစ်တမ်းတွင် မန္တလေးနှင့် ကျောက်မြောင်းကြား ဧရိယာတွင် ၂၆ ကောင်၊ မလယ်မြို့နယ်နှင့် ရွှေကူမြို့နယ်ကြား ဧရိယာတွင် ၃၇ ကောင်၊ ဗန်းမော်ဘက်တွင် ၁၃ ကောင် စုစုပေါင်း ၇၆ ကောင် သုတေသနပြုနိုင်ခဲ့ရာ ယခုနှစ်တွင် လေးကောင်လျော့နည်းသွားကြောင်း သိရသည်။

ဧရာဝတီလင်းပိုင် ထိန်းသိမ်းရေးတွင် ၂၀၁၈ ခုနှစ်သည် ဧရာဝတီလင်းပိုင်များ အသေအပျောက် အများဆုံးဖြစ်ခဲ့ပြီး ယခင်နှစ်အတွင်း ဧရာဝတီလင်းပိုင် ခြောက်ကောင်သေဆုံးခဲ့ကာ ၂၀၁၉ ခုနှစ် နှစ်ဦးပိုင်းကလည်း ဧရာဝတီလင်းပိုင်တစ်ကောင် သေဆုံးခဲ့ကြောင်း သိရသည်။

ဧရာဝတီလင်းပိုင်များ သေဆုံးရသည့် အကြောင်းအရင်းအများစုမှာ လျှပ်စစ်ယောဂကြောင့် သေဆုံးမှု အများဆုံးဖြစ်သည်။ ထိုအထဲတွင် ဘက်ထရီရှော့တိုက် ငါးဖမ်းဆီးမှုကြောင့် သေဆုံးခြင်းမှာ အများဆုံးဖြစ်ကြောင်း လင်းပိုင်ထိန်းသိမ်းရေး သမားများက ပြောသည်။ ယခု ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေး သုတေသနခရီးစဉ်တွင်လည်း လင်းပိုင်ထိန်းသိမ်းရေး အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဧရာဝတီလင်းပိုင် သုတေသနစစ်တမ်းကောက်ယူမှုများကို နှစ်စဉ်ဖေဖော်ဝါရီလတွင် ပြုလုပ်လျက်ရှိပြီး ယခုနှစ် ဧရာဝတီလင်းပိုင် သုတေသနခရီးစဉ်တွင် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန၊ ပတ်ဝန်းကျင်နှင့် မျိုးသုဉ်းရှားပါး ရေသတ္တဝါများ ထိန်းသိမ်းရေးဌာနစု ကသာမြို့ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် ဝန်ထမ်းများ၊ ရေလုပ်သားများကလည်း ပူးပေါင်းပါဝင် စစ်တမ်းသားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်)မှ ကောက်ယူခဲ့ကြောင်း သိရသည်။ **ဇင်ဦး(မြန်မာ့အလင်း)**

ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးဧရိယာအတွင်း တွေ့ရှိရသည့် ဧရာဝတီလင်းပိုင်များကို တွေ့ရစဉ်။

မြန်မာ ယူ-၁၆ အမျိုးသမီးအသင်း ဩစတြေးလျ ယူ-၁၇ အသင်းကို ပွဲပြီးခါနီးဂိုးဖြင့် ရှုံးနိမ့်

ဩစတြေးလျ ဖေဖော်ဝါရီ ၁၇

၂၀၁၉ အာရှ ယူ-၁၆ အမျိုးသမီးခြေစစ်ပွဲ ဒုတိယအဆင့်အတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ဩစတြေးလျနိုင်ငံ၌ လေ့ကျင့်နေသည့် မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် နောက်ဆုံးခြေစမ်းပွဲအဖြစ် ယနေ့ညနေပိုင်းက ဩစတြေးလျ ယူ-၁၇ အသင်းနှင့် ယှဉ်ပြိုင်ကစားရာ နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် ဩစတြေးလျ ယူ-၁၇ အသင်းနှင့် ခြေစမ်းပွဲနှစ်ပွဲကစားခြင်းဖြစ်ပြီး ပထမပွဲထက် ပိုကောင်းသည့်ခြေစွမ်းကို ပြသနိုင်ခဲ့သလို ပွဲပြီးခါနီးတွင် ပေးလိုက်ရသည့် ဂိုးကြောင့်သာ အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် အတောင့်တင်းဆုံးလူစာရင်းဖြင့် ပွဲထွက်ခဲ့ပြီး ဩစတြေးလျအသင်းကို ရင်ဆိုင်ခဲ့သည်။ ဩစတြေးလျ ယူ-၁၇ အသင်းသည် ပွဲအစ ၈ မိနစ်တွင် ဂိုးစတင်ရရှိခဲ့သော်လည်း မြန်မာအသင်းကို အသာမရခဲ့ဘဲ ဖိအားပေးခြင်းကို ခံခဲ့ရသည်။ ၅၂ မိနစ်တွင် မြန်မာအသင်း ချေပဂိုးပြန်ရခဲ့ပြီး အသင်းခေါင်းဆောင် မြတ်နိုးခင်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းနောက်ပိုင်းတွင် ပွဲမှာအပြန်အလှန်ရှိခဲ့ပြီး မြန်မာအသင်းသည် သရေရလဒ်ကို ထိန်းကစားနိုင်ရန် ကြိုးပမ်းခဲ့သော်လည်း ပွဲပြီးခါနီး နာကျင်အချိန်ပိုတွင် ပေးလိုက်ရသည့်ဂိုးကြောင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် ဖေဖော်ဝါရီ ၉ ရက်မှ ၁၇ ရက်အထိ ဩစတြေးလျနိုင်ငံ၌ လေ့ကျင့်ခဲ့ပြီး ခြေစမ်းပွဲသုံးပွဲကစားခဲ့ရာ တစ်ပွဲနိုင် နှစ်ပွဲရှုံးနိမ့်ခဲ့သည်။ မြန်မာ ယူ-၁၆ အသင်းသည် ဩစတြေးလျကလပ် ဘရစ္စဘိန်းရိုအာအသင်းကို ခြောက်ဂိုးပြတ်အနိုင်ရသော်လည်း ဩစတြေးလျ ယူ-၁၇ အသင်းကို ပထမပွဲတွင် လေးဂိုးပြတ်၊ ဒုတိယပွဲတွင် နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ **ရဲရင့်ရှိုင်း**

အကြိမ် (၃၀) မြောက် ဆီးဂိမ်းပြိုင်ပွဲတွင်ပထမဆုံးအကြိမ် BMX စက်ဘီးပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ဖိလစ်ပိုင်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အကြိမ်(၃၀)မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ပထမဆုံးအကြိမ် မြန်မာနိုင်ငံကိုယ်စားပြု BMX စက်ဘီးပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် BMX စက်ဘီးအားကစားသမားများသည် ရန်ကုန်မြို့ လှည်းတန်းခုံကျော်တံတားအောက်ရှိ လေ့ကျင့်ရေးကစားကွင်းအတွင်း လေ့ကျင့်လျက်ရှိကြောင်း သိရသည်။

ပထမဆုံးအကြိမ်အဖြစ် ဖိလစ်ပိုင်ဆီးဂိမ်းကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပုံနှင့်ပတ်သက်၍ မြန်မာနိုင်ငံ BMX စက်ဘီးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်ရဲက "ဒီပြိုင်ပွဲက ကျွန်တော့်ရဲ့ ရည်မှန်းချက်ပေါ့။ နိုင်ငံကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်ဖို့ ယခင်ကတည်းက ဆန္ဒရှိခဲ့တာပါ။ လွန်ခဲ့သုံးနှစ်က ကြိုးစားခဲ့ရပါတယ်။ မြန်မာနိုင်ငံမှာ မထွန်းကားသေးတဲ့ အားကစားနည်းကို တတ်နိုင်တဲ့ဘက်က ထိန်းသိမ်းကြိုးစားခဲ့ရပါတယ်။ ဒီလိုပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရတဲ့အတွက် ဝမ်းသာရပါတယ်။ ပါဝင်ယှဉ်ပြိုင်နိုင်ဖို့အတွက် မြန်မာနိုင်ငံစကိတ်စီး အားကစားဝါသနာရှင်များအသင်းနှင့် BMX အသင်းတို့က ကြိုးပမ်းခဲ့လို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုလိုက်တာဖြစ်ပါတယ်"ဟု ပြောသည်။

အဆိုပါ ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု ရေခဲပြင်နှစ်မျိုးနှင့် စကိတ်ဘုတ်တစ်မျိုးတွင် အမျိုးသားလေးဦးနှင့် အမျိုးသမီးနှစ်ဦး၊ BMX စက်ဘီးတွင် အမျိုးသားနှစ်ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။ အကြိမ်(၃၀)မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာ BMX စက်ဘီးအဖွဲ့သည် အဓိကပြိုင်ဘက်ဖြစ်သည့် အိမ်ရှင်ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံတို့ဖြစ်ပြီး ဆုတံဆိပ်များ မျှော်မှန်းထားသည်။ ဆီးဂိမ်းပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုကို တောင်ကိုရီးယားနိုင်ငံတွင် သွားရောက်လေ့ကျင့်ရန် စီစဉ်နေကြောင်း သိရသည်။

အာကာစိုး

❑ *ကျော့ဖုံးမှ*

အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းနှင့် အမှုဆောင်များ၊ သက်တမ်းအလိုက် လူငယ်လက်ရွေးစင်အသင်းများမှ နည်းပြများနှင့် ကစားသမားများ၊ ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

မြန်မာအမျိုးသမီးအသင်းသည် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိအပြီးတွင် နိုဗိုတယ်ဟိုတယ်၌ ကျင်းပသည့် ဂုဏ်ပြုပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် "မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းအနေနဲ့ အိန္ဒိယဖိတ်ခေါ်ပြိုင်ပွဲမှာ ချန်ပီယံဆုရခဲ့တဲ့အတွက် ချီးကျူးဂုဏ်ပြုပါတယ်။ အခုပြိုင်ပွဲမှာ အောင်မြင်မှုရခဲ့သလို လာမယ့် အာဆီယံအဆင့်၊ အာရှအဆင့်ပြိုင်ပွဲတွေမှာလည်း အောင်မြင်မှုတွေရအောင် ကြိုးစားစေချင်ပါတယ်" ဟု ထည့်သွင်းပြောကြားခဲ့သည်။ ယင်းနောက် အောင်ပွဲရမြန်မာ့လက်ရွေးစင်အမျိုးသမီး ဘောလုံးအသင်းအား မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နာယက ဦးအောင်ကိုဝင်း (နာယက၊ KBZ Bank) က ငွေကျပ်သိန်း ၂၀၀၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော် (ဥက္ကဋ္ဌ၊ AYA Bank) က ငွေကျပ်သိန်း ၂၀၀၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမျိုးသမီးဘောလုံးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ငွေကျပ် သိန်း ၁၀၀၊ ဦးထွန်းနှင့် မမို့ (Poe Poe Car Company) က ငွေကျပ် သိန်း ၅၀ စုစုပေါင်း ဂုဏ်ပြုဆု ငွေကျပ် သိန်း ၅၅၀ ပေးအပ်ချီးမြှင့်သည်။

မြန်မာအမျိုးသမီးအသင်းသည် ယင်းပြိုင်ပွဲတွင် အုပ်စုပွဲများ၌ နီပေါအသင်းကို သုံးဂိုး-ဂိုးမရှိ၊ အီရန်အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ အိန္ဒိယအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး ဗိုလ်လုပွဲတွင် နီပေါအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရကာ ချန်ပီယံဆုရယူနိုင်ခဲ့ခြင်း ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ယင်းပြိုင်ပွဲ၏ ချန်ပီယံဆုအပြင် အသန့်ရှင်းဆုံးအသင်းဆုကိုပါ ရရှိခဲ့ပြီး တစ်ဦးချင်းဆုများအဖြစ် အကောင်းဆုံးဂိုးသမားဆုကို ဇာဇာမြင့်၊ ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံး ကစားသမားဆုကို ဝင်းသီဂီထွန်း၊ သွင်းဂိုးအများဆုံးဆုကို ရီရီဦး (နီပေါကစားသမား နှင့် ပူးတွဲ) တို့က ရရှိခဲ့သည်။

မြန်မာအမျိုးသမီးအသင်းသည် ယင်းပြိုင်ပွဲတွင် ပွဲတိုင်းအနိုင်ရကာ ချန်ပီယံဆုရခဲ့ခြင်းဖြစ်ပြီး အောင်မြင်မှုနှင့် ဝေးကွာနေသည့် မြန်မာအမျိုးသမီးဘောလုံးလောကအတွက် အောင်မြင်မှုတစ်ခုဖြစ်ခဲ့သည်။ မြန်မာအမျိုးသမီးအသင်းသည် တစ်ကျော့ပြန်အောင်မြင်မှုရယူနိုင်ရန်အတွက် လူငယ်ကစားသမားများနှင့် စီနီယာကစားသမားများ ပြန်လည်ပေါင်းစပ်ကာ ပြိုင်ပွဲများယှဉ်ပြိုင်နေချိန်တွင် ယခုပြိုင်ပွဲတွင် အောင်မြင်မှုရရှိခဲ့ခြင်းမှာ လာမည့်ပြိုင်ပွဲများအတွက် အင်အားဖြစ်စေခဲ့သလို အောင်မြင်မှုများ ထပ်မံရယူနိုင်ရန်အတွက်လည်း တွန်းအားတစ်ရပ် ဖြစ်စေခဲ့သည်။

ညီမြတ်သော်တာ၊ ဓာတ်ပုံ-စိုးညွှန့်

နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

- ရီးရဲမက်ဒရစ်အသင်းသည် အင်တာမီလန်အသင်းမှ အာဂျင်တီးနားတိုက်စစ်ကစားသမား အီကာဒီအားခေါ်ယူရန် တုံ့ဆိုင်းနေသည့်အတွက် ချယ်လ်ဆီးအသင်းက အဆိုပါကစားသမားအား ခေါ်ယူရန် ဆန္ဒပြင်းပြနေကြောင်း သည်ဆန်းတွင် ဖော်ပြထားသည်။
- မန်ယူအသင်းသည် ဂျူဗင်တပ်စ်အသင်းမှ အာဂျင်တီးနားတိုက်စစ်ကစားသမား ဒိုင်ဘာလာခေါ်ယူလိုနေကြောင်း၊ ဂျူဗင်တပ်စ်အသင်းသို့ အဆိုပါအပြောင်းအရွှေ့အတွက် အသင်းမှ ဘယ်လ်ဂျီယံတိုက်စစ်ကစားသမား လူကာကူကို အပြောင်းအရွှေ့တစ်စိတ်တစ်ပိုင်းအဖြစ် ကမ်းလှမ်းသွားဖွယ်ရှိကြောင်း မေးရာတွင် ဖော်ပြထားသည်။
- မန်ယူအသင်းသည် ပေါ်တူဂီယူ-၂၁ အသင်းမှ ကွင်းလယ်တိုက်စစ်ကစားသမား ဖီးလစ်အား ခေါ်ယူရေးတွင် ပီအက်စ်ဂျီအသင်းနှင့်အတူ အပြိုင်ကမ်းလှမ်းရဖွယ်ရှိကြောင်း၊ ဘင်ဖီကာအသင်းက အဆိုပါ ကစားသမားအတွက် ပြောင်းရွှေ့ကြေး ပေါင် ၁၀၅ သန်း အလိုရှိနေကြောင်း ဒေးလီးစတားတွင် ဖော်ပြထားသည်။
- မန်စီးတီးအသင်းသည် အသင်းမှ အသက် ၃၃ နှစ်အရွယ် ဘရာဇီးကစားသမား ဖာနန်ဒင်ဟို၏နေရာကို အစားထိုးရန်အတွက် အက်သလက်တီကိုမက်ဒရစ်အသင်းမှ စပိန်ကွင်းလယ်ကစားသမား ဆောလ် နီဂွက်ဇ် (၂၄နှစ်) အား ခေါ်ယူရန် ချိန်ရွယ်နေကြောင်း မေးရာတွင် ဖော်ပြထားသည်။
- မန်ယူအသင်းသည် နာပိုလီအသင်းမှ ဆီနီဂေါဗဟိုခံစစ်ကစားသမား ကော်လီဘာလီ (၂၇နှစ်) အား စံချိန်တင်ပြောင်းရွှေ့ကြေး ပေါင်သန်း ၉၀ ဖြင့် ကမ်းလှမ်းရန် စီစဉ်နေကြောင်း သည်ဆန်းတွင် ဖော်ပြထားသည်။
- ပီအက်စ်ဂျီအသင်းမှ ပြင်သစ်ကွင်းလယ်ကစားသမား ရာဘီရော့ (၂၃နှစ်) သည် နွေရာသီအပြောင်းအရွှေ့ကာလတွင် ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ဖြစ်လိမ့်မည်ဟု ယုံကြည်နေကြောင်း ပြင်သစ်အခြေစိုက် သတင်းအရင်းအမြစ်တစ်ခုတွင် ဖော်ပြထားသည်။
- မန်ယူအသင်းသည် ဂျူဗင်တပ်စ်အသင်းက ခေါ်ယူရန် စိတ်ဝင်စားနေသော လိုင်ယွန်အသင်းမှ ပြင်သစ်ကွင်းလယ်ကစားသမား အင်ဒွန်ဘီလီ (၂၂နှစ်) ကို ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း မက်ထရို၏ ဖော်ပြချက်အရ သိရသည်။
- ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် နိုက်စ်အသင်းမှ မာဆေးလ်အသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးတစ်ရပ်ဖြင့် ရောက်ရှိလာသော မန်စီးတီးနှင့် လီဗာပူးတိုက်စစ်ကစားသမားဟောင်း ဘာလော့တယ်လီ (၂၈နှစ်) သည် ယမန်နေ့က လီဂူးဝမ်းပွဲစဉ် ၂၅ အဖြစ် မာဆေးလ်က အေမီယန်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သောပွဲစဉ်တွင် အသင်းအတွက် တစ်ဂိုးသွင်းယူနိုင်ခဲ့သောကြောင့် ၎င်းသည် မာဆေးလ်အသင်းတွင် လေးပွဲကစားထားပြီး သုံးဂိုးသွင်းယူထားနိုင်ခဲ့ကြောင်း သိရသည်။ **အောင်ဇော်**

❍ *ကျော့ဖုံးမှ*

မြန်မာ ယူ-၂၂ အသင်း နည်းပြချုပ် ပိုပေါ့ဗ်က "အကောင်းဆုံး အနေအထားရရှိအောင် လေ့ကျင့်ပြင်ဆင်ထားပါတယ်။ ပြင်ဆင်ချိန် နှစ်ပတ်နီးပါးရပြီး လိုချင်တဲ့အနေအထား တစ်ခုရအောင် လုပ်ဆောင်ထားပါတယ်။ အုပ်စုအနေအထားကတော့ အားလုံးသိထားတဲ့အတိုင်း အုပ်စုကျပ်ပါ၊ အသင်းတွေအားလုံးက တောင့်တင်းသလို အိမ်ရှင်အသင်းလည်း ပါဝင်နေပါတယ်။ ပွဲတိုင်းကို အာရုံစိုက်ပြီး ကစားမှာပါ။ ဒီပြိုင်ပွဲက လာမယ့် မတ်လမှာကစားမယ့် အာရှ ယူ-၂၃ ခြေစစ်ပွဲအတွက် အကြိုပြင်ဆင်မှုလည်းဖြစ်ပါတယ်" ဟု ပြောသည်။

ယင်းပြိုင်ပွဲကို အုပ်စုနှစ်ခုခွဲ၍ ကျင်းပနေပြီး အုပ်စု (က)တွင် ဗီယက်နမ်၊ ထိုင်း၊ တီမော၊ ဖိလစ်ပိုင်၊ အုပ်စု(ခ)တွင် မလေးရှား၊ မြန်မာ၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယားအသင်းတို့ ပါဝင်နေသည်။ ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၆ ရက်အထိ ကျင်းပလျက်ရှိသည်။

ညီမြတ်သော်တာ

တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေ

နေပြည်တော် ဖေဖော်ဝါရီ ၁၇- ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

ကချင်ပြည်နယ်တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ **မိုး/ဇလ**

ညောင်ဦးမြို့နယ် မင်းနန်သူကျေးရွာရှိ ဘုန်းကြီးကျောင်းဆောင် မီးလောင်

ညောင်ဦး ဖေဖော်ဝါရီ ၁၇

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံမြို့သစ် မင်းနန်သူကျေးရွာရှိ လေးမျက်နှာ ဘုန်းကြီးကျောင်းတွင် ယနေ့ မွန်းလွဲပိုင်းက ဥပုသ်သည်များ နားနေဆောင် အဆောက်အအုံအတွင်း ဝိုင်ယာကြိုး အပူလွန်ကဲပြီး မီးလောင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပုဂံမြို့သစ် မင်းနန်သူကျေးရွာ မြောက်ဘက်ရှိ ဆရာတော် ဦးနန္ဒိယ သီတင်းသုံးနေထိုင်သည့် လေးမျက်နှာ ဘုန်းကြီးကျောင်းဝင်းအတွင်း ဥပုသ်သည်များ နားနေဆောင် ထုပ်တန်းရှိ ဝိုင်ယာကြိုး အပူလွန်ကဲပြီး မီးလောင်ရာမှတစ်ဆင့် အနီးရှိ နှစ်ထပ်ဘုန်းကြီးကျောင်းဆောင်နှင့် မြေစိုက်တဲတစ်လုံး မီးလောင်ခဲ့ကြောင်း သိရသည်။

အဆိုပါမီးလောင်ရာသို့ ခရိုင်မီးသတ်ဦးစီးမှူး ဦးသက်နိုင် ဦးဆောင်၍ မီးငြှိမ်းသတ်ယာဉ် ရှစ်စီး၊ ရေသယ်ယာဉ် လေးစီး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ကျော်မြင့်ငွေနှင့် ရဲတပ်ဖွဲ့ဝင်များ၊ နယ်မြေခံ တပ်မတော်သားများ၊ ရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက် (ပုဂံဌာနခွဲ) မှ တာဝန်ရှိသူများနှင့် ပြည်သူများက ဝိုင်းဝန်းမီးငြှိမ်းသတ်ကြရာ မွန်းလွဲ ၁ နာရီ ၅ မိနစ်တွင် မီးငြိမ်းသွားကြောင်းသိရသည်။ အဆိုပါမီးလောင်မှုနှင့်ပတ်သက်၍ ပုဂံနယ်မြေရဲစခန်းမှ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ရဲဝင်းနိုင် (ညောင်ဦး)

မောင်တောမြို့နယ် သဘော်လု (ဒိုင်းနက်) ကျေးရွာမှ ရွာသားသုံးဦး သတ်ဖြတ်ခံရပြီး မြေကျင်းအတွင်း မြှုပ်နှံထားသည်ကို တွေ့ရှိ

မောင်တော ဖေဖော်ဝါရီ ၁၇

မောင်တောမြို့နယ် သဘော်လု (ဒိုင်းနက်) ကျေးရွာမှ ရွာသား သုံးဦး ဖေဖော်ဝါရီ ၁၅ ရက်က ကဏန်းရှာရန် သွားရောက်ရာမှ ပြန်လည်ရောက်ရှိခြင်းမရှိသဖြင့် လိုက်လံရှာဖွေရာ သတ်ဖြတ်ခံရပြီး မြေကျင်းအတွင်း မြှုပ်နှံထားသည်ကို တွေ့ရှိရကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

ဖြစ်စဉ်မှာ သဘော်လု (ဒိုင်းနက်) ကျေးရွာမှ ဦးလှထွန်းအောင် (၄၂နှစ်)၊ ဦးချစ်ထွန်း (၄၂ နှစ်)၊ ဦးမောင်ထွန်းစိန် (၄၁နှစ်) တို့သည် ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၈ နာရီခန့်တွင် ကွမ်းသီးပင်ကျေးရွာဟောင်းဘက်သို့ ကဏန်းရှာရန် သွားရောက်ရာမှ ပြန်လည်ရောက်ရှိလာခြင်းမရှိသဖြင့် ရွာသားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပူးပေါင်းရှာဖွေခဲ့ရာ လက်ဖွဲ့ကျကျေးရွာအနီး တောင်ကျော်လမ်း၌ မြေကျင်းအသစ်တစ်ခုကို တွေ့ရှိခဲ့ကြောင်း၊ ထိုနေရာကို တူးဖော်စစ်ဆေးခဲ့ရာ ဦးလှထွန်းအောင်နှင့် ဦးချစ်ထွန်းတို့တွင် လည်ပင်းပြတ်ရှဒဏ်ရာ၊ ဦးမောင်ထွန်းစိန်တွင် ဝဲနားထင်ပြတ်ရှ၊ လည်ပင်းထိုးသွင်းဒဏ်ရာများဖြင့် သေဆုံးနေသည့် အလောင်းများကို တွေ့ရှိခဲ့ကြောင်း သိရသည်။

သတင်းစဉ်



မြန်မာ့ရုပ်မြင်သံကြား

၁၈-၂-၂၀၁၉ (တနင်္လာနေ့)

နံနက်ပိုင်း

- ၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၉း၁၀ - BBC Click
- ၁၀း၃၀ - ၂၀၁၉ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု သိကောင်းစရာများ (ဓာတုဗေဒ ဘာသာရပ်)
- ၁၁း၃၀ - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
- ၁၄း၃၅ - ဆယ့်နှစ်လရာသီ အငြိမ့်သဘင် “ တပို့တွဲလ-ထမနဲပွဲ ”
- ၁၅း၄၀ - “၂၀၁၉ ခုနှစ်၊ မတ်လ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် စတင်အသုံးပြုမည့် မေးခွန်းပုံစံသစ်ဆိုင်ရာ သိမှတ်ဖွယ်ရာများ (လက်သင်္ကေတပြ) (သင်္ချာဘာသာရပ်)”

ညပိုင်း

- ၁၆း၂၅ - ၂၀၁၉ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သိကောင်းစရာများ (စိတ်ကြိုက်မြန်မာ ဘာသာရပ်)
- ၁၇း၀၅ - This Week's Special Interest
- ၁၇း၂၀ - ကျန်းမာရေးအတွက် တိုင်းရင်းသားဆေးပညာ အစီအစဉ် “ ဝက်သက်ရောဂါ အကြောင်းသိကောင်းစရာ ”
- ၁၇း၄၀ - Yes or No Talk Show
- ၁၈း၃၀ - ဥပဒေရေးရာအဖြာဖြာ “ စုမဲ ”
- ၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ “ မဟာကာလီ ” (အပိုင်း-၈၄)
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ - “ ၂၀၁၇ ခုနှစ်အတွက် အမျိုးသား စာပေဆုရ စာရေးဆရာကြီးများနှင့် စာပေစကားဝိုင်း ” (အပိုင်း- ၂)
- နိုင်ငံခြားဇာတ်လမ်းတွဲ “ ရောင်စဉ်ဖြာသောအချစ်” (အပိုင်း-၁)

ထန်းတပင်မြို့နယ်၌ မီးလောင်မှုကြောင့် နေအိမ်သုံးလုံးဆုံးရှုံး

ထန်းတပင် ဖေဖော်ဝါရီ ၁၇

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်အတွင်း ရေကျော်ကျေးရွာ၌ ယနေ့ နံနက် ၂ နာရီက ဒေါ်ခင်ဝင်း၏ နေအိမ်မီးဖိုရှိ မီးကြွင်း မီးကျန်များမှတစ်ဆင့် အနီးရှိထင်းခြောက်များအား မီးကူးစက်ရာမှ နေအိမ်သုံးလုံး မီးလောင်သွားကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားရာသို့ မြို့နယ်မီးသတ်စခန်းမှ စခန်းတာဝန်ခံ ဒုတိယမီးသတ်ဦးစီးမှူး ဦးမိုးမင်းအောင် ဦးဆောင်ကာ မီးသတ်ယာဉ်နှစ်စီးဖြင့် မီးသတ်တပ်ဖွဲ့ဝင် ၆၇ ဦးတို့က ငြိမ်းသတ်ခဲ့ရာ နံနက် ၃ နာရီတွင် မီးငြိမ်းခဲ့ကြောင်းသိရသည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ အတွင်းရေကျော်ကျေးရွာနေ ဒေါ်ခင်ဝင်းအား ထန်းတပင် မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

ဇင်မင်းထိုက်(ပြန်/ဆက်)

ဘူးသီးတောင်၊ မိုင်းရယ်၊ တာချီလိတ်နှင့် နမ့်ခမ်း မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

နေပြည်တော် ဖေဖော်ဝါရီ ၁၇

ဘူးသီးတောင်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၆ ရက် နံနက်ပိုင်းက ဘူးသီးတောင်မြို့ မြို့မရပ်ကွက်နေ မိုဟာမတ်ရှီးဝိုက်၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၀၀ နှင့် ငွေကျပ် ၄၀၀၀၀ တို့က သိမ်းဆည်းရမိသည်။

ထို့အတူ ယင်းနေ့ညနေ ၄ နာရီက မိုင်းရယ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းရယ်မြို့နယ် မန့်စန့်ကျေးရွာအနီး မိုင်းရယ် - သီပေါ သွားလမ်းတွင် စိုင်းခမ်းခိုင် မောင်းနှင်ပြီး စိုင်းစံပွင့် လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၈၅၈ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၀ တို့ကိုလည်းကောင်း၊ အလားတူ ထို့နေ့နံနက် ၉ နာရီခွဲက မူးယစ်တပ်ဖွဲ့စု (၃၀) တာချီလိတ်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ မယ်ခေါင်ရပ်ကွက် မဲခေါင်မြစ်ဟိုတယ်ရှေ့ ဗိုလ်ချုပ်လမ်းတွင် သင်းအောင်(ခ) ကရင် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေး ၂၀၅ ပြား၊ အိုက်စ်သုည ဒသမ ၅ ဂရမ်နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ဆက်လက်၍ တာချီလိတ်မြို့ မယ်ခေါင်ရပ်ကွက်၊ အပိုင်း (ခ) အိမ်တွင်းမှုလမ်းနှင့် မယ်ခေါင် ၇ လမ်းရှိ သင်းအောင်၏ နေအိမ်ကိုရှာဖွေရာ အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၆၀၊ အိုက်စ် ၁၄၅ ဂရမ်ကိုလည်းကောင်း၊ အလားတူ တာချီလိတ်မြို့ ဆန်ဆိုင်း ရပ်ကွက်(ခ) ဗိုလ်ချုပ်လမ်း မောချယ်ရီတည်းခိုခန်း တတိယထပ် စင်္ကြံလမ်းတွင် လော်ဘေနှင့် လော်ဘာတို့အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀၀၊ လက်ကိုင်ဖုန်းနှစ်လုံးနှင့် မော်တော်ဆိုင်ကယ် တစ်စီးတို့ကိုလည်းကောင်း။

ထို့အတူ နံနက် ၈ နာရီက မူးယစ်တပ်ဖွဲ့စု (၂၂) မူဆယ်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နမ့်ခမ်းမြို့နယ် နမ့်ခမ်းမြို့အဝင်မုခ်ဦးအနီး နမ့်ခမ်း-မူဆယ်သွားလမ်း၌ ကျန်းဇာကွမ်း မောင်းနှင်ပြီး မကျောင်ရွှေမိန် လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၅၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ကျန်းဇာကွမ်းနှင့် မကျောင်ရွှေမိန်တို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

ကိုရဲ

သထုံမြို့နယ်ရှိ တံတားပြုပြင်သည့်နေရာ၌ ယာဉ်ခြောက်စီး ဆင့်ကဲတိုက်မိကာ ၁၁ ဦး ဒဏ်ရာရ

သထုံ ဖေဖော်ဝါရီ ၁၇

မွန်ပြည်နယ် သထုံမြို့နယ် သာယာကုန်းကျေးရွာအရှေ့ပိုင်း လမ်းတံတားပြုပြင်နေသည့်အနီး ယနေ့နံနက် ၁၀ နာရီခွဲက ယာဉ်ခြောက်စီး ဆင့်ကဲတိုက်မိပြီး ၁၁ ဦး ထိခိုက်ဒဏ်ရာ ရရှိကြောင်း သိရသည်။

ယာဉ်တိုက်မှုဖြစ်ပွားရာသို့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး စိုးအောင်နှင့် တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ ရန်ကုန်-မော်လမြိုင်အဝေးပြေးလမ်းမကြီး မိုင်တိုင်အမှတ် (၁၄၄/၁ နှင့် ၁၄၄/၂) အကြား တံတားအမှတ် ၁/၁၄၅ တွင် ရန်ကုန်မြို့ဘက်မှ သထုံမြို့ဘက်သို့ မောင်းနှင်လာသည့် MON 5N/-----နှစ်ဆန်းယာဉ်သည် အခြားယာဉ်နှစ်စီးဖြင့် ပွတ်တိုက်မိခဲ့သည်။

ယင်းနောက် အဆိုပါယာဉ်သည် လမ်းဘေး တံတားအနီးတွင် ရပ်နေစဉ် ကင်တာဟွန်ဒါတူး YGN 1F/----- ယာဉ်သည် တစ်ဖက်ယာဉ်ကြောမှ ယာဉ်ကိုတိမ်းရှောင်စဉ် အရှိန်မထိန်းနိုင်ဘဲ YGN 9E/------- စူပါကာစတန်ယာဉ်ကို ဝင်တိုက်မိပြီးနောက် စူပါကာစတန်ယာဉ်က ရှေ့မှရပ်ထားသော နှစ်ဆန်းယာဉ်ကို ထပ်မံတိုက်မိကာ တံတားအောက်သို့ ထိုးကျသွားသည်။

ယင်းဖြစ်စဉ်ကြောင့် ကားပေါ်ပါခရီးသည်များအပြင် ဒေသခံကူညီသူ နှစ်ဦးအပါအဝင် စုစုပေါင်း ၁၁ ဦးအား လူမှုကူညီရေးယာဉ်များဖြင့် သထုံခရိုင် ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ကုသပေးပြီး (စိုးရိမ်ရ) လူနာနှစ်ဦးရှိကြောင်း သိရသည်။

အဆိုပါ ယာဉ်တိုက်မှုဖြစ်စဉ်နှင့် ပတ်သက်၍ သထုံမြို့မရဲစခန်းက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

ခွန်(ဝင်းပ)

ရေပူစစ်ဆေးရေးအဖွဲ့ ယာဉ်စစ်ဆေးရာမှ ကျွန်းခွဲသား တင်ဆောင်သည့် ယာဉ်တွေ့ရှိ ဖမ်းဆီး

နေပြည်တော် ဖေဖော်ဝါရီ ၁၇

ရေပူအမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်စဉ် ဖေဖော်ဝါရီ ၁၆ရက်က KIA Bongo II ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ကျွန်းခွဲသား ၀ ဒသမ ၆၃၉၄ တန်နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ် တစ်စီး၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆ ဒသမ ၉၁၈ သန်းကို စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

တရားမဝင် ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းများအား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ်လ ၁ ရက်နေ့တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဖေဖော်ဝါရီ ၁၆ ရက်တွင် မန္တလေး - မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၈၈၈ စီး၊ သွင်းကုန် ၅၂၆ စီး၊ ရန်ကုန် - မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၀ စီး၊ သွင်းကုန် ၁၅၄ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၆ ရက်က ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှု ငါးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁ ဒသမ ၇၄၉ သန်း၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု နှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၀၃၈ သန်း၊ စုစုပေါင်းတားဆီးမှု ခုနစ်မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃ ဒသမ ၇၈၇ သန်းအား ဖမ်းဆီးရမိခဲ့သည်။

သတင်းစဉ်

ဆော်ဒီအိမ်ရှေ့မင်းသား အာရှခရီးစဉ်အတွင်း ကန်ထရိုက်ချုပ်ဆိုမှုများ ပြုလုပ်မည်

အစ္စလာမ္မာဘတ် ဖေဖော်ဝါရီ ၁၇

ဆော်ဒီအာရေဗျနိုင်ငံ၏ ဩဇာအာဏာကြီးမားသည့် တော်ဝင်အိမ်ရှေ့မင်းသား မိုဟာမက် ဘင်ဆယ်လ်မန်သည် တနင်္ဂနွေနေ့က ပါကစ္စတန်သို့ ရောက်ရှိခဲ့သည်။ ပါကစ္စတန်သို့ ရောက်ရှိမှုသည် ၎င်းအာရှခရီးစဉ်အစဖြစ်ပြီး ယင်းခရီးစဉ်အတွင်း အကျိုးအမြတ်များသည့် ကန်ထရိုက်စာချုပ်ချုပ်ဆိုမှုများ ပြုလုပ်ရန် ကြိုးပမ်းသွားမည်ဖြစ်ကာ ၎င်း၌ မဟာမိတ်များ ရှိနေသေးသည်ကို ထုတ်ဖော်သွားမည်ဖြစ်ကြောင်း သိရသည်။

အမ်ဘီအက်စ်ဟု လူသိများသည့် ဆော်ဒီအိမ်ရှေ့မင်းသား မိုဟာမက် ဘင်ဆယ်လ်မန်သည် ပါကစ္စတန်၌ တနင်္လာနေ့မတိုင်မီအထိ နေထိုင်မည်ဖြစ်သည်ဟု ခန့်မှန်းရသည်။ အိန္ဒိယနှင့် ဆော်ဒီအာရေဗျ၏ အဓိကယှဉ်ပြိုင်ဘက်ဖြစ်သည့် အီရန်တို့က ပါကစ္စတန်ကို မကြာသေးမီက ၎င်းတို့မြေပေါ်တွင် အသေခံဗုံးခွဲတိုက်ခိုက်မှု လုပ်ဆောင်ခဲ့သည့် စစ်သွေးကြွအုပ်စုများကို ကူညီပံ့ပိုးပေးနေသည်ဟု စွပ်စွဲလျက်ရှိသည်။ ဒေသတွင်း၌ ထိုသို့တင်းမာမှုများ အမြင့်ဆုံးဖြစ်ပွားနေချိန်တွင် ဆော်ဒီအိမ်ရှေ့မင်းသား၏ ခရီးစဉ်ပေါ်ထွက်လာခြင်းဖြစ်သည်။

ပါကစ္စတန်သို့ ရောက်ရှိပြီးနောက်တွင် မိုဟာမက်သည် အိန္ဒိယသို့ သွားမည်ဖြစ်ပြီး အိန္ဒိယဝန်ကြီးချုပ် နာရိန္ဒြာရာ မိုဒီနှင့် ရေနံဝန်ကြီး ဒါမန်ဒရာ ပရာဒဟန်တို့နှင့် တွေ့ဆုံမည်ဖြစ်ကြောင်း သိရသည်။ အိမ်ရှေ့မင်းသားသည် လာမည့်ကြာသပတေးနေ့နှင့် သောကြာနေ့တို့တွင် တရုတ်နိုင်ငံသို့ အလည်အပတ်သွားရောက်ကာ ၎င်း၏အာရှခရီးစဉ်ကို အဆုံးသတ်မည်ဟု ခန့်မှန်းရသည်။ **အေအက်ဖ်ပီ**

ဆော်ဒီအိမ်ရှေ့မင်းသား မိုဟာမက်ဘင်ဆယ်လ်မန်။

ဩစတြေးလျ၌ ရေလွှာလျှောစီးသူတစ်ဦး ငါးမန်းကိုက်ခံရပြီး ဒဏ်ရာအပြင်းအထန်ရရှိ

ဆစ်ဒနီ ဖေဖော်ဝါရီ ၁၇

ဩစတြေးလျရှိ အထင်ကရဖြစ်သည့် ဘိုင်ရွန်ပင်လယ်အော်၌ အသက် ၄၁ နှစ်အရွယ်ရှိ ရေလွှာလျှောစီးကစားသူတစ်ဦး တနင်္ဂနွေနေ့က ငါးမန်းကိုက်ခံခဲ့ ရကြောင်း သိရသည်။ ထိုသို့ဖြစ်ပွားပြီးနောက် ၎င်းကို ဆေးရုံသို့ လေယာဉ်ဖြင့် ပို့ဆောင် ခဲ့ရသည်။

ရေလွှာလျှောစီးသူအမျိုးသားသည် ဘီလွန်ဂီလ် ကမ်းခြေ၌ အရုဏ်တက်ပြီးချိန်တွင် ရေလှိုင်းစီးနေခဲ့ပြီး ယင်းအချိန်တွင် ခြေထောက်ကိုငါးမန်းကိုက်ခံလိုက်ရခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောသည်။ အဆိုပါအမျိုးသား၏ ရေလွှာလျှောစီးပျဉ်ချပ်၏ အမြီးပိုင်းမှာလည်း ကိုက်ဖဲ့ခံခဲ့ရသည်။

ငါးမန်းကိုက်ခံရသည့် အမျိုးသားသည် ၎င်း၏ပျဉ်ချပ်ဖြင့် ကမ်းခြေဆီသို့ ပြန်လှည့်လာခဲ့ပြီး ကမ်းခြေရှိ အခြားသူများကို အကူအညီပေးရန် တောင်းခံခဲ့သည်။ ၎င်းအား လေယာဉ်ဖြင့် Gold Coast University ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။ ၎င်းရရှိသည့် ဒဏ်ရာပြင်းထန်သော်လည်း အခြေအနေတည်ငြိမ်သွားပြီဖြစ်ကြောင်း သိရသည်။

ဘိုင်ရွန်ပင်လယ်အော်သည် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များနှင့် လှိုင်းစီးသူများ နှစ်သက်သဘောကျသည့် အထင်ကရနေရာတစ်ခုဖြစ်သည်။ **အေအက်ဖ်ပီ**

ရေလွှာလျှောစီးနေသူတစ်ဦးကို တွေ့ရစဉ်။

နယ်နိမိတ်အငြင်းပွားမှုကိစ္စနှင့်ပတ်သက်၍ ဂျပန်နှင့် ရုရှားတို့ ဆက်လက်သဘောထားကွဲနေ

တိုကျို ဖေဖော်ဝါရီ ၁၇

ဂျပန်နိုင်ငံက ပိုင်ဆိုင်သည်ဟု အငြင်းပွားလျက်ရှိသည့် ရုရှားထိန်းချုပ် ကျွန်းလေးကျွန်းနှင့် ပတ်သက်သည့် သဘောထားကွဲလွဲမှုများ ကျဉ်းမြောင်းစေရန် ဂျပန်နှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီးများ တွေ့ဆုံဆွေးနွေးခဲ့မှုများ အောင်မြင်မှုမရခဲ့ကြောင်း သိရသည်။ သို့သော်လည်း ညှိနှိုင်းမှုများ ဆက်လက်လုပ်ဆောင်သွားကြရန် နှစ်ဖက်လုံးက သဘောတူညီခဲ့ကြသည်။

ဂျပန်နိုင်ငံခြားရေးဝန်ကြီး တာရိုကိုနိုနှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗရော့တို့သည် စနေနေ့က ဂျာမနီနိုင်ငံ မြူးနစ်၌ မိနစ် ၉၀ ကြာအောင် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ဝန်ကြီးနှစ်ဦးတို့သည် အငြင်းပွားကျွန်းများအရေးနှင့် ပတ်သက်၍ ဖြေရှင်းချက်တစ်ရပ် ပါဝင်မည့် ငြိမ်းချမ်းရေးသဘောတူစာချုပ် အပြီးသတ်ချုပ်ဆိုနိုင်ရေး ညှိနှိုင်းဆွေးနွေးမှုများကို ဦးဆောင်လျက်ရှိသည်။

ဆွေးနွေးပွဲစတင်ချိန်တွင် ကိုနိုက ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် ရုရှားသမ္မတဗလာဒီမာပူတင်တို့အကြား နိုဝင်ဘာလတွင် သဘောတူညီမှုရရှိခဲ့သည့်အပေါ် အခြေခံသည့် ဆွေးနွေးပွဲများကို တစ်ဆက်တည်းပြုလုပ်သွားစေလိုကြောင်း ပြောကြားခဲ့သည်။ ခေါင်းဆောင်နှစ်ဦးတို့သည် ၁၉၅၆ ခုနှစ် ဂျပန်နှင့် ဆိုဗီယက် ပူးတွဲကြေညာချက်အပေါ် အခြေခံသည့် နှစ်နိုင်ငံညှိနှိုင်းဆွေးနွေးပွဲများကို အရှိန်အဟုန်မြှင့်လုပ်ဆောင်သွားကြရန် သဘောတူညီလိုက်ကြောင်း သိရသည်။

ဂျပန်နှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီးများ တွေ့ဆုံဆွေးနွေးနေစဉ်။

ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗရော့က ညှိနှိုင်းဆွေးနွေးမှုများအတွက် ကြိုတင်လိုအပ်သည့် အချက်တစ်ခုအနေဖြင့် အငြင်းပွားကျွန်းများကို ရုရှားပိုင်ဆိုင်သည့် ပိုင်နက်နယ်နိမိတ်အဖြစ် ဂျပန်နိုင်ငံကအသိအမှတ်ပြုရန် တိုက်တွန်းခဲ့သည်။ **အင်န်အိတ်ချ်ကေ**

မြောက်ကိုရီးယား၌ ထုတ်ဖော်ကြေညာထားခြင်းမရှိသည့် ဒုံးကျည်အခြေစိုက်စခန်း ၂၀ ခန့်ရှိကြောင်း အမေရိကန် အကြံပေးအဖွဲ့ပြော

ပြုံယမ်း ဖေဖော်ဝါရီ ၁၇

မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာမှုဆိုင်ရာ အမေရိကန်အကြံပေးအဖွဲ့သည် ယခင်ကမသိရှိခဲ့ရသည့် မြောက်ကိုရီးယားရှိ တိုက်ချင်းပစ်ဒုံးကျည်အခြေစိုက်စခန်းတစ်ခုကို ဂြိုဟ်တုရုပ်ပုံများကို ခွဲခြမ်းစိတ်ဖြာမှုမှ တွေ့ရှိရကြောင်း ပြောကြားခဲ့သည်။

SANGNAM-NI အမည်ရှိ ဒုံးကျည်အခြေစိုက်စခန်းသည် စစ်မဲ့ဇုန်မှ ကီလိုမီတာ ၂၅၀ အကွာခန့်ရှိ တောင်ကုန်းတောင်တန်း ထူထပ်သည့် ဧရိယာတစ်ခုအတွင်း၌ တည်ရှိကြောင်း သိရသည်။ ဂြိုဟ်တုရုပ်ပုံများအရ နက်ရှိုင်းသည့် တောင်ကြားနေရာတစ်ခုဆီသို့ သွားသည့် ဝင်ပေါက်ဖြစ်ဟန်ရှိသော အရာများကို တွေ့ရကြောင်း CSIS အဖွဲ့က ပြောကြားခဲ့သည်။

ယင်းအခြေစိုက်စခန်းမှာ ဂူအမ်ရှိ အမေရိကန်နှင့် အမေရိကန်စစ်အခြေစိုက်စခန်းများကို ထိမှန်နိုင်စွမ်းရှိသည့် မူဆူဒန်တာလတ်ပစ် နျူကလီးယားဒုံးကျည်တပ်ဆင်ရာ အခြေစိုက်စခန်းဖြစ်ကြောင်း အကြံပေးအဖွဲ့ကပြောကြားခဲ့သည်။ ယင်းအခြေစိုက်စခန်းသည် ဒီဇင်ဘာလတွင် လည်ပတ်ဆောင်ရွက်မှုရှိခဲ့ကြောင်း အကြံပေးအဖွဲ့က အတည်ပြုခဲ့သည်။

အကြံပေးအဖွဲ့သည် ပြီးခဲ့သည့်လက မြောက်ကိုရီးယားနိုင်ငံ အနောက်မြောက်ဘက်အခြမ်းတွင် ဒုံးကျည်ထုတ်လုပ်သည့် စက်ရုံတစ်ခုကိုတွေ့ခဲ့ကြောင်း ကြေညာခဲ့သည်။

မြောက်ကိုရီးယားသည် နိုင်ငံအနောက်မြောက်ပိုင်းရှိ တန်ချန် ဒုံးလွှတ်စခန်းကို ဖျက်သိမ်းမည်ဖြစ်ကြောင်း ကြေညာခဲ့ပြီး ယင်းကိစ္စနှင့်ပတ်သက်၍ ယခုလနှောင်းပိုင်းတွင် ကျင်းပမည့် အမေရိကန်-မြောက်ကိုရီးယား ဒုတိယအကြိမ်ထိပ်သီးအစည်းအဝေးတွင် ဆွေးနွေးသွားဖွယ်ရှိကြောင်း ကြေညာခဲ့သည်။

မြောက်ကိုရီးယားက လူသိရှင်ကြားထုတ်ဖော်ကြေညာထားခြင်းမရှိသည့် တိုက်ချင်းပစ်ဒုံးကျည်အခြေစိုက် စခန်း ၂၀ ခန့်ရှိကြောင်း အမေရိကန်အကြံပေးအဖွဲ့က ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**

ဂျာမနီနိုင်ငံ မြူးနစ်၌ ပြုလုပ်သည့် လုံခြုံရေးဆိုင်ရာ ကွန်ဖရင့်အစည်းအဝေး၌ အမေရိကန် ဒုတိယသမ္မတ မိုက်ပန့်စ် မိန့်ခွန်းပြောနေစဉ်။

မြောက်ကိုရီးယားအပေါ် အရေးယူပိတ်ဆို့မှုများ ဆက်လက်လုပ်ဆောင်သွားရန် မိုက်ပန့်စ်အလေးပေး

ဝါရှင်တန် ဖေဖော်ဝါရီ ၁၇

ယခုလနှောင်းပိုင်းတွင် ကျင်းပမည့် အမေရိကန်-မြောက်ကိုရီးယားထိပ်သီး အစည်းအဝေးမတိုင်မီ မြောက်ကိုရီးယားနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုများ ဆက်လက်လုပ်ဆောင်သွားရန် လိုအပ်ကြောင်း အမေရိကန်ဒုတိယသမ္မတ မိုက်ပန့်စ်က အလေးအနက်ပြောကြားခဲ့သည်။

စနေနေ့က မြူးနစ်လုံခြုံရေး ကွန်ဖရင့်အစည်းအဝေး၌ မိုက်ပန့်စ်က မိန့်ခွန်းတစ်ခု ပြောကြားခဲ့သည်။ ယခုလနှောင်းပိုင်းတွင် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ ထိပ်သီး အစည်းအဝေးကျင်းပရန် စီစဉ်ထားမှုနှင့်စပ်လျဉ်း၍ မိုက်ပန့်စ်က အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ငြိမ်းချမ်းရေးတစ်ရပ်ဖော်ဆောင်နိုင်မည်ဟု ယုံကြည်နေကြောင်း ၎င်းကပြောခဲ့သည်။

အတိတ်က ပြုခဲ့ဖူးသည့် အမှားမျိုးကို နောက်တစ်ကြိမ်အဖြစ်ခံတော့မည် မဟုတ်ကြောင်း၊ နိုင်ငံများအားလုံးသည် အတူတကွရပ်တည်ကာ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ဆောင်ရွက်ချက်များအားလုံးကို ဝိုင်းဝန်းပံ့ပိုးသွားကြရမည်ဖြစ်သည်ဟု အမေရိကန်ဒုတိယသမ္မတ မိုက်ပန့်စ်က ပြောကြားသည်။

ထို့ပြင် မိုက်ပန့်စ်က မြောက်ကိုရီးယား၏ နျူကလီးယားလက်နက် ဖျက်သိမ်းမှု လုံးဝပြီးပြည့်စုံသည့် အခြေအနေသို့ မရောက်ရှိသေးမီ နိုင်ငံများအားလုံးအနေဖြင့် အတူတကွ ခိုင်ခိုင်မာမာ ဆက်လက်ရပ်တည်သွားကြရန် လိုအပ်ကြောင်း ပြောကြားလိုက်သည်။ **အေအက်ဖ်ပီ**

ကမ္ဘာ့ ထိပ်တန်းနှစ်နိုင်ငံရဲ့ ကုန်သွယ်ရေးဆိုင်ရာ အကျပ်အတည်းဖြေရှင်းဖို့ နီးကပ်လာပြီလား

ထွန်းသစ်စ

အမေရိကန်ပြည်ထောင်စုအနေနဲ့ တရုတ်နိုင်ငံနဲ့ ကုန်သွယ်ရေးဆိုင်ရာ တကယ့်ကိုကောင်းမွန်တဲ့ ဆွေးနွေးမှုတွေလုပ်နိုင်ခဲ့တယ်လို့ အမေရိကန်ဘဏ္ဍာရေးဝန်ကြီး စတီဗင်မန်နျူချင်က မကြာသေးမီက ပြောကြားလိုက်တာ ကိုကြည့်ရင် အမေရိကန်နဲ့ တရုတ်နိုင်ငံကြား ကာလအတန်ကြာဖြစ်ပွားနေတဲ့ ကုန်သွယ်ရေးဆိုင်ရာအငြင်းပွားမှုဟာ တိုးတက်လာပြီလို့ဆိုရမှာ ဖြစ်ပါတယ်။

ကြီးကြီးမားမားတိုးတက်မှုမတွေ့ရသေး

အမေရိကန်ဘဏ္ဍာရေးဝန်ကြီး စတီဗင်မန်နျူချင် ဦးဆောင်တဲ့ အမေရိကန်ကုန်သွယ်ရေးဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့ဟာ တရုတ်နိုင်ငံ ပေကျင်းမှာနှစ်ရက်ကြာကျင်းပခဲ့တဲ့ ဆွေးနွေးပွဲပြီးနောက် အခုလိုပြောကြားခဲ့တာပါ။ ကောင်းမွန်တဲ့ ဆွေးနွေးပွဲလုပ်ဆောင်နိုင်ခဲ့သော်လည်း ကြီးကြီးမားမား တိုးတက်မှုတော့ မရရှိသေးပါဘူး။

ကမ္ဘာ့အင်အားကြီးနိုင်ငံနှစ်နိုင်ငံဖြစ်တဲ့ အမေရိကန်နဲ့ တရုတ် ထိပ်တန်းကိုယ်စားလှယ်တွေဟာ ပေကျင်းမှာကျင်းပခဲ့တဲ့ နှစ်ရက်ကြာ ဆွေးနွေးပွဲမှာ ကုန်သွယ်ရေးတင်းမာမှုတွေ ဖြေလျှော့ဖို့ အတတ်နိုင်ဆုံး ကြိုးစားခဲ့တယ်ဆိုတာကိုတော့ အသိအမှတ်ပြုရမှာပဲ ဖြစ်ပါတယ်။

ကောင်းမွန်တဲ့ဆွေးနွေးမှုတွေပြုလုပ်နိုင်ခဲ့

ပေကျင်းဆွေးနွေးပွဲပြီးတဲ့နောက် တွစ်တာမှာ အမေရိကန်ဘဏ္ဍာရေးဝန်ကြီး စတီဗင်မန်နျူချင်က မိမိနဲ့ အမေရိကန်ကုန်သွယ်ရေးကိုယ်စားလှယ် ရောဘတ်လိုက်သင်ဇာတို့ဟာ တရုတ်နိုင်ငံရဲ့ဒုဝန်ကြီးချုပ်လျူဟဲနဲ့ ကောင်းမွန်တဲ့ဆွေးနွေးပွဲ ပြုလုပ်နိုင်ခဲ့တယ်လို့ ပြောခဲ့ပါတယ်။ ဒုဝန်ကြီးချုပ်လျူဟဲဟာ တရုတ်နိုင်ငံရဲ့ ထိပ်တန်းစီးပွားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးတစ်ယောက်ဖြစ်ပါတယ်။

အမေရိကန်ကုန်သွယ်ရေးဆိုင်ရာကိုယ်စားလှယ်တွေနဲ့ တရုတ် သမ္မတ ရှီကျင့်ဖျင်တို့ရဲ့ယခုဆွေးနွေးပွဲပြီးနောက်ပိုင်းမှာ ထပ်မံပြုလုပ်ဦးမယ့် ဆွေးနွေးပွဲလည်း ရှိဦးမှာပါ။ စီးပွားရေး ထိပ်တန်းနှစ်နိုင်ငံရဲ့ ကုန်သွယ်ရေးအခြေအနေပေါ်မူတည်ပြီး ဈေးကွက်ကလည်း ပြောင်းလဲမှုတွေရှိပါတယ်။ သူတို့နှစ်နိုင်ငံရဲ့ကုန်သွယ်ရေးသာ အောင်အောင်မြင်မြင်နဲ့ ညှိနှိုင်းလို့ရခဲ့မယ်ဆိုရင်တော့ စီးပွားရေးဈေးကွက်ကလည်း အဆိုးထက် အကောင်းဘက်ကို ပိုမိုရောက်ရှိမှာပါ။

ကောင်းမွန်တဲ့လက္ခဏာတစ်ခု

နှစ်နိုင်ငံကြားထားရှိခဲ့တဲ့ကုန်သွယ်ရေးဆိုင်ရာ ယာယီသဘောတူညီချက်ဟာလည်း မတ် ၁ရက်နေ့မှာ နောက်ဆုံးသတ်မှတ်ရက်ပြည့်တယ်ဆိုပေမယ့်လည်း တရုတ်နိုင်ငံနဲ့ ကုန်သွယ်ရေးဆိုင်ရာ ဆွေးနွေးမှုဟာ တိုးတက်ကောင်းမွန်လာခဲ့ရင်တော့ နောက်ဆုံးသတ်မှတ်ရက်ကို ထပ်မံဆွဲဆန့်ချင်ကြောင်း အမေရိကန်သမ္မတက ပြောကြားလိုက်ပါတယ်။

တရုတ်သမ္မတ ရှီကျင့်ဖျင်က အမေရိကန်တာဝန်ရှိသူတွေနဲ့ တွေ့ဆုံချင်တယ်ဆိုတာ အလွန်ကောင်းမွန်တဲ့ လက္ခဏာတစ်ခုပါပဲလို့ အစောပိုင်းက အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ရဲ့စီးပွားရေးဆိုင်ရာ အကြံပေး လာရီကွဒ်လိုးက ပြောခဲ့ပါတယ်။

ကုန်သွယ်ရေးဆိုင်ရာ နှစ်နိုင်ငံညှိနှိုင်းမှုမှာ အနည်းငယ်တိုးတက်ကောင်းမွန်တဲ့ လက္ခဏာတွေရှိသော်လည်း တကယ့်ကို ထိရောက်တဲ့ ဆုံးဖြတ်ချက်မျိုးတော့ ချမှတ်နိုင်တာမျိုး မရှိသေးတာကိုလည်း တွေ့ရပါတယ်။

မန်နျူချင်နဲ့ လိုက်သင်ဇာတို့ ဆွေးနွေးပွဲပြီးနောက် မီဒီယာများအား မည်သည့်အကြောင်းမျှ ဖွင့်ဟပြောဆိုခြင်းမပြုဘဲ မိမိတို့တည်းခိုရာ ဟိုတယ်ဆီသို့ ပြန်နေစဉ်။

နှစ်နိုင်ငံဆက်ဆံရေးတိုးတက်ကောင်းမွန်လာ

နှစ်ဖက်ကုန်သွယ်ရေးညှိနှိုင်းမှုတိုးတက်တဲ့အပေါ် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ချီးကျူးစကားပြောလိုက်ပါတယ်။ တရုတ် နဲ့အမေရိကန်နှစ်နိုင်ငံကြား ကုန်သွယ်ရေးတင်းမာမှုကို ဖြေရှင်းနိုင်ဖို့ နှစ်ဖက်ညှိနှိုင်းရေး ကိုယ်စားလှယ်တွေဟာ အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီမှာ လာမယ့်ရက်သတ္တပတ်အတွင်း ထပ်မံတွေ့ဆုံဦးမယ်လို့ဆိုပါတယ်။

တရုတ်နဲ့အမေရိကန်ကြား ကုန်သွယ်ရေးဆိုင်ရာများမှာ စစ်မှန်တဲ့ သဘောတူညီချက်တစ်ခုရဖို့ အလွန်နီးစပ်နေပြီလို့ အိမ်ဖြူတော်သတင်းစာရှင်းလင်းပွဲမှာ အမေရိကန်သမ္မတထရမ့်က သတင်းထောက်များကို ပြောလိုက်ပါတယ်။

တရုတ်နိုင်ငံသမ္မတ ရှီကျင့်ဖျင်နဲ့သာမက တရုတ်နိုင်ငံနဲ့ပါ ဆက်ဆံရေးတိုးတက်ကောင်းမွန်ရေး အမေရိကန်နိုင်ငံက အနီးကပ်လုပ်ဆောင်နေကြောင်းနဲ့ ယခုအခါမှာနှစ်နိုင်ငံဆက်ဆံရေး တိုးတက်ကောင်းမွန်လာပြီဖြစ်ကြောင်း အမေရိကန်သမ္မတထရမ့်က ဆက်လက်ပြောကြားလိုက်ပါတယ်။

ဆွေးနွေးဖို့ကျန်သေး

မတ် ၁ ရက်နောက်ပိုင်းမှာ တရုတ်သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂၀၀ ဘီလီယံအပေါ် အခွန်နှစ်ဆကောက်ခံဖို့ အစီအစဉ်ကိုလည်း အမေရိကန်သမ္မတထရမ့်က ရွှေ့ဆိုင်းလိုက်ပါတယ်။ နှစ်ဖက်ကုန်သွယ်ရေးတင်းမာမှုကို ညှိနှိုင်းဖြေရှင်းဖို့ အချိန်ပိုမိုရရှိစေရေးအတွက် ဒီဇင်ဘာ ၁ ရက်မှာ စတင်အကျိုးသက်ရောက်ခဲ့တဲ့ ရက်ပေါင်း ၉၀ ရွှေ့ဆိုင်းမှုကိုလည်း ထပ်မံပြီး ရှေ့တိုးရင်ကောင်းမလားဆိုပြီး စဉ်းစားနေတယ်လို့ ဘလွန်းဘာ့ချ်သတင်းမှာ ဖော်ပြခဲ့ပါတယ်။

နှစ်ဖက်ညှိနှိုင်းဆွေးနွေးမှုမှာ အမေရိကန်တို့ရဲ့ တောင်းဆိုမှုနဲ့ ပတ်သက်ပြီး အနည်းငယ်တိုးတက်မှုများ ရှိခဲ့သော်လည်း တကယ့်အရေးတွေကိုတော့ ဆက်လက်ဆွေးနွေးဖို့ ကျန်သေးတယ်လို့ သည်ဝေါစထရိတ်ဂျာနယ်နဲ့ဘလွန်းဘာ့ဂ်သတင်းတွေမှာ ဖော်ပြခဲ့ပါတယ်။

ကမောက်ကမဖြစ်စေ

မညီမျှတဲ့ ကုန်သွယ်ရေးဆိုင်ရာ ကျင့်ထုံးတွေကို ကျင့်သုံးတယ်ဆိုပြီး အမေရိကန်က တရုတ်ကို စွပ်စွဲထားပါတယ်။ တရုတ်နိုင်ငံရဲ့ ဈေးကွက်ထဲကို နိုင်ငံခြားအခွင့်အလမ်းတွေ မဝင်နိုင်အောင် တားဆီးမှုတွေ အများအပြားလုပ်ထားပြီး တရုတ်ကုမ္ပဏီတွေကို ငွေကြေးဆိုင်ရာ ထောက်ပံ့မှုတွေ အများအပြား လုပ်ထားပါတယ်။ ထို့အပြင် ဉာဏမူပိုင်ခွင့်ဆိုင်ရာ ရယူမှုတွေလည်း အများအပြားပြုလုပ်နေတယ်လို့ အမေရိကန်က တရုတ်ကို ပြောဆိုထားတာ ဖြစ်ပါတယ်။

အမေရိကန်နဲ့ တရုတ်နိုင်ငံတို့ဟာ အပြန်အလှန်ကုန်သွယ်မှုတွေမှာ အမေရိကန်ဒေါ်လာ ၃၆၀ ဘီယီယံကျော် အခွန်ကောက်ခံမှုတွေရှိခဲ့ပါတယ်။ အဲဒီလိုလုပ်ဆောင်မှုတွေကြောင့် ကုန်ထုတ်လုပ်ငန်းတွေနဲ့ ကမ္ဘာ့စီးပွားရေးကို လှုပ်ခတ်မှုတွေဖြစ်စေခဲ့သလို နှစ်ဖက်စလုံးကို ရှေ့မတိုးသာ နောက်မဆုတ်သာ အခြေအနေဖြစ်ပေါ်စေပြီး ကုန်သွယ်မှုဆိုင်ရာ အခင်းအကျင်းမှာ ကမောက်ကမဖြစ်စေတာကို တွေ့ရ ပါတယ်။

သက်ရောက်မှုများရှိ

ကမ္ဘာ့အင်အားကြီး နှစ်နိုင်ငံရဲ့ကုန်သွယ်ရေးအားပြိုင်မှုဟာ ကျန်တဲ့ ကမ္ဘာ့နိုင်ငံအသီးသီးရဲ့ကုန်သွယ်ရေးအပေါ် ရိုက်ခတ်မှုတွေ ဖြစ်ပေါ်စေပါတယ်။ တရုတ်နိုင်ငံရဲ့စီးပွားရေးဖွံ့ဖြိုးမှုဟာ ယခင် ၆ ဒသမ ၈ ရာခိုင်နှုန်းရှိရာမှ ယခုအခါ ၆ ဒသမ ၇ ရာခိုင်နှုန်းအထိ ဖြစ်လာပြီး အနည်းငယ်ကျဆင်းခဲ့ပါတယ်။

သူတို့နှစ်နိုင်ငံရဲ့ ကုန်သွယ်ရေးတင်းမာမှုဟာ ကမ္ဘာ့ကုန်သွယ်ရေးအခြေအနေကို တစ်မျိုးတစ်မည် ပြောင်းလဲသွားနိုင်စွမ်းရှိသလို သက်ရောက်မှုတွေလည်း ရှိပါတယ်။ အမေရိကန်ဟာ တရုတ်ပို့ကုန်တွေ အပေါ် အခွန်တိုးမြှင့်ကောက်ခံမှုတွေ လုပ်ခဲ့ရာမှ တရုတ်နိုင်ငံရဲ့ ကုန်စည်တင်ပို့မှုဈေးကွက်ဟာ ကမောက်ကမဖြစ်ခဲ့ပြီး တရုတ်ငွေကြေးတန်ဖိုး အနည်းငယ်ကျဆင်းခဲ့ရပါတယ်။ တစ်ဖက်မှာတော့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ရဲ့ ကုန်သွယ်ရေးနဲ့ ပတ်သက်တဲ့ မူဝါဒအခင်းအကျင်းကြောင့် အမေရိကန်ဒေါ်လာဟာ အတက်ဘက်သို့ ဦးတည်လာတာကို လတ်တလောမှာ တွေ့မြင်ရမှာဖြစ်ပါတယ်။

နည်းလမ်းကောင်းတွေဖြစ်လာမယ်

တရုတ်နိုင်ငံကလည်း ခေသူတော့ မဟုတ်ပါဘူး။ စီးပွားရေးမှာ ကမ္ဘာ့ဒုတိယနေရာမှာ ရပ်တည်နိုင်တာနဲ့အညီ သူကလည်း ဘယ်နည်းနဲ့မဆို အမေရိကန်ကိုကျော်ဖို့ ကြိုးစားနေတဲ့သူလည်း ဖြစ်ပါတယ်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ရဲ့ ကုန်သွယ်ရေးနည်းဗျူဟာ ပြောင်းလဲမှုကြောင့်သာ လတ်တလောမှာ အခွင့်မသာသေးသလိုဖြစ်နေပေမယ့် နောင်တစ်ချိန်ချိန်မှာ ဘယ်နည်းနဲ့မဆို အမေရိကန်ကို ဖြတ်ကျော်ဖို့ ကြိုးစားဦးမှာပဲ ဖြစ်ပါတယ်။

ဆိုးရွားနေတဲ့ ကမ္ဘာ့ကုန်သွယ်ရေးတင်းမာမှုတွေကို လျော့နည်းစေဖို့ အမေရိကန်ပြည်ထောင်စု၊ တရုတ်နဲ့ ရုရှားနိုင်ငံတို့ကို အတူတကွ လုပ်ဆောင်သွားဖို့နဲ့ အကယ်၍ သူတို့တွေသာ အတူတကွ လက်တွဲမလုပ်ဆောင်နိုင်ပါက ကုန်သွယ်ရေးမှာ ပဋိပက္ခတွေနဲ့ ပရမ်းပတာ ဖရိုဖရဲဖြစ်ကုန်တော့မှာပဲဆိုပြီး မကြာသေးမီက ဥရောပသမဂ္ဂ ကောင်စီ ဥက္ကဋ္ဌ ဒေါ်နယ်တစ်ကလည်း တိုက်တွန်းလိုက်ပါတယ်။

အမေရိကန်သမ္မတထရမ့်ကတော့ ကုန်သွယ်ရေးဆိုင်ရာ အခြေအနေတွေ မျှော်မှန်းထားတာထက် ပိုမိုကောင်းမွန်လာဖို့အတွက် သူနဲ့ တရုတ်သမ္မတ ရှီကျင့်ဖျင်တို့ နောက်ထပ်ဆွေးနွေးသွားမယ်လို့ ဆိုထားပါတယ်။ အခုလည်း လက်ရှိအခြေအနေမှာ နှစ်နိုင်ငံလုံးအနေနဲ့ ကုန်သွယ်ရေးဆိုင်ရာ တိုးတက်မှုဖြစ်စဉ်တွေ ဖြစ်ပေါ်နေတာကို တွေ့မြင်ရမှာပဲဖြစ်ပါတယ်။ နှစ်နိုင်ငံညှိနှိုင်းမှုဟာ ကုန်သွယ်ရေးဆိုင်ရာ အခက်အခဲများကို ကျော်လွှားနိုင်မယ်လို့ နည်းလမ်းကောင်းတွေ ဖြစ်လာမယ် ဆိုတာမျှော်လင့်ရင်း။ ။

ကိုးကား - အေအက်ဖ်ပီ

ဂျပန်ဝန်ကြီးချုပ်က နိုဘယ်ဆုအတွက် ထရမ့်ကို အဆိုပြု

တိုကျို ဖေဖော်ဝါရီ ၁၇

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်ကို ပြီးခဲ့သည့် ဆောင်းဦးရာသီက နိုဘယ်ဆုအတွက် အဆိုပြုခဲ့ကြောင်း သိရသည်။ ဝါရှင်တန်က ထိုသို့ပြုလုပ်ရန် မေတ္တာရပ်ခံခဲ့ပြီးနောက် ထရမ့်၏အမည်ကို အဆိုပြုခဲ့ခြင်းဖြစ်ကြောင်း ဂျပန်သတင်းစာက တနင်္ဂနွေနေ့တွင် ဖော်ပြခဲ့သည်။

ပြီးခဲ့သည့်နှစ် ဇွန်လက မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနှင့် သမိုင်းဝင် ထိပ်သီးအစည်းအဝေးတစ်ရပ်ကို ကျင်းပခဲ့ပြီးနောက်တွင် သမ္မတထရမ့်အား နိုဘယ်ဆုအတွက် အဆိုပြုနိုင်ဖွယ်ရှိမှုကို အမေရိကန်က ဂျပန်သို့ ပြောဆိုခဲ့ကြောင်း ဂျပန်အစိုးရသတင်းရင်းမြစ်တစ်ခုက အမည်ထုတ်ဖော်ခြင်းမရှိဘဲ ပြောကြားခဲ့သည်။ သမ္မတထရမ့်က ၎င်း၏အမည်ကို မစ္စတာအာဘေးက နိုဘယ်ဆုအတွက် အဆိုပြုခဲ့ကြောင်း သောကြာနေ့က ပြောကြားခဲ့ပြီးနောက် အဆိုပါသတင်းပေါ်ထွက်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အေအက်ဖ်ပီ

နယူးဇီလန်၌ တောမီးငြိမ်းသတ်ရာတွင် ပါဝင်ခဲ့သည့် ရဟတ်ယာဉ်တစ်စင်းပျက်ကျမှုဖြစ်ပွား

ဝယ်လင်တန် ဖေဖော်ဝါရီ ၁၇

နယူးဇီလန်နိုင်ငံ တောင်ပိုင်းကျွန်းရှိ Pigeon တောင်ကြားဒေသအနီးတွင် လောင်ကျွမ်းသည့်တောမီးကို ငြိမ်းသတ်ရာတွင်ပါဝင်ခဲ့သည့် ရဟတ်ယာဉ်တစ်စင်းသည် ဒေသစံတော်ချိန် ညနေသုံးနာရီခန့်တွင် ပျက်ကျခဲ့ကြောင်း နယ်ဆန် တပ်စ်မန် ပြည်တွင်းကာကွယ်ရေးအဖွဲ့က ပြောကြားခဲ့သည်။

ရဟတ်ယာဉ်မှူးမှာ အသက်ရှင်လွတ်မြောက်ခဲ့ပြီး ဒဏ်ရာများရရှိခဲ့သည့်အတွက် ဆေးကုသမှုခံယူလျက်ရှိကြောင်းနှင့် ဒဏ်ရာမပြင်းထန်ကြောင်း ပြည်တွင်းကာကွယ်ရေးအဖွဲ့ ထိန်းသိမ်းကြီးကြပ်သူ ရောဂျာဘောလ်က ပြောသည်။

ရဟတ်ယာဉ်ပျက်ကျမှုသည် Eves တောင်ကြားဒေသအနီးတွင် ဖြစ်ပွားခဲ့သည်ဟု ယူဆရသည်။ ဒေသရှိ မီးသတ်နှင့် အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့က ရဟတ်ယာဉ်မှူးနှင့် အခြားလိုက်ပါလာသူများကို ကယ်ဆယ်ရန် အမြန်ဆုံးဆောင်ရွက်ခဲ့ကြသည်။

ဖေဖော်ဝါရီ ၅ ရက်မှ စတင်လောင်ကျွမ်းခဲ့သည့် နယူးဇီလန်တောမီးသည် မြေကေပေါင်း ၂၃၃၅ ခန့်ကို လောင်ကျွမ်းစေခဲ့ပြီး ဒေသခံပြည်သူ ၃၀၀၀ ခန့်ကို ကယ်ဆယ်ရွှေ့ပြောင်းခဲ့ရသည်။

မီးသတ်ကယ်ဆယ်ရေးအဖွဲ့ဝင် ၁၅၀ ခန့်နှင့် ရဟတ်ယာဉ်ပေါင်း ၂၂ စင်းတို့ မီးတောက်များကို ငြိမ်းသတ်ရာတွင် ပါဝင်ခဲ့ကြောင်းသိရသည်။

ဆင်ဟွာ

ငဖဲမြို့နယ်၌ မကွေးတိုင်းဒေသကြီးအဆင့် (၇၁) နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနား ကျင်းပ

ငဖဲ ဖေဖော်ဝါရီ ၁၇

မင်းဘူးခရိုင် ငဖဲမြို့နယ် ကျောင်းကုန်းကျေးရွာတွင် (၇၁) နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားကို ယနေ့ နံနက်က ကျင်းပရာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတာ၊ ချင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးလှထွန်းနှင့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်း ဥက္ကဋ္ဌ ဆလိုင်းမြတ်ထွန်းဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်သီချင်းကို အရှိဘာသာဖြင့် သီဆို၍ နိုင်ငံတော်အလံကို အလေးပြုခဲ့ကြပြီး တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်း ဥက္ကဋ္ဌ ဆလိုင်းမြတ်ထွန်းဦးက အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတာတို့က အမျိုးသားစည်းလုံးညီညွတ်ရေးသည် အရေးကြီး၍ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားပြီး ချင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက တိုင်းရင်းသားရိုးရာယဉ်ကျေးမှုနှင့် စာပေကို ချစ်မြတ်နိုးစိတ်ဖြင့် ထိန်းသိမ်းမြှင့်တင်သွားကြရန်နှင့် တိုင်းရင်းသားစာပေ သင်ကြားနိုင်မှုများကိုလည်းကောင်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီး နိုင်သက်လွင်ထံမှ ပေးပို့သော ချင်းအမျိုးသားနေ့ သဝဏ်လွှာကို တိုင်းဒေသကြီး တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာမြင့်ကလည်းကောင်း၊ ချင်းတိုင်းရင်းသား တိုင်းရင်းသူ သုံးဦးက ချင်းအမျိုးသားနေ့ ဖြစ်ပေါ်လာပုံ သမိုင်းအကျဉ်းကိုလည်းကောင်း ပြောကြားပြီး မြို့နယ် အရှိချင်းတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုရေးရာအဖွဲ့ ဥက္ကဋ္ဌ ဆလိုင်းမောက်မောက်ကျော်က ချင်းအမျိုးသားနေ့တွင် တင်သွင်းမည့် ရှေ့လုပ်ငန်းစဉ် ၁၀ ချက်ကို ဖတ်ကြား၍ တက်ရောက်လာကြသည့် ချင်းတိုင်းရင်းသားများက ထောက်ခံအတည်ပြုခဲ့ကြောင်း သိရသည်။

မယု (ငဖဲ)

ငဖဲမြို့နယ် ကျောင်းကုန်းကျေးရွာ၌ (၇၁) နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနား ကျင်းပစဉ်။

မယ်စဲ့မြို့နယ်၌ မြို့နယ်အားကစားကွင်းသစ်ဖွင့်ပွဲ ကျင်းပ

မယ်စဲ့ ဖေဖော်ဝါရီ ၁၇

ကယားပြည်နယ် ဘော်လခဲခရိုင် မယ်စဲ့မြို့နယ်တွင် မြို့နယ်အားကစားကွင်းသစ်ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့က မယ်စဲ့မြို့ မြို့နယ်အားကစားကွင်းသစ်၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ကယားပြည်နယ် (လွိုင်ကော်မြို့)နှင့် ထိုင်းနိုင်ငံ (မယ်ဟောင်ဆောင်)မြို့တို့ နှစ်နိုင်ငံ MoU လက်မှတ်ရေးထိုးထားသည့်အတွက် နှစ်နိုင်ငံအားကစားကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ပြည်နယ်အစိုးရ၏ အစီအစဉ်ဖြင့် မြို့နယ်အဆင့် အားကစားကွင်းကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ International Boder Check Point ဖြစ်လာစေရေးအတွက် ခွန်ယွန်းမြို့နယ်အုပ်ချုပ်ရေးမှူး အပါအဝင် နှစ်ဖက်နိုင်ငံ ပြည်သူများကလည်း တာဝန်ရှိသူများထံ တင်ပြဆောင်ရွက်စေလိုကြောင်း၊ ဖွံ့ဖြိုးတိုးတက်သည့် အရှေ့တစ်ခု၏ လမ်းကြောင်းပေါ် လျှောက်လှမ်းနိုင်ရန်အတွက် နှစ်နိုင်ငံ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို လိုက်နာပြီး နှစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုဆောင်ရွက်သွားရန်လိုအပ်ကြောင်း ပြောကြားသည်။ ထို့နောက် ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမိုးကျော်လွင်က ဘောလုံးကွင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်ခရိုင် ခွန်ယွန်းမြို့နယ်အုပ်ချုပ်ရေးမှူး MR Narongchai Chindaphan က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ် လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီး ဦးခင်မောင်ဖြူ၊ ပြည်နယ် စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဒေါက်တာအောင်ကျော်ဌေး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းပန်ဖ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသန်းလင်းလင်းတို့က မြို့နယ်အားကစားကွင်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။

အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ် ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ ညွှန်ကြားရေးမှူး၊ ပြည်နယ်/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ထိုင်းနိုင်ငံ ခွန်ယွန်းမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ နှစ်နိုင်ငံအားကစားသမားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ဝတ်ရည် (ပြန်/ဆက်)

ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် တာဝန်ရှိသူများက မြို့နယ်အားကစားကွင်းကို ဖွင့်လှစ်ပေးနေစဉ်။

ကချင်ပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးနှင့် ဖားကန့်ဒေသခံပြည်သူများ တွေ့ဆုံ

ဖားကန့် ဖေဖော်ဝါရီ ၁၇

ကချင်ပြည်နယ် ဖားကန့်မြို့ သီရိမင်္ဂလာမဏိဇေယျ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဦးလဆိုင်းနှင့် ဒေသခံပြည်သူများ တွေ့ဆုံပွဲကို ကျင်းပရာ ပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးက ပြည်ထောင်စုလွှတ်တော်မှ (၂၀၁၉ ခုနှစ်၊ ဇန်နဝါရီ ၃၀) ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သည့် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့် ဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းတာဝန်များကို ပြည်သူများအား အသိပေးရှင်းလင်းခဲ့သည်။

ဆက်လက်၍ ပြည်သူများက စပျစ်ခူးကျေးရွာ၌ မြေစာပြိုကျမည့်အန္တရာယ် ကြုံတွေ့နေရသည့် အခြေအနေများကို တင်ပြခြင်း၊ သတ်မှတ်အချိန်အတွင်း ရေမဆေးကျောက်ရှာဖွေရာမှ ရရှိသည့် ကျောက်စိမ်းအရိုင်းများကို အချို့ကုမ္ပဏီများက ပြန်လည်သိမ်းယူသည့်ကိစ္စ ညှိနှိုင်းဖြေရှင်းပေးစေလိုကြောင်း၊ CSR ရန်ပုံငွေဖြင့် (ကျောက်မျက်လုပ်ငန်းရှင်များက ဒေသအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရန် ပေးအပ်ထားသည့် ငွေကြေး) ဥရုချောင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ထိရောက်စေလိုကြောင်း၊ မြို့နယ်အတွင်း လျှပ်စစ်မီးလျင်မြန်စွာရရှိရေးကိစ္စ၊ ရေလုံလောက်စွာရရှိရေးကိစ္စနှင့် အမှိုက်သိမ်းစနစ်များ ကောင်းမွန်ရေး ဆောင်ရွက်ပေးရန်တို့ကို တင်ပြခဲ့ကြသည်။

ယင်းနောက် ပြည်သူများ၏ တင်ပြမှုများကို မြို့နယ်စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်စွာအောင်နှင့် သက်ဆိုင်ရာဌာနများဖြစ်သည့် မြို့နယ်လျှပ်စစ်၊ မြို့နယ်စည်ပင်တို့မှ တာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြသည်။

ထို့နောက် ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးက ပြည်သူများ၏ တင်ပြချက်များအပေါ် ကွင်းဆင်းကြည့်ရှု၍ နစ်နာမှုများကို ဥပဒေအရ ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

မြဝတီမြို့နယ်အတွင်းရှိ ကိုယ်ဝန်ဆောင် ၁၇၀၅ ဦးနှင့် နှစ်နှစ်အောက်ကလေး ၄၉၀ တို့အတွက် ထောက်ပံ့ငွေများပေးအပ်

မြဝတီ ဖေဖော်ဝါရီ ၁၇

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ်အတွင်းရှိ ကိုယ်ဝန်ဆောင် ၁၇၀၅ ဦးနှင့် နှစ်နှစ်အောက်ကလေးငယ် ၄၉၀ ဦးတို့အတွက် စုစုပေါင်းထောက်ပံ့ငွေကျပ် ၈၆၅၃၅၀၀၀ ကို ထောက်ပံ့ခြင်းကို ယနေ့ နံနက်က မြဝတီမြို့ သောင်ရင်းခန်းမ၌ ဆောင်ရွက်ခဲ့သည်။

အခမ်းအနားသို့ ပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးတေဇထွန်းလှိုင်ထွေး တက်ရောက် အမှာစကားပြောကြားရာ ယနေ့ အခမ်းအနားသည် နိုင်ငံတော်အစိုးရ၏ မူဝါဒတစ်ခုဖြစ်သည့် ကိုယ့်ဒေသ ကိုယ့်ပြည်နယ်အတွင်းမှာရှိသည့် အနာဂတ်မျိုးဆက်သစ်ကလေးများ၊ မိခင်လောင်းများ အာဟာရဓာတ်ပြည့်ဝအောင်ဆိုပြီး နိုင်ငံတော်ကနေ စီမံပြီး ယခုလို ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း၊ ရရှိသည့်ငွေကြေးကိုလည်း အမှန်တကယ်အကျိုးရှိပြီး အာဟာရပြည့်ဝအောင် စောင့်ရှောက်စေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးဇော်မင်းက ကိုယ်ဝန်ဆောင်မိခင်နှင့် ယင်းတို့မှ မွေးဖွားလာသော ကလေးသူငယ်များအား ထောက်ပံ့ရေးအစီအစဉ်ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ကိုယ်ဝန်ဆောင်မိခင် ၁၇၀၅ ဦးကိုယ်စား ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်ကိုလည်းကောင်း၊ ၂ နှစ်အောက်ကလေးငယ် ၄၉၀ တို့ကိုလည်းကောင်း ထောက်ပံ့ငွေများ ပေးအပ်ခဲ့ပြီး ကိုယ်ဝန်ဆောင်မိခင်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

ထိုသို့ ထောက်ပံ့ပေးအပ်ခြင်းသည် ကိုယ်ဝန်ဆောင်မိခင် တစ်ဦး၊ နှစ်နှစ်အောက်ကလေးငယ် တစ်ဦးလျှင် တစ်လ ငွေကျပ် ၁၅၀၀၀ နှုန်းဖြင့် သုံးလ တစ်ကြိမ် ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကာ ယခု မြဝတီမြို့တွင် ပထမဆုံးအကြိမ်အဖြစ် ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်း ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနမှ သိရသည်။

ထိန်လင်းအောင် (ပြန်/ဆက်)

ချင်းတွင်းမြစ်ကို ကယ်တင်စို့ လူထုလှုပ်ရှားမှု မုံရွာမြို့၌ ပြုလုပ်

မုံရွာ ဖေဖော်ဝါရီ ၁၇

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မြို့တော်ခန်းမအနီးရှိ ချင်းတွင်းမြစ်ဝှမ်းအဖွဲ့အစည်းရုံးရှေ့၌ ယနေ့ နံနက်က ချင်းတွင်းမြစ်ကို ကယ်တင်စို့ အမှိုက်ကောက်လူထုလှုပ်ရှားမှုတစ်ခုကို လုပ်ဆောင်လျက်ရှိသည်။

အဆိုပါလှုပ်ရှားမှုကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မြန်မာ့ပတ်ဝန်းကျင်သိပ္ပံ၊ စတော့ဟုမ်းပတ်ဝန်းကျင်သိပ္ပံ၊ ချင်းတွင်းမြစ်ဝှမ်းအဖွဲ့အစည်းနှင့် မုံရွာတက္ကသိုလ်တို့ ပူးပေါင်းလုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ချင်းတွင်းမြစ်သည် ဧရာဝတီမြစ်၏ အကြီးဆုံးမြစ်လက်တက်ဖြစ်ပြီး ချင်းတွင်းမြစ်ဝှမ်းနှင့် ဒေသတစ်ဝိုက်တွင် ဒေသခံပြည်သူများ ဇီဝမျိုးစုံမျိုးကွဲများနှင့် ယင်းတို့၏ ဂေဟစနစ် ဝန်ဆောင်မှုများအတွက် အလွန်အရေးပါသော ဂေဟဝန်ဆောင်မှုကို ပံ့ပိုးပေးနေသည့် မြစ်ကြီးတစ်စင်းဖြစ်ပြီး ဇီဝမျိုးစုံမျိုးကွဲများ အဓိကထိန်းသိမ်းသင့်သည့် ၁၁ နေရာ တည်ရှိရာဒေသလည်းဖြစ်ပြီး ကမ္ဘာပေါ်တွင် မျိုးသုဉ်းပျောက်ကွယ်တော့မည့် မျိုးစိတ်ပေါင်း ၃၈ မျိုးတို့ စုဝေးရာဒေသတစ်ခုလည်းဖြစ်ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ မုံရွာတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာသူရဦး၊ မုံရွာတက္ကသိုလ် သတ္တဗေဒဌာန ပါမောက္ခ ဌာနမှူး ဒေါက်တာခင်ဆွေဝင်းတို့က အမှာစကားပြောကြားပြီး ချင်းတွင်းမြစ်ဝှမ်းအဖွဲ့အစည်း အတွင်းရေးမှူးက ကျေးဇူးတင်စကား ပြောကြားကာ ချင်းတွင်းမြစ်နှင့် ပတ်သက်သည့် ဗီဒီယိုကို ပြသခဲ့ကြောင်း သိရသည်။

"ချင်းတွင်းမြစ်ကို ကယ်တင်စို့" လှုပ်ရှားမှုတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ မုံရွာတက္ကသိုလ် ပါမောက္ခချုပ်နှင့် ပါမောက္ခ ဌာနမှူးများနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ပြည်သူများ စုပေါင်းပြီး မုံရွာမြို့တော်ခန်းမ တစ်ဝိုက်နှင့် မုံရွာမြို့ ချင်းတွင်းမြစ် ကျောက်ဆောင်ဆိပ်ကမ်းဘေးတို့တွင် စုပေါင်းအမှိုက်ကောက်ခဲ့ကြောင်း သိရသည်။

ဝင်းဦး (ဧယျာတိုင်း)

တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် ကျောင်းသား ကျောင်းသူများကို အမှိုက်ကောက်လူထုလှုပ်ရှားမှုအတွင်း တွေ့ရစဉ်။

ပြည်မြို့လေးဆူဓာတ်ပျော်ရွှေဆံတော်စေတီတော်မြတ်ကြီး အရုဏ်ညံ့ရိုးမီးပူဇော်ပွဲနှင့် ထမနဲထိုးပြိုင်ပွဲစည်ကားစွာကျင်းပမည်

ပြည် ဖေဖော်ဝါရီ ၁၇

ပဲခူးတိုင်းဒေသကြီး ပြည်မြို့လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီးတွင် နှစ်စဉ်မပျက် ကျင်းပမြဲဖြစ်သော ညံ့ရိုးမီးပူဇော်ပွဲနှင့် ထမနဲထိုးပြိုင်ပွဲအခမ်းအနားကို ကျင်းပမည်ဖြစ်သည်။

ဖေဖော်ဝါရီ ၁၉ ရက်(တပို့တွဲလပြည့်နေ့) နံနက်ပိုင်းအရုဏ်တက်တွင် အရုဏ်ညံ့ရိုးမီးပူဇော်ပွဲနှင့် ထမနဲပွဲကို ရွှေဆံတော်ရင်ပြင်တော် မြတ်စွယ်တော်တိုက်၌ ကျင်းပမည်ဖြစ်ပြီး တောင်ဘက်စောင်းတန်းထိပ် ရတနာပုံထီးဘုရားရှေ့တွင် နံနက် ၄ နာရီမှစ၍ အများပြည်သူအပေါင်းတို့က ညံ့ရိုးမီးကိုယ်စီကိုင်ဆောင်ကာ မီးပူဇော်ကြမည်ဖြစ်သည်။

နံနက် ၆ နာရီခွဲတွင် ရင်ပြင်မြတ်စွယ်တော်တိုက်၌ ရွှေဆံတော်ဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော် ကိုးပါးတို့ကို ပင့်ဆောင်၍ အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းခြင်း၊ ဆရာတော်သံဃာတော်တို့ထံမှ ကိုးပါးသီလခံယူဆောက်တည်ခြင်းနှင့် ရေစက်သွန်းချခြင်း ကျင်းပမည်ဖြစ်သည်။

ဖေဖော်ဝါရီ ၁၈ ရက် (တပို့တွဲလဆန်း ၁၄ ရက်) နံနက် ၇ နာရီတွင် မဟာဗောဓိရင်ပြင်တော်ပေါ်၌ (၁၈) ကြိမ်မြောက် ထမနဲထိုးပြိုင်ပွဲ ကျင်းပမည်ဖြစ်ရာ ရွှေဆံတော်ဝေယျာဝစ္စအဖွဲ့ ခြောက်ဖွဲ့နှင့် ဝန်ထမ်းအဖွဲ့တစ်ဖွဲ့တို့က ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ဘုရားဖူးလာ ဧည့်ပရိသတ်အပေါင်းတို့အား ရင်ပြင်တော်မင်္ဂလာမဏ္ဍပ်တွင် စတုဒိသာထမနဲများဖြင့် ဧည့်ခံကျွေးမွေးလှူဒါန်းမည်ဖြစ်သည်။

ညံ့ရိုးမီးပူဇော်ပွဲသည် ပြည်မြို့လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး၌သာ ကျင်းပခဲ့ရာ (၉၆) ကြိမ်မြောက်ရှိပြီဖြစ်၍ ရပ်ဝေးရပ်နီးနေအများ ပြည်သူတို့သည် ကြံုတောင့်ကြံုခဲပူဇော်ပွဲကြီးဖြစ်၍ လာရောက်ဖူးမြော်ကြည်ညိုနိုင်ရန် နှိုးဆော်ဖော်ပြလိုက်ပါသည်။

မောင်ရွှေဝင်း(ပြည်)

ပြည်မြို့လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး။

မိတ္ထီလာမြို့နယ်၌ ၂၀၁၈-၂၀၁၉ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူ ၇၆၀၀ ကျော်ကို စာစစ်ဌာန ၁၄ ခုဖြင့် ကျင်းပသွားမည်

မိတ္ထီလာ ဖေဖော်ဝါရီ ၁၇

မိတ္ထီလာမြို့နယ်၌ ၂၀၁၈-၂၀၁၉ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူ ၇၆၀၀ ကျော်ကို စာစစ်ဌာန ၁၄ ခုဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

မြို့နယ်အတွင်း၌ ၂၀၁၇-၂၀၁၈ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူ ၇၀၅၅ ဦးရှိပြီး ဝင်ရောက်ဖြေဆိုသည့် ကျောင်းသား ကျောင်းသူ ၆၇၁၁ ဦးကို စာစစ်ဌာန ၁၂ ခုဖြင့် ကျင်းပခဲ့ပြီး ယခုနှစ် ၂၀၁၈-၂၀၁၉ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူ ၇၆၆၄ ဦး ဝင်ရောက်ဖြေဆိုသွားမည်ဖြစ်ရာ ယခင်နှစ်ကထက် ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများသည့်အတွက် စာစစ်ဌာန နှစ်ခု တိုးချဲ့ကျင်းပသွားမည်ဖြစ်ကြောင်း၊ အဆိုပါ စာစစ်ဌာနများဖြစ်သည့် အထက (၂)စာစစ်ဌာန၊ အထက(၃) စာစစ်ဌာန၊ အထက(၄) စာစစ်ဌာန၊ အထက(၆) စာစစ်ဌာန၊ အလက(၂) စာစစ်ဌာန၊ အထကအောင်ဇေယျာစာစစ်ဌာန၊ အထကညောင်ကိုင်း စာစစ်ဌာန၊ အထကရေချို စာစစ်ဌာန၊ အထကအလည်ရွာ စာစစ်ဌာန၊ အထကရေဝေ စာစစ်ဌာန၊ အထက(၁)တွင် ဒက္ခိဏစာစစ်ဌာန၊ ဥတ္တရစာစစ်ဌာန နှစ်ခုနှင့် အထက(၅)တွင် ရှမ်းတဲ(၁)စာစစ်ဌာန၊ ရှမ်းတဲ(၂)စာစစ်ဌာနနှစ်ခု စသည့် စာစစ်ဌာန ၁၄ ခုတို့တွင် ဖြေဆိုမည့် ကျောင်းသားကျောင်းသူများကို စာစစ်ဌာနအလိုက် သက်ဆိုင်ရာကြီးကြပ်ရေးမှူးများက ဖေဖော်ဝါရီ ၁၅ ရက်မှစတင်၍ စာမေးပွဲဖြေဆိုမည့်ရက် နံနက်အထိ စာဖြေသူဝင်ခွင့်ကတ်များကို ထုတ်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူး ဦးသိန်းထွန်းဦးက ပြောကြားသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

ကျွန်းစု၌ လှောင်အိမ်စနစ်ဖြင့် ရေငန်ငါးမွေးမြူရေး တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး

ကျွန်းစု ဖေဖော်ဝါရီ ၁၇

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ရေမြစ်ကြီးကျေးရွာအုပ်စု ဒုံးပုလဲအော်ကျေးရွာအနီးတွင် Norwegian Development Group Limited က အကောင်အထည်ဖော်ဆောင်ရွက်မည့် လှောင်အိမ်စနစ်ဖြင့် ရေငန်ငါးမွေးမြူမည်ဖြစ်သည်။ စီမံကိန်းဆောင်ရွက်မှုကြောင့် ဖြစ်ပေါ်နိုင်သည့် ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်သက်ရောက်မှုများကို ဖော်ထုတ်နိုင်ရန် ထိခိုက်သက်ရောက်မှုများအား လျှော့ချပေးနိုင်မည့် အစီအစဉ်များကို အကြံပြုတင်ပြနိုင်ရန်နှင့် စောင့်ကြည့်စစ်ဆေးမည့် အစီအစဉ်များကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း အစီရင်ခံစာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဒေသခံပြည်သူများနှင့် ဆက်စပ်တာဝန်ရှိသူများကို တိုင်ပင်ဆွေးနွေးခြင်းနှင့် သတင်းအချက်အလက်များ ထုတ်ဖော်တင်ပြခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၁၅ ရက်က ကျွန်းစုမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ကျွန်းရတနာခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးမင်းဦးက အမှာစကားပြောကြားပြီး Norwegian Development Group Limited၊ Advisor ဒေါက်တာမေမြတ်နိုးနွယ်က နော်ဝေနိုင်ငံ၏ ခေတ်မီနောက်ဆုံးပေါ်နည်းပညာများ အသုံးပြု၍ စီမံကိန်းနေရာမှာ လှောင်အိမ်ကြီးများဖြင့် ရေငန်ငါးမွေးမြူသွားမည်ဖြစ်ပြီး ဗီယမ်နမ်နိုင်ငံတွင် နော်ဝေနိုင်ငံ၏ ကူညီပံ့ပိုးမှုဖြင့် လှောင်အိမ်ကြီးများနှင့် အပူပိုင်းရေငန်ငါးမွေးမြူရေးကို အောင်မြင်စွာမွေးမြူနေပြီဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် Guardians of Green Environmental Services Co., Ltd.၊ Consultant ဒေါ်အေးအေးခိုင်က စီမံကိန်းဆောင်ရွက်မည့် ပတ်ဝန်းကျင်ဆိုင်ရာလေ့လာဆန်းစစ်မှုများ ဆောင်ရွက်ပုံ၊ ရေနေဇီဝမျိုးစုံမျိုးကွဲများ လေ့လာရာ Phytoplankton မျိုးစိတ်ပေါင်း ၆၄ မျိုးနှင့် Zooplankton မျိုးစိတ်ပေါင်း ၂၁ မျိုးတို့ကို လေ့လာတွေ့ရှိရပြီး လေထုအရည်အသွေး တိုင်းတာမှုရလဒ်များ၊ အသံဆူညံမှုတိုင်းတာမှုရလဒ်များ၊ ရေထုအရည်အသွေးတိုင်းတာမှုရလဒ်များ၊ လူမှုစီးပွားစစ်တမ်းကောက်ယူခြင်း၊ ကျောက်ချခြင်းစနစ်၊ အလုပ်သမားများ၏ ဘေးအန္တရာယ်ကင်းရှင်းလုံခြုံမှု စသည့် ဆောက်လုပ်ရေးကာလအတွင်း ဖြစ်ပေါ် လာနိုင်သော သိသာထင်ရှားသည့် ဆိုးကျိုးများလျှော့ချစေရေးနှင့် စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်များ၊ ရေငန်ငါးမွေးမြူရေးလုပ်ငန်းနှင့် ပတ်သက်၍ ကနဦးပတ်ဝန်းကျင် ဆန်းစစ်ခြင်း အစီရင်ခံစာနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာသော ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာများက သိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

စည်သူရအောင်(ကျွန်းစု)

ရေစကြိုမြို့နယ် ကျွန်းထဲကျေးရွာများတွင် ငရုတ်သီးအထွက်လျော့၍ ဈေးကောင်းရလျက်ရှိ

ရေစကြို ဖေဖော်ဝါရီ ၁၇

ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ကျွန်းထဲကျေးရွာများတွင် ကျွန်းလေးငရုတ်များ ခူးဆွတ်နေကြပြီဖြစ်ပြီး ယခုနှစ်တွင် ငရုတ်သီးအထွက်လျော့၍ ယခင်နှစ်ကထက် ဈေးကောင်းရလျက်ရှိကြောင်း သိရသည်။

ရေစကြိုမြို့နယ်တွင် မြေစွန်းတော်ကျေးရွာ၊ ဆင်ခြေယာကျေးရွာနှင့် သာဂေါင်ကျေးရွာတို့သည် ကျွန်းလေးငရုတ်သီးများကို နှစ်စဉ်စိုက်ပျိုးလာခဲ့ရာ ယခုနှစ်တွင် ငရုတ်စိုက်ခင်းများ ပိုးကျသဖြင့် ငရုပ်သီးအထွက်နှုန်း ထက်ဝက်ကျော်ခန့်လျော့နည်းခဲ့ကြောင်း ကျေးရွာဒေသခံများထံမှ သိရသည်။

"ဒီနှစ် အထွက်နှုန်းလျော့တယ်။ နှစ်တိုင်း တစ်ကေကို ၁၂၅ တင်းလောက်ထွက်တာ။ ဒီနှစ်တင်း ၄၀ လောက်ပဲထွက် တယ်" ဟု မြေစွန်းတော်ကျေးရွာမှ ငရုတ်စိုက်တောင်သူတစ်ဦးက ပြောသည်။ ဈေးနှုန်းမှာ ယခင်နှစ်က ကျွန်းလေးငရုတ်တစ်တင်းလျှင် ငွေကျပ် ၂၀၀၀၀ အထိ ဈေးအမြင့်ဆုံးရရှိခဲ့ပြီး ယခုနှစ်တွင် ငွေကျပ် ၂၇၀၀၀ ထိ ဈေးမြင့်တက်ရောင်းချလျက်ရှိကြောင်း သိရသည်။

အိမွန်ဆွေ(ရေစကြို)

ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၇-၂-၂၀၁၉

ရွှေ

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၀၇၂၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၀၀၈၉၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၀၇၂၀၀၀
မန္တလေး	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၀၀၈၉၀၀

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

စက်သုံးဆီ

စက်သုံးဆီ	လက်လီဈေး(ရန်ကုန်)		လက်လီဈေး(မန္တလေး)	
ဒီဇယ်(တစ်လီတာ)	၈၄၀/၈၉၅	ကျပ်	၉၀၀/၉၁၀	ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၈၅၀/၉၀၅	ကျပ်	၉၁၅/၉၂၅	ကျပ်
အောက်တိန်း ၉၂	၆၅၅/၇၁၀	ကျပ်	၇၄၅/၇၈၀	ကျပ်
အောက်တိန်း ၉၅	၇၄၅/၈၀၀	ကျပ်	၈၄၀/၈၅၀	ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ

အမေရိကန်	တစ်ဒေါ်လာ	ကျပ်	၁၅၃၃ · ၉
ဥရောပ	တစ်ယူရို	ကျပ်	၁၇၂၇ · ၈
စင်ကာပူ	တစ်ဒေါ်လာ	ကျပ်	၁၁၂၈ · ၈
ဗြိတိန်	တစ်ပေါင်စတာလင်	ကျပ်	၁၉၆၈ · ၃
ဂျပန်	၁၀၀ ယန်း	ကျပ်	၁၃၈၁ · ၅
ဩစတြေးလျ	တစ်ဒေါ်လာ	ကျပ်	၁၀၈၉ · ၈
တရုတ်	တစ်ယွမ်	ကျပ်	၂၂၆ · ၃၇
အိန္ဒိယ	တစ်ရူပီး	ကျပ်	၂၁ · ၅၈၂
ကိုရီးယား	၁၀၀ ဝမ်	ကျပ်	၁၃၆ · ၀၄
မလေးရှား	တစ်ရင်းဂစ်	ကျပ်	၃၇၆ · ၆၅
ထိုင်း	တစ်ဘတ်	ကျပ်	၄၈ · ၉၃၃

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄)နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

စာတည်းမှူးချုပ်	-	အောင်နိုင်ဦး
စာတည်းမှူး	-	စိုးစိုးနိုင်
သတင်းထောက်ချုပ်	-	မြင့်ဆွေ
စာတည်းများ	-	ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ	-	ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး
အငယ်တန်းသတင်းထောက်များ	-	တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ်	-	(၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE www.mdn.gov.mm

ကျွန်တော်နဲ့ ပညာရေးအဂတိ

ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်

တစ်ချိန်က ထိုင်းနိုင်ငံ ဗန်ကောက်မြို့ညဈေးတန်းနဲ့ လမ်းဘေးဈေးဆိုင်တွေမှာ နိုင်ငံတကာကမ္ဘာလှည့်ခရီးသည်တွေ မျက်စိကျတဲ့ ပစ္စည်းတွေကို တွေ့ရတယ်။ နာမည်ကျော်အမှတ်တံဆိပ် နာရီတွေ၊ ဘောပင်တွေ၊ လက်ကိုင်အိတ်တွေ၊ အသုံးအဆောင်ပစ္စည်းတွေ၊ ဖိနပ်တွေမျိုးစုံ။ ဈေးနှုန်းတွေကလည်း ချိုလိုက်တာ။ မက်မောစရာပဲ။ ဒါကြောင့်လည်း အလုအယက် ဝယ်ယူကြတာ။ ဒီအထဲမှာ ကိုယ်လည်းပါတာ။ ဒါပေမယ့် အားလုံးဟာ အတုတွေ။ ဒါပေမယ့် အတုမှန်းမသိနိုင်အောင် အပေါ်ယံအမြင်က ကောင်းနေတာ။ ဝယ်ယူတဲ့သူတွေကသိပြီးသား အတုဆိုတာ။ ဒါပေမယ့် ဒေါ်လာတစ်သောင်းတန်နာရီကို ၁၀ ဒေါ်လာနဲ့ ဝယ်နိုင်တာကို ကျေနပ်နေတာ။

အဝေးကကြည့်ရင်တော့ ဟုတ်နေတာ။ သေသေချာချာစစ်မှ အတုဖြစ်မှန်း သိတာ။ အခုတော့ ဒီဈေးကွက်က ပျောက်လုနီးပါး ဖြစ်နေပြီ။ ပစ္စည်းအတုတွေကို စနစ်တကျတားဆီးပြီး ဖျက်ဆီးခဲ့တယ်။ နာရီအတု၊ ဘောပင်အတုတွေကို စုပုံပြီး လမ်းကြိတ်စက်နဲ့ လူသိထင်ရှား ကြိတ်ခဲ့တာ။ အခုလို အတုကို အစစ်ဖြစ်အောင်လုပ်တဲ့ ယဉ်ကျေးမှုက မြန်မာပြည်မှာ ရောက်နေတာ ဝမ်းနည်းစရာ တွေ့ရတယ်။ ပစ္စည်းတွေမဟုတ်ဘဲ ဘွဲ့အတုတွေ၊ တက္ကသိုလ်အတုတွေ။ အခုတလော သတင်း မီဒီယာတွေမှာလည်း နည်းပေါင်းစုံနဲ့ ဖော်ပြနေကြ၊ ဆွေးနွေးနေကြတာ။

အခုလို ဘွဲ့တု၊ တက္ကသိုလ်တုပေါ်ပေါက်လာတာ တစ်ချိန်က ရှိခဲ့ပေမယ့် သိပ်မကြားရဘူး။ ဒီလိုဖြစ်လာတာက ဆယ်နှစ်အတွင်းဖြစ်ခဲ့တယ်လို့ မြင်မိတယ်။ ဒါနဲ့ပတ်သက်လို့ စီးပွားရေးအခြေခံက အရေးပါတယ်။ ဝယ်လိုအားနဲ့ ရောင်းလိုအား နှစ်ရပ်ရဲ့ လွန်ဆွဲတုံ့ပြန်မှုဖြစ်တယ်။ ဝယ်သူရှိရင် ရောင်းမယ့်သူက အဆင်သင့် ပေါ်လာတာပါပဲ။ ဘွဲ့ဒီဂရီကိုရတဲ့နည်းနဲ့ လိုချင်တဲ့သူတွေ ရှိနေသရွေ့ အလွယ်တကူ ပေးမယ့်သူတွေက ရှိစမြဲပဲ။

ဘွဲ့နဲ့ တက္ကသိုလ်ဟာ ချိတ်ဆက်နေတာ။ အမှန်တော့ ဘွဲ့ကိုပေးနိုင်တာ တက္ကသိုလ်သာဖြစ်တယ်။ နိုင်ငံကမပေးနိုင်ဘူး။ ဒါကြောင့် မိမိနာမည်မှာ ဘွဲ့ကိုတပ်ရင် ကွင်းစကွင်းပိတ်နဲ့ ဘွဲ့ပေးတဲ့တက္ကသိုလ်ရဲ့နာမည်ကို ဖော်ပြရတယ်။ တက္ကသိုလ်ရဲ့နာမည်ကို သိရတာနဲ့ ဒီဘွဲ့ရဲ့အဆင့်အတန်းကို သိနိုင်တာ။ အရည်အသွေးကို သတ်မှတ်နိုင်တာ။ ဒါပေမယ့် သတင်းစာကြော်ငြာတွေမှာ ဖော်ပြထားတဲ့ဘွဲ့မှာ UK တို့၊ USA တို့ တပ်ထားတာ တွေ့ရတယ်။ အမှန်တော့ ဒီလိုလုပ်တဲ့သူတွေဟာ ကိုယ့်ပေါင်ကိုယ်လှန်ထောင်းတာနဲ့ အတူတူပါပဲ။

တက္ကသိုလ်အတုကပေးတဲ့ဘွဲ့ဟာ အတုသာဖြစ်မှာ။ တက္ကသိုလ်အစစ်နဲ့ အတုကို ခွဲခြားဖို့ကလည်း အခုခေတ်မှာ လွယ်ကူလှပါတယ်။ အင်တာနက်ခေါက်လိုက်ရုံနဲ့ ချက်ချင်းပေါ်လာတာ။ တက္ကသိုလ်တစ်ခုကို အရည်အသွေးစိစစ်တဲ့ အဖွဲ့အစည်းတွေရှိတယ်။ ဒီအဖွဲ့အစည်းတွေက လက်မှတ်ရရင် အရည် အချင်းကို သိနိုင်တယ်။ Certification အသိအမှတ်ပြုပေးမှုပဲဖြစ်တယ်။ တက္ကသိုလ်အတုတွေရဲ့ ကြော်ငြာကို အင်တာနက်ထဲက ကြည့်လိုက်ရင် အခြေအနေမှန်ကို တန်းသိနိုင်တာ။ တက္ကသိုလ်တွေရဲ့ တန်းစီဇယားကိုလည်း နှစ်စဉ်ကြေညာတယ်။ ဒီဇယားကိုကြည့်ရုံနဲ့ တက္ကသိုလ်ရဲ့အဆင့်အတန်းကို ချက်ချင်းသိနိုင်တာ။ အဆင့် ၁ ကနေ အဆင့် ၁၀ ရှိတဲ့ တက္ကသိုလ်စာရင်းကိုကြည့်ရင် အများစုက အမေရိကန်ပြည်ထောင်စုနဲ့ ဗြိတိန်နိုင်ငံက တက္ကသိုလ်တွေ၊ ဥရောပက တက္ကသိုလ်အချို့ပါဝင်တယ်။ တရုတ်နိုင်ငံက တက္ကသိုလ်တွေလည်း စာရင်းဝင်လာကြပြီ။ ဒါကြောင့် ဘွဲ့နဲ့တွဲပြီး ဘွဲ့ပေးတဲ့တက္ကသိုလ်ကို ဖော်ပြဖို့လိုတယ်။ ဒါမှ အရည်အသွေးကို စိစစ်နိုင်မှာသာဖြစ်တယ်။

> **“ဂျာမနီနိုင်ငံနဲ့ တူရကီနိုင်ငံက ဝန်ကြီးတွေ ဘွဲ့အတု၊ ဒေါက်တာအတုတွေ တပ်တဲ့အတွက် ရာထူးကအနားပေးခဲ့တာရှိတယ်။ ကျွန်တော်တို့ဆီမှာတော့ သည်းခံတဲ့စိတ်ထားတွေ မြင့်မားလို့ထင်ပါရဲ့။ အရေးလည်းမယူ။ ကာယကံရှင်ကလည်း ခပ်တည်တည်နဲ့ ဘာမှမဖြစ်သလို လှုပ်ရှားနေကြတာ။ နည်းတဲ့သတ္တိတော့ မဟုတ်ဘူး”**

ကျွန်တော့်အတွက် စိတ်အဝင်စားဆုံးကိစ္စက ပါရဂူဘွဲ့တုကိစ္စပဲဖြစ်တယ်။ ကျွန်တော်ဟာ တက္ကသိုလ်မှာ ဆရာစဖြစ်ကတည်းက ပါရဂူဒေါက်တာဘွဲ့ကို ရှူးခဲ့တာ။ ဒါကလည်း ဆရာကြီးတွေကို အားကျခဲ့တာ။ ဒေါက်တာလှမြင့်၊ ဒေါက်တာအေးလှိုင်၊ ဒေါက်တာ မောင်မောင်ခ၊ ဒေါက်တာလှသွင်၊ ဒေါက်တာ ခင်မောင်ကြည်။ သူတို့လို သိပ်ဖြစ်ချင်တာ။ ဒါကြောင့်လည်း နိုင်ငံခြားပညာတော်သင်ဖြစ်ခဲ့ပြီး၊ လေးနှစ်တိတိ သုတေသနလုပ်ခဲ့ပြီး ပါရဂူဘွဲ့ကျမ်းကြီးကို တင်ခဲ့တယ်။ အမှန်တော့ ဒေါက်တာဘွဲ့ရဖို့ နှစ်ခုလိုတယ်။ တစ်ခုက သုတေသနလုပ်ရမယ်။ လုပ်တဲ့သုတေသနဟာလည်း ဘယ်သူမှ မလုပ်သေးတဲ့ ခေါင်းစဉ်ကို ရွေးချယ်ပြီး ဆောင်ရွက်ရတာ။ သုတေသနကို သုံးနှစ်လောက် ဆောင်ရွက်ပြီး သုတေသနတွေ့ရှိချက်တွေကို ကျမ်းကြီးတစ်စောင်ပြုစုရတယ်။ ပြုစုတဲ့ကျမ်းကြီးကို ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူတွေကစိစစ်ပြီး လက်ခံမှ ဒေါက်တာဘွဲ့ရတာ။ အမေရိကန်နိုင်ငံမှာတော့ ဒေါက်တာဘွဲ့မယူခင် မဟာဘွဲ့ကို အရင်ယူရတယ်။ ပါရဂူဘွဲ့ယူဖို့အတွက် ပထမပိုင်း တစ်နှစ်ကျော်မှာ ဘာသာရပ်စာမေးပွဲတွေ ဖြေဆိုရတယ်။ စာမေးပွဲအောင်မှ ကျန်တဲ့တစ်နှစ်၊ နှစ်နှစ်အတွင်း သုတေသနလုပ်ပြီး ကျမ်းကြီးပြုစုပြီးမှ ရတာ။ အင်္ဂလန်နိုင်ငံမှာ မဟာဘွဲ့က လိုအပ်ချက်တစ်ရပ် မဟုတ်ဘူး။ ပါရဂူသုတေသနကို တန်းလုပ်လို့ရတယ်။ ဒါပေမယ့် သုတေသနကာလက သုံးနှစ်အနည်းဆုံး။ အခုလိုကြိုးစားပမ်းစားရတဲ့ ပါရဂူဘွဲ့ကို earned ထိုက်ထိုက်တန်တန် ရတဲ့ဘွဲ့လို့ သတ်မှတ်တယ်။

သုတေသနမလုပ်၊ ကျမ်းကြီးမပြုစုဘဲ ရနိုင်တဲ့ ပါရဂူဘွဲ့ရှိတယ်။ ဒါကတော့ ဂုဏ်ထူးဆောင်ပါမောက္ခ၊ ပုဂ္ဂိုလ်တစ်ဦးရဲ့ လုပ်ဆောင်ချက်အောင်မြင်မှုတွေ အသိအမှတ်ပြုပြီး ပေးအပ်တာ။ အခုလိုပေးတဲ့အတွက် ပေးအပ်တဲ့ တက္ကသိုလ်အတွက်လည်း ဂုဏ်ရှိတာဖြစ်တယ်။ ဒီပါရဂူအမျိုးအစားကို (awarded) ဆုပေးခြင်းခံရတဲ့ ပါရဂူဘွဲ့အဖြစ် သတ်မှတ်တယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်မှာ အခုလိုဂုဏ်ထူးဆောင်ပါရဂူဘွဲ့တွေ အများကြီး။ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ရထား သူဟာ ဒေါက်တာဘွဲ့တပ်ခြင်း၊ မတပ်ခြင်းဟာတော့ မေးခွန်းထုတ်စရာပဲ။ အမှန်တော့ နိုင်ငံခြားတွေမှာ မတပ်ကြဘူး။ ဒါကြောင့်လည်း ဒေါက်တာဒေါ်အောင်ဆန်းစုကြည်ဆိုတာကို မသုံးတာတွေ့ရတာ။ တချို့ကတော့ တပ်တယ်။ ကျွန်တော်ကတော့ မှတ်ချက်မပေးချင်ဘူး။ တစ်ခုပဲရှိတယ်။ စောစောက တင်ပြခဲ့သလို ရတဲ့ဒေါက်တာဘွဲ့နဲ့ ပေးတဲ့ဒေါက်တာဘွဲ့ ဒီအမျိုးအစားနှစ်ခုကိုတော့ ကွဲပြားစေချင်တယ်။ တူမှမတူတာ။ ကျွန်တော်ကံကောင်းလို့ နှစ်မျိုးစလုံး ရထားတာ။

အရင်တုန်းက နာမည်ကြီး မဂ္ဂဇင်းတွေမှာ ကြော်ငြာတွေ တွေ့ရတယ်။ တက္ကသိုလ်တက်ပြီး သုတေသနတွေလုပ်ပြီးမှ ဒေါက်တာ ဘွဲ့ယူစရာမလိုဘူး။ မိမိဖြတ်သန်းလာတဲ့ ဘဝအတွေ့အကြုံနဲ့ ဒေါက်တာဘွဲ့ရနိုင်တယ်။ ငွေသွင်းရုံပဲ။ အခုလိုလိမ်ညာပြီး လုပ်တာကို သိရက်နဲ့ ယူကြသူတွေလည်း ရှိတယ်။ ဒါကြောင့် ကျွန်တော်က ဒေါက်တာဘွဲ့တပ်ထားတဲ့သူတွေကို မေးချင်တယ်။ ရထားတဲ့ဘွဲ့လား၊ ပေးလို့ရတဲ့ဘွဲ့လားလို့။ ရထားတဲ့ ဘွဲ့ဆိုရင်လည်း ပြုစုထားတဲ့ ကျမ်းကြီးရှိရမယ်။ ကျမ်းကြီးမရှိဘဲ ဒေါက်တာလို့ တပ်လို့မရဘူး။ ပေးလို့ရတယ်ဆိုရင်လည်း ဘယ်တက္ကသိုလ်က ပေးတာလဲ။ တက္ကသိုလ်အတုကပေးတဲ့ ဂုဏ်ထူးဆောင်ပါရဂူဟာ တန်ဖိုးမရှိဘူး။ စောစောက ပြောခဲ့သလို အတုနဲ့အစစ်ကို ခွဲခြားရတာ မခက်ခဲပါဘူး။ ပညာတတ်အသိုင်းအဝိုင်းက သိပါတယ်။ အင်တာနက်အားကိုးနဲ့ လူတိုင်းစစ်နိုင်တာ။

ကျွန်တော်တို့နိုင်ငံမှာ တစ်ချိန်က ဒေါက်တာတစ်မျိုး ပေါ်လာသေးတယ်။ ပါရဂူဘွဲ့တွေကို ကြီးကြပ်တဲ့သူတွေကို အလိုလိုပေးတဲ့ ဒေါက်တာဘွဲ့။ ဘွဲ့ယူမယ့်သူ သုံးဦးကို ကြီးကြပ်ခဲ့ရင် ကြီးကြပ်သူကို ပေးတာ။ နိုင်ငံတကာမှာမရှိတဲ့ ထုံးစံ။ ကိုယ့်နိုင်ငံမှာ တီထွင်လိုက်တာ။ လုပ်တဲ့သူတွေကလည်း ပုံစံတစ်မျိုးနဲ့ ရချင်လို့ ထင်ပါရဲ့။ ဘွဲ့အတု၊ တက္ကသိုလ်အတုဟာ အဂတိလိုက်စားမှုတစ်ရပ်ဖြစ်တယ်လို့ ယူဆမိတယ်။ ငွေရေးကြေးရေးပါမှ အဂတိမဟုတ်ဘူး။ လိမ်တာလည်း အဂတိပဲ။ အဂတိဆိုတာ ဂတိရဲ့ ဆန့်ကျင်ဘက်ပဲ။ ဘယ်လိုမှ သည်းခံစရာမဟုတ်ဘူး။ အခုဆိုရင် Zero Tolerance Policy လုံးဝလက်မခံဘူးဆိုတဲ့ ပေါ်လစီဆိုရင် ငါးကြီး ငါးပုပ် ကိစ္စမဟုတ်ဘူး။ ရှိသမျှ ငါးအားလုံးကို ကြော်ပစ်ရမှာ။ အခုတော့ တက္ကသိုလ်အတုတွေက ဘွဲ့အတုရထားတဲ့သူတွေကို လက်ပိုက်ကြည့်နေကြတာက ခက်တယ်။ တစ်ကိုယ်ကောင်းဆန်တဲ့ အတွေးနဲ့ကြည့်ရင် အတုတွေပေါ်တော့ အစစ်တွေကောင်းတာ။ အားလုံးဟာ သိက္ခာနဲ့ သက်ဆိုင်တယ်။ ကျွန်တော်က လူငယ်တွေအတွက် စိတ်ပူလို့ ပြောနေတာ။ အခုလို တက္ကသိုလ်အတုတွေ၊ ဘွဲ့အတုတွေကို အားကျပြီး လုပ်ကြရင် စိုးရိမ်စရာပဲ။ သူတို့တောင်လုပ်ရင် ကိုယ်လည်းလုပ်မှာပဲဆိုပြီး ဆုံးဖြတ်ကြရင် မခက်ဘူးလား။ ဒါကြောင့် ကျွန်တော်က အခွင့်အရေးရတိုင်း အကြံပေးပါတယ်။ ကိုယ်ရထားတဲ့ဘွဲ့ဟာ အစစ်ဖြစ်ဖို့လိုတယ်။ ဖြတ်လမ်းနည်းနဲ့ ငွေပေးပြီး ဘွဲ့ကိုဝယ်ယူတဲ့ ယဉ်ကျေးမှုကို ဖျောက်ဖျက်အောင် လုပ်ရမယ်။

တက္ကသိုလ်အတုတွေပေါ်လွန်းလို့ အိန္ဒိယနိုင်ငံမှာ နှစ်စဉ် တက္ကသိုလ်စာရင်းက ဖျက်တာတွေ လုပ်တယ်။ တစ်နည်းပြောရရင် သန့်ရှင်းရေးလုပ်တာ။ တလောက ပါကစ္စတန်နိုင်ငံမှာ ဘွဲ့အတုတွေကို ပုံနှိပ်စက်နဲ့ ရိုက်နှိပ်ပြီး ရောင်းစားနေတာကို နိုင်ငံတကာကရဲတွေ ဝင်ရောက်သိမ်းပြီး ပုံနှိပ်စက်တွေကို ဖျက်ဆီးခဲ့တယ်။

ဂျာမနီနိုင်ငံနဲ့ တူရကီနိုင်ငံက ဝန်ကြီးတွေ ဘွဲ့အတု၊ ဒေါက်တာအတုတွေ တပ်တဲ့အတွက် ရာထူးကအနားပေးခဲ့တာရှိတယ်။ ကျွန်တော်တို့ဆီမှာတော့ သည်းခံတဲ့စိတ်ထားတွေ မြင့်မားလို့ ထင်ပါရဲ့။ အရေးလည်းမယူ။ ကာယကံရှင်ကလည်း ခပ်တည်တည်နဲ့ ဘာမှမဖြစ်သလို လှုပ်ရှားနေကြတာ။ နည်းတဲ့သတ္တိတော့ မဟုတ်ဘူး။ ဘယ်တက္ကသိုလ်က ရထားတဲ့ဘွဲ့လဲ၊ ရေးသားပြုစုထားတဲ့ ကျမ်းကြီးပြပါလို့ပြောရင် ဘယ်လိုပြောကြမလဲ။ မေးမယ့်သူက မရှိတော့ ဖြေစရာမလိုတော့ဘူး ထင်တယ်။ ကျွန်တော်ကတော့ အရည်အချင်းစိစစ်တဲ့ အဖွဲ့အစည်းတစ်ခုက ကြပ်ကြပ်မတ်မတ် လုပ်စေချင်တယ်။ အခုဆိုရင် မြန်မာပြည်မှာ နိုင်ငံခြားတက္ကသိုလ်တွေက ဘွဲ့တွေပေးနေတဲ့ ကျောင်းတွေ တဖြည်းဖြည်းများလာပြီ။ ကြော်ငြာတာတော့ ယုံလောက်တယ်။ ဒါပေမယ့် အစစ်နဲ့ အတုတော့ ခွဲခြားဖို့ လိုအပ်တယ်။ မဟုတ်ရင် ငွေကုန်တဲ့ မိဘတွေ၊ ကလေးတွေအတွက် နစ်နာလှတယ်။

ဒီဆောင်းပါးရေးရတာ စိတ်မကောင်းဘူး။ ရေးဖို့မလိုရင် သိပ်ကောင်းမှာ။ အခုတော့ ဒီကိစ္စဟာ တဖြည်းဖြည်းကြီးထွားလာတယ်။ ပုဂ္ဂလိကကဏ္ဍကနေ အစိုးရဌာနတွေမှာ ကူးစက်လာတော့ အန္တရာယ်က တဖြည်းဖြည်းကြီးလာတာ။ ဒီထက်ပိုမဆိုးအောင်တော့ အရေးယူကြဖို့ လိုအပ်မယ်ထင်တယ်။ ကျွန်တော်ကတော့ တစ်ဦးချင်း၊ တစ်ယောက်ချင်းကိုပဲ ပြောချင်တာ။ လူငယ်တွေကို “ရွှေသမင်အလိုက်မမှား”ကြနဲ့။ လူတစ်ယောက်ရဲ့တန်ဖိုးဟာ ဘွဲ့ဒီဂရီနဲ့မဆိုင်ဘူး။ သူများအထင်ကြီးအောင် ဒေါက်တာအတု တပ်စရာမလိုဘူး။ စစ်မှန်တဲ့ ဘွဲ့ရဖို့သာ အရေးကြီးတာ။ ဘွဲ့အတုတွေကို မမက်ဖို့ လူကြီးတွေကိုလည်း သတိပေးချင်ပါတယ်။ လုပ်လို့ရလို့ လုပ်တာ မဖြစ်စေချင်ဘူး။ ပြောင်လိမ်နေကြတဲ့သူတွေကိုတော့ မှန်ထဲမှာကြည့်ပါလို့ပဲ ပြောချင်တာပါ။ ။

ဖြူးချောင်းရေလှောင်တမံဘက်စုံစီမံကိန်းမှ တူးမြောင်းများဖောက်လုပ်ရာတွင် ပါဝင်သွားသော လယ်ယာမြေများအတွက် နစ်နာကြေးများပေးအပ်

ဖြူး ဖေဖော်ဝါရီ ၁၇

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်ရှိ ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းမှ ဆည်ရေပေးမြောင်းများဖောက်လုပ်ရာတွင် ပါဝင်သွားသော လယ်ယာမြေများနှင့် သီးနှံစိုက်ခင်းများအတွက် နစ်နာကြေးပေးအပ်ပွဲ အခမ်းအနားကို ဖြူးမြို့နယ်ခန်းမ၌ ဖေဖော်ဝါရီ ၁၅ ရက်က ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်၊ ဖြူးမြို့နယ် အမှတ်(၂)တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်နွယ်နီဝင်း၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၁) ညွှန်ကြားရေးမှူး ဦးအောင်မြင့်တို့က အမှာစကားပြောကြားပြီး နစ်နာကြေးငွေများကို တောင်သူများအား ပေးအပ်ခဲ့ကြသည်။

အခမ်းအနားသို့ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် တောင်သူလယ်သမားများ တက်ရောက်ခဲ့ကြသည်။ ကျေးရွာအုပ်စု ငါးအုပ်စုမှ တောင်သူ ၂၂၈ ဦး၏ ပါဝင်လယ်မြေ ၇၈ ဒသမ ၃၅ ဧကအတွက် တစ်ဧကလျှင် ငွေကျပ်သိန်း ၂၀ နှုန်းဖြင့် နစ်နာကြေးငွေကျပ် ၁၅၆၇ သိန်း၊ ရွာမြေ ၀ ဒသမ ၁၉ ဧကအတွက် တစ်ဧကလျှင် ငွေကျပ်သိန်း ၁၀၀ နှုန်းဖြင့် ငွေကျပ် ၁၉ သိန်း၊ မတ်ပဲနှင့် မြေပဲသီးနှံများအတွက် သီးနှံလျော်ကြေး ငွေကျပ် ၂၈ ဒသမ ၄၆သိန်း တို့ကိုပေးအပ်ရာ စုစုပေါင်းနစ်နာကြေးငွေကျပ် ၁၆၁၄ ဒသမ ၄၆သိန်းကို တောင်သူများကို ပေးအပ်ခဲ့သည်။

ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းကို ၂၀၀၀-၂၀၀၁ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ယခုအခါ ရေလှောင်တမံ၊ ရေအားလျှပ်စစ်စက်ရုံနှင့် ရေလွှဲဆည်တို့မှာ ရာနှုန်းပြည့်တည်ဆောက်ပြီးစီးခဲ့ပြီဖြစ်သော်လည်း ဆည်ရေသောက်စနစ်တည်ဆောက်ခြင်းလုပ်ငန်းမှာ ၁၈ ဒသမ ၆၂ရာခိုင်နှုန်းသာ ဆောင်ရွက်ပြီးစီးသေးသဖြင့် ဆက်လက်ဆောင်ရွက်ရန် လိုအပ်နေကြောင်း၊ စီမံကိန်းများအားလုံး ပြီးစီးပါက လယ်မြေဧက ၉၀၀၀၀ ကို ဆည်ရေပေးဝေနိုင်မည်ဖြစ်ပြီး ယခုနှစ်ဆောင်ရွက်နေသည့် တူးမြောင်းများ ပြီးစီးပါက စနစ်တကျမြောင်းများဖြင့် လယ်မြေဧက ၆၈၀၀၊ ဆည်ရေချောင်းပိတ်စနစ်ဖြင့် ဧက ၈၀၀၀ ကို ဆည်ရေကြိုတင်ပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။

မြင့်ဦး(ဖြူး)

လယ်ယာမြေများနှင့် သီးနှံစိုက်ခင်းများအတွက် နစ်နာကြေး ပေးအပ်စဉ်။

၂၀၁၉ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအတွက် ဇီဝဗေဒဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ

ဒေါက်တာသီတာလေးသွယ်၊ ပါမောက္ခ(ဌာနမှူး)၊ သတ္တဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်

ဇီဝဗေဒဘာသာရပ်၏ မေးခွန်းပုံစံသစ်သည် ပညာရေးဝန်ကြီးဌာန၏ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် သင်ယူတတ်မြောက်မှု အရည်အသွေးမြင့်မားရေးဦးတည်ချက်နှင့် လိုက်လျောညီထွေစွာ ကျောင်းသား ကျောင်းသူများ အလွတ်ကျက်မှတ်ဖြေဆိုမှုလျော့ပါးစေရေး၊ စဉ်းစားတွေးခေါ်မြော်မြင်မှု (Critical thinking) အရည်အသွေးရရှိရန်နှင့် ထိုအရည်အသွေးများ ပိုမိုကောင်းမွန်လာစေရန် ပြောင်းလဲထားခြင်းဖြစ်ပါသည်။

ပြောင်းလဲသည်ဟုဆိုရာတွင် ကျောင်းသား ကျောင်းသူများ အခက်အခဲမရှိစေရန် ဂရုပြုလျက် ယခင်မေးခွန်းပုံစံကိုအခြေခံ၍ ပိုမိုကောင်းမွန်ပြီး ကျောင်းသား ကျောင်းသူ အရည်အသွေးအလွှာစုံအတွက် ကြိုးစားဖြေဆိုနိုင်ရန် အခွင့်ရှိသော မေးခွန်းပုံစံသစ်ကို ဖြည့်စွက်ပြုပြင်ပြောင်းလဲခြင်းဖြစ်ပါသည်။

ဇယား (၁) မေးခွန်းပုံစံသစ်၏ မေးခွန်းအမျိုးအစား၊ မေးခွန်းအမှတ်စဉ်များနှင့်ရွေးချယ်ခွင့်၊ မေးခွန်းအမျိုးအစား ပေးမှတ်များ၊

မေးခွန်းပုံစံ နှင့် ပေးမှတ်

Q No.	Question Type	Mark
1	State **TRUE** or **FALSE** to the following statements. Do not copy the statements. (**1 mark** X **10** statements)	**10 marks**
2	**Choose the correct answer** for the following statements. Do not copy the statements. (**1 mark** X **10** statements)	**10 marks**
3	**Complete** the following statements with appropriate words. Do not copy the statements. (**1 mark** X **10** statements)	**10 marks**
4	Answer **ALL** questions.(**2 marks** X **5** questions) Given a., b., c., d. **or**, e. **or**	**10 marks**
5	Answer **ANY FOUR** questions.(**5 marks** X **4** questions) Given a., b., c., d. **or**,e. **or**	**20 marks**
6	Answer **ANY FOUR** questions. (**10 marks** X 4 questions) Given a., b., c., d., e. **or**,f. **or**	**40 marks**
	Total	**100 marks**

မေးခွန်းပုံစံ

မေးခွန်းတွင်မေးခွန်းအမှတ်စဉ် (Question No. 1 - 6) စုစုပေါင်း (၆) ခုပါဝင်ပါသည်။

* Question No.1 တွင် အမှား၊ အမှန် (TRUE or FALSE)ဖြေဆိုရသော ပုဒ်ခွဲငယ် (၁၀) ခု (i to x) ကို တစ်ခုလျှင်(၁) မှတ်နှုန်းဖြင့် ပေးမှတ်စုစုပေါင်း (၁၀)မှတ်ဖြစ်ပါသည်။ အဖြေမှန် TRUE or FALSE ကို ပုဒ်ခွဲငယ် နံပါတ်(i to x)နှင့်အတူ ဖော်ပြဖြေဆိုရမည်ဖြစ်ပါသည်။

* Question No.2 တွင် အဖြေမှန်(correct answer)ကို ရွေးချယ်ရသည့် (Multiple choice)အတွက် ပုဒ်ခွဲငယ် (၁၀) ခု (i to x) ကို တစ်ခုလျှင် (၁) မှတ်နှုန်းဖြင့် ပေးမှတ်စုစုပေါင်း (၁၀) မှတ်ဖြစ်ပါသည်။ ပုဒ်ခွဲငယ် တစ်ခုလျှင် ရွေးချယ်ရန်အကြောင်းအရာသည် (စကားလုံး (သို့) ပုံ (သို့) ကိန်းဂဏန်းစသည့်) (၄) မျိုးကို (A, B, C, D) ဟူ၍ ပေးထားမည်ဖြစ်ပြီး အဖြေမှန် A သို့ B သို့ C သို့ D ကိုသာ ပုဒ်ခွဲငယ်နံပါတ် (i to x)နှင့်အတူ ဖော်ပြဖြေဆိုရမည်ဖြစ်ပါသည်။ အဖြေမှန်စကားလုံးကို ပြန်လည်ကူးယူပေးရန်မလိုပါ။

* Question No.3 တွင် ကွက်လပ်ဖြည့်ခြင်း တစ်နည်းအားဖြင့် ပေးထားသော statement ကို အဓိပ္ပာယ်ပြီးပြည့်စုံအောင် ကွက်လပ်မှာမှန်ကန်တဲ့အဖြေကို ဖြည့်စွက်ရေးသားဖြေဆိုရမည့် (Completion)အတွက် ပုဒ်ခွဲငယ် (၁၀) ခု (i to x)ကို တစ်ခုလျှင် (၁) မှတ်နှုန်းဖြင့် ပေးမှတ်စုစုပေါင်း (၁၀) မှတ်ဖြစ်ပါသည်။ အဖြေမှန်ကို မိမိက ရေးသားဖော်ပြဖြေဆိုရမှာဖြစ်တဲ့အတွက် စာလုံးပေါင်းကို သေချာစွာ သိရှိရန်လိုအပ်ပါလိမ့်မည်။ ဆင်တူယိုးမှား စာလုံးပေါင်းများကို အဓိပ္ပာယ်နှင့်တကွ မှတ်သားလေ့လာထားခြင်းဖြင့် အဖြေမှန်ကို ရေးသားဖြေဆိုနိုင်မှာ ဖြစ်ပါသည်။

* Question No.4 တွင် "Answer ALL questions." ဟူ၍ ပုဒ်ခွဲငယ် (၅) ခုအတွက် ပုဒ်ခွဲငယ်တစ်ခုလျှင် (၂) မှတ်ဖြင့် စုစုပေါင်း (၅) ပုဒ်အတွက် ပေးမှတ်စုစုပေါင်း (၁၀) မှတ်ဖြစ်ပါသည်။ ရွေးချယ်ခွင့်အဖြစ် ပုဒ်ခွဲငယ်(d) နှင့် (e) အသီးသီးကို (or) ခံ၍ မေးခွန်းတစ်ပုဒ်စီ ထပ်မံပေးထားပါမည်။

* Question No.5 တွင် "Answer ANY FOUR questions." ဟူ၍ (a, b, c, d, e) ဟု ပုဒ်ခွဲငယ် (၅) ပုဒ်ကို တစ်ပုဒ်လျှင် (၅) မှတ်နှုန်းဖြင့် နှစ်သက်ရာ (၄) ပုဒ်ကို စုစုပေါင်းပေးမှတ် အမှတ် (၂၀) အတွက် ရွေးချယ်ဖြေဆိုရန်မေးထားပါမည်။ ရွေးချယ်ခွင့်အနေဖြင့် မေးခွန်းပုဒ်ခွဲ (e)ကို ထည့်ပေးထားမှာဖြစ်ပြီး ပုဒ်ခွဲငယ်(d) နှင့်(e) အသီးသီးကို (or) ခံ၍ မေးခွန်းတစ်ပုဒ်စီ ထပ်မံမေးထားပါမည်။

* Question No.6 တွင် "Answer ANY FOUR questions." ဟူ၍ (a, b, c, d, e, f) ဟု ပုဒ်ခွဲငယ် (၆) ပုဒ်ပေးထားမည်ဖြစ်ပြီး မိမိနှစ်သက်ရာ (၄) ပုဒ်ကို ရွေးချယ်ဖြေဆိုမှုအတွက် တစ်ပုဒ်လျှင် (၁၀) မှတ်နှုန်းဖြင့် စုစုပေါင်း ပေးမှတ် အမှတ် (၄၀) ဖြစ်ပါသည်။ ရွေးချယ်ခွင့်အဖြစ်ပုဒ်ခွဲငယ် (၂) ပုဒ်(e, f) ကို ထားရှိပြီး ထိုပုဒ်ခွဲငယ် အသီးသီးအတွက် (or) ခံ၍ မေးခွန်းတစ်ပုဒ်စီ ထပ်မံပေးထားပါမည်။

မေးခွန်းပုံစံသစ်တွင် မေးခွန်းအမှတ်စဉ် (Question No. 1 - 6)ရှိရာ မေးခွန်းတိုင်းကို ဇီဝဗေဒဘာသာရပ် (Biology) ပြဋ္ဌာန်းစာအုပ်ပါအခန်း ၁ မှ ၁၂ (Chapter 1 - 12)အစဉ်လိုက် ပါဝင်စေမည်ဖြစ်ပြီး ဇီဝဗေဒဘာသာရပ်တွင် အကျုံးဝင်သည့် ရုက္ခဗေဒနှင့် သတ္တဗေဒဘာသာရပ်အသီးသီးကို မျှတစွာဖွဲ့စည်းတည်ဆောက်ပေးမည် ဖြစ်ပါသည်။ ရုက္ခဗေဒနှင့် သတ္တဗေဒဘာသာရပ်တစ်ခုချင်းအလိုက် သက်ဆိုင်ရာမေးခွန်း (သို့မဟုတ်) ရုက္ခဗေဒနှင့် သတ္တဗေဒနှစ်မျိုးစလုံးနှင့် သက်ဆိုင်သော ဇီဝဗေဒသဘောတရားဆိုင်ရာ မေးခွန်းလည်း ပါဝင်နိုင်ပါသည်။ ပြဋ္ဌာန်းစာအုပ်ပါသင်ခန်းစာများ၏ အနှစ်ချုပ် (SUMMARY) မှ မေးခွန်းထုတ်မည်မဟုတ်ပါ။

မေးခွန်းများသည် ကျောင်းသား ကျောင်းသူများအတွက် သင်ယူတတ်မြောက်မှု အရည်အသွေးမြင့်မား၍ စဉ်းစားတွေးခေါ်မြော်မြင်နိုင်မှု အရည်အသွေးကောင်းမွန်တိုးတက်လာစေရေးကို ဦးတည်သည့်နည်းတူ အရည်အသွေး အမျိုးမျိုးသော ကျောင်းသား ကျောင်းသူများအတွက် မိမိအရည်အချင်းအလိုက် ဖြေဆိုရန် လျော်ညီသောမေးခွန်း အမျိုးမျိုး ပါဝင်မည်ဖြစ်ပါသည်။ ကျောင်းသား ကျောင်းသူများသည် မေးခွန်းနှင့်ကိုက်ညီသော ဖြေဆိုမှုပုံစံဖြင့် စနစ်တကျ ကြိုးစားဖြေဆိုကြရန် လေးလေးနက်နက်မှာကြားလိုပါသည်။ ဆိုလိုသည်မှာ မိမိကပြဋ္ဌာန်းစာအုပ်မှ စာပိုဒ်ကို အလွတ်ကျက်မှတ်ထားပြီး ကျက်ထားသည့်အတိုင်း စာပိုဒ်ကိုရေးချဖြေဆိုခြင်းမဟုတ်ဘဲ မေးခွန်းအသွား အလာတွင်မူတည်၍ ဆီလျော်သည့်ဖြေဆိုမှု (ဥပမာ - အလွတ်ကျက်မှတ်ထားသည့် စာပိုဒ်တွင်ပါဝင်သည့် အကြောင်းအရာအလိုက် မေးခွန်းနှင့်ကိုက်ညီသော သီးခြားခေါင်းစဉ်ငယ်ဖြင့် ထုတ်နုတ်ဖြေဆိုပြနိုင်ခြင်း)ကို ပြုလုပ်ဖြေဆိုနိုင်ရမည်ဖြစ်ပါသည်။ သို့မှသာ မိမိတို့၏သင်ယူတတ်မြောက်မှု၊ မေးခွန်းကိုသဘောပေါက်နားလည်မှုနှင့် စဉ်းစားတွေးခေါ်မြော်မြင်နိုင်မှု အရည်အသွေးများကို ပေါ်လွင်စေမည်ဖြစ်ပါသည်။

အဓိကသတိပြုရမည့်အချက်များ

မေးခွန်းပုံစံနှင့်စပ်လျဉ်း၍ အဓိကသတိပြုရမည့်အချက်များကို ထုတ်နုတ်ဖော်ပြရလျှင်-

(၁) မေးခွန်းအမှတ်စဉ် (၂)တွင် အဖြေမှန်(correct answer) ရွေးချယ်ခြင်း၊ (Multiple choice) မေးခွန်းပုံစံသစ်တိုးလာခြင်း၊

(၂) မေးခွန်းအမှတ်စဉ် (၅) (ယခင်အမှတ်စဉ် ၄) တွင် ယခင်ပေးမှတ်တစ်ပုဒ်လျှင် (၄) မှတ်မှ ယခုမေးခွန်းပုံစံသစ်တွင် ပေးမှတ်တစ်ပုဒ်လျှင် (၅) မှတ်သို့ ပြောင်းလဲထားခြင်း၊

(၃) မေးခွန်းအမှတ်စဉ် (၆) (ယခင်အမှတ်စဉ် ၅) တွင် ယခင်ပေးမှတ်တစ်ပုဒ်လျှင် (၈) မှတ်မှ ယခုမေးခွန်းပုံစံသစ်တွင် ပေးမှတ်တစ်ပုဒ်လျှင် (၁၀) မှတ်သို့ ပြောင်းလဲထားခြင်းတို့ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မေးခွန်းအမှတ်စဉ် (၅) နှင့် (၆) အတွက် ပေးမှတ်နှင့်လျော်ညီသော ဖြေဆိုမှုပြနိုင်ရန်လိုအပ်ပါသည်။

မေးခွန်းပုံစံသည် အလွတ်ကျက်မှတ်ခြင်းကို လိုအပ်သည်ထက်ပို၍ မကျင့်သုံးရန်၊ ကျောင်းသား ကျောင်းသူများ၏ စဉ်းစားတွေးခေါ်မြော်မြင်နိုင်မှုအရည်အသွေးကို လေ့ကျင့်ပေးရန်နှင့် ဖော်ထုတ်ပေးရန် ရည်ရွယ်ပါသည်။

တက္ကသိုလ်ဝင်တန်း ဇီဝဗေဒဘာသာရပ် (Biology) ကျောင်းသုံးဖတ်စာအုပ်သင်ခန်းစာ ၁၂ ခုရှိတဲ့အနက် သင်ခန်းစာ (၆) မှ (၁၁) က ရှေ့ကသင်ခန်းစာ (၁)မှ(၅)အထိ လေ့လာသင်ယူခဲ့ရတဲ့ အခြေခံသိမှတ်ဖွယ်ရာတွေကို ပိုပြီး နက်ရှိုင်းစွာ သိရှိနားလည်ဖို့ အထောက်အပံ့ပြုပြီး သက်ရှိလုပ်ငန်းများ၏ ဇီဝဖြစ်စဉ်သဘောတရားများကို ပိုမို ကျယ်ပြန့်နက်နဲစွာ ဖော်ပြပေးထားတာကြောင့် နားလည်ဖို့ရော၊ ကျက်မှတ်လေ့လာဖို့ရော အနည်းငယ် ခက်ခဲပါလိမ့်မယ်။ အကြောင်းအကျိုးချိတ်ဆက်နားလည်သိမြင်နိုင်အောင် ဦးစွာကြိုးစားပြီးမှ ကျက်မှတ်ရမည့် အကြောင်းအရာများကို ကျက်မှတ်ဖို့ဖြစ်ပါသည်။ နောက်ဆုံး အခန်း(၁၂)ကတော့ သက်ရှိ၊ အပင်၊ သတ္တဝါတွေနဲ့ သက်မဲ့ပတ်ဝန်းကျင်တို့အကြား ဆက်စပ်ယှက်နွယ်မှု၊ အပြန်အလှန်အမှီသဟဲပြုမှုနှင့် ပတ်ဝန်းကျင်ကို ထိန်းသိမ်းဖို့အတွက် လိုအပ်တဲ့ ဆောင်ရန်ရှောင်ရန်အကြောင်းအရာများကို ကျယ်ကျယ်ပြန့်ပြန့်သိရှိအောင် အစပျိုးပေးထားသည့် လက်တွေ့အသုံးကျ သင်ခန်းစာတစ်ခုဖြစ်ပါသည်။

ဇီဝဗေဒဘာသာရပ်ကို သိရှိနားလည်နိုင်ဖို့ပုံများ၊ word diagram များကလည်း အဓိကအထောက်အကူပြုတာမို့ ဇီဝဗေဒဘာသာရပ်ကို လေ့လာတဲ့အခါမှာ ပုံများ၊ word diagram များနှင့် ယှဉ်တွဲလေ့လာခြင်းက လေ့လာကျက်မှတ်ရာမှာ ပိုမိုမှတ်မိထိရောက်စေပါသည်။ အဓိကကျသည့်အကြောင်းအရာကို ဦးစားပေးနားလည်ကျက်မှတ်နိုင်ရန် ဇယား (table) များ၊ (equation)များကလည်း အထောက်အကူပြုပါသည်။ မိမိကိုယ်တိုင် သင်ခန်းစာတစ်ခုကို ဖတ်မှတ်လေ့လာသည့်အခါတွင် လိုအပ်သလိုပုံကြမ်းများ၊ word diagram များ၊ table များ၊ equation များကို မိမိစိတ်ကူးရှိသလို ရေးခြစ်ပုံဖော်မှတ်သားခြင်းကလည်း မိမိ၏တွေးခေါ်စဉ်းစားမှုကို မြှင့်တင်ပေးရာ ရောက်ပါသည်။

စဉ်းစားတွေးခေါ်မြော်မြင်နိုင်မှုအရည်အသွေးရှိခြင်းဖြင့် ကိစ္စများကို မှန်မှန်ကန်ကန်ချုံ့ငုံသုံးသပ်နိုင်ခြင်း၊ သင့်လျော်မှန်ကန်ကောင်းမွန်သော ဆုံးဖြတ်ချက်ကိုချနိုင်ခြင်း၊ ထိုးထွင်းသိမြင်တီထွင်ကြံဆနိုင်ခြင်း၊ စိတ်ကူးသစ်များ ရရှိနိုင်ခြင်း စသည့် အရည်အချင်းကောင်းများပေါ်ပေါက်အောင် နှိုးဆွပေးနိုင်တဲ့အတွက် ကျောင်းသား ကျောင်းသူများ၏ဘဝအတွက် အကျိုးရှိပါသည်။ မိမိတို့၏ဘဝတစ်လျှောက် မည်သည့်ပညာရပ်ကို လေ့လာသည်ဖြစ်စေ၊ မည်သည့် အလုပ်အကိုင်ကို လုပ်ကိုင်သည်ဖြစ်စေ၊ မည်သည့်ကိစ္စများကို စီမံခန့်ခွဲသည်ဖြစ်စေ စဉ်းစားတွေးခေါ်မြော်မြင်နိုင်မှု မြင့်မားသည်နှင့်အမျှ ကောင်းမွန်သောအလုပ်ပြီးမြောက်မှုနှင့် အောင်မြင်မှုများရရှိပါလိမ့်မည်။

သို့ပါ၍ ကျောင်းသား ကျောင်းသူများ (၂၀၁၉) ခုနှစ်၊ မတ်လတွင်ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲအတွက် စနစ်တကျ ကြိုးကြိုးစားစား လေ့လာမှတ်သားလေ့ကျင့်ကြခြင်းဖြင့် ကောင်းမွန်စွာ ဖြေဆိုနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

တက္ကသိုလ်အသီးသီးတွင် ကင်းထောက်အခြေခံ သင်တန်းများဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

တက္ကသိုလ်အသီးသီးတွင် ကျောင်းသား ကျောင်းသူများ ကင်းထောက်ပညာရပ်များ လေ့ကျင့်သင်ကြားနိုင်ရန် မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်နှင့် ရန်ကုန်တက္ကသိုလ် ကင်းထောက်အဖွဲ့တို့ကြီးမှူး၍ ကင်းထောက်အခြေခံသင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၅ ရက်က ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမ၌ ကျင်းပသည်။

သင်တန်းကို ရန်ကုန်တက္ကသိုလ်မှ ကျောင်းသား ကျောင်းသူ ၈၀ တက်ရောက်ပြီး သင်တန်းကာလ လေးရက်ကြာမြင့်ကာ ကင်းထောက်ကြီးများနှင့် သင်တန်းတက်ရောက်ပြီး တက္ကသိုလ်ကင်းထောက်များက ကင်းထောက်လုပ်ငန်းဆိုင်ရာ ပညာရပ်များ သင်ကြား ပို့ချသွားမည်ဖြစ်သည်။

ထို့အပြင် မြန်မာနိုင်ငံကင်းထောက်အဖွဲ့မှ တက္ကသိုလ်အသီးသီးရှိ လူငယ်များ ကင်းထောက်ပညာများ လေ့ကျင့်သင်ကြားနိုင်ရန် ကင်းထောက်အခြေခံသင်တန်းများကို ဖေဖော်ဝါရီလ ပထမပတ်က ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်နှင့် ပခုက္ကူ တက္ကသိုလ်တို့တွင် ဖွင့်လှစ်သင်ကြားပို့ချခဲ့ပြီး ဖေဖော်ဝါရီ ၁၈ ရက်တွင် ရန်ကုန် အရှေ့ပိုင်းတက္ကသိုလ်၊ ဖေဖော်ဝါရီ ၂၅ ရက်တွင် ရန်ကုန်အနောက်ပိုင်း တက္ကသိုလ်တို့နှင့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ တက္ကသိုလ်များတွင်လည်း ဖွင့်လှစ် သင်ကြားပို့ချရန် စီစဉ်ထားသည်။

မြန်မာ့အလင်း

ငါ့သရောက်မြို့ ပပြားဆည်အတွင်း မိုးကာလရေဝင်မှုမရှိခဲ့၍ နွေဦးအချိန်မှာပင် ရေများခန်းခြောက်

ငါ့သရောက် ဖေဖော်ဝါရီ ၁၇
မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ငါ့သရောက်မြို့နယ်တွင် ပြီးခဲ့သည့် မိုးရာသီအတွင်း မိုးတစ်ကြိမ်နှစ်ကြိမ်သာ ရွာသွန်းခဲ့ပြီး အမှတ်(၂) ပျဉ်းပင်ရပ်ရှိ ပပြားဆည်အတွင်းသို့ မိုးရေဝင်ရောက်မှု မရှိသလောက် နည်းခဲ့သဖြင့် ယခု နွေဦးအချိန်မှာပင် ဆည်အတွင်း၌ ရေများခန်းခြောက်သွားခဲ့ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ပပြားဆည်သည် ငါ့သရောက်မြို့၏ သောက်သုံးရေအတွက် မြနန္ဒာကန်တော်ကြီးပြီးလျှင် ဒုတိယမြောက် အားထားအသုံးပြုနေရသောဆည်ဖြစ်ကြောင်း၊ အမှတ်(၁)၊(၂)၊ (၃)နှင့် (၄)ရပ်ကွက်တို့မှ ဒေသခံပြည်သူများ၏ သောက်သုံးရေအတွက် အဓိက မှီခိုအားထားနေရကာ ပြီးခဲ့သောမိုးရာသီက ဆည်ထဲသို့ ရေဝင်ရောက်မှုမရှိခဲ့ခြင်းကြောင့် ယခု နွေဦးပေါက်မှာပင် ရေခန်းသွားခဲ့ခြင်းဖြစ်ကြောင်း ဒေသခံတစ်ဦးက ပြောသည်။

ငါ့သရောက်မြို့နယ်တွင် ပြီးခဲ့သည့်နှစ် မိုးရာသီကာလက မိုးလေဝသ မှန်ကန်မှုမရှိခဲ့ဘဲ မိုးအလွန်နည်းခဲ့သဖြင့် မြို့နယ်ထဲရှိ သောက်သုံးရေကန်များထဲသို့ ရေဝင်ရောက်မှုနည်းခဲ့ကာ မိုးရေလုံးဝမဝင်ခဲ့သည့် ရေကန်များပင် ရှိခဲ့ကြောင်း တောပြားကျေးရွာနေ ဦးဝင်းငြိမ်းက ပြောသည်။

ပပြားဆည်တွင် ရေပြည့်နေပါက ငါ့သရောက်မြို့ရှိ စက်ရေတွင်း(အဝီစိတွင်း)တွင်လည်း ရေများ ပေါပေါများများထွက်ရှိပြီး ဆည်ထဲတွင် ရေခန်းခြောက်ပါက အဝီစိရေတွင်းများတွင်လည်း ရေထွက်နည်းတတ်သဖြင့် ယခုနှစ်တွင် ပပြားဆည် ရေခန်းသွားခြင်းကြောင့် ငါ့သရောက်မြို့၌ ရေအခက်အခဲ ဖြစ်လာနိုင်ကြောင်း၊ ပပြားဆည်သည် မြနန္ဒာကန်တော်ကြီး ရေမရှိလျှင် ဒုတိယ ရေရရှိသည့်နေရာအဖြစ် တည်ရှိနေရာ ယခုနှစ်တွင် မြနန္ဒာကန်တော်ကြီးရော၊ ပပြားဆည်ပါ ရေခန်းခြောက်သွားခြင်းက ငါ့သရောက်မြို့အတွက် ရေအခက်အခဲပိုဖြစ်စေကြောင်း၊ ထိုရေကန်ကြီးနှစ်ကန် ရေခန်းသွားခြင်းကြောင့် ပတ်ဝန်းကျင်ရှိ စိမ့်စမ်းတွင်းများ၊ မြေအောက်ရေတွင်းများမှာလည်း ရေနည်းသွားကာ မြေအောက်ရေအသုံးပြုနေသည့် သီးနှံစိုက်ခင်းများမှာလည်း ရေအလျှဉ်မမီနိုင်တော့ကြောင်း မြို့မိမြို့ဖ ဦးသိန်းဆွေက ပြောသည်။

ပပြားဆည်သည် ပြီးခဲ့သည့်နှစ် နွေရာသီကာလကလည်း ရေလုံးဝခန်းခြောက်ခဲ့သဖြင့် ယခုနှစ်တွင် ရေခန်းခြောက်ခြင်းမှာ နှစ်နှစ်ဆက်တိုက် ရေခန်းခြင်းဖြစ်ကာ မြို့နေပြည်သူများအနေဖြင့် ယခုနှစ်တွင် ရေအခက်အခဲ ကြုံရဖွယ်ရှိကြောင်း သိရသည်။

မောင်မောင်ထိန်(ကျောက်ပန်းတောင်း)

ရေများ လုံးဝခန်းခြောက်သွားသော ပပြားဆည်ကို တွေ့ရစဉ်။

ဝက်သက်ရောဂါသတိပြုပါ(၂)

ဝက်သက်ရောဂါသည် ဝက်သက်ဗိုင်းရပ်စ်ပိုး (Measles virus) ကြောင့်ဖြစ်ပွားသည်။ ဝက်သက်ရောဂါဖြစ်ပွားပါက ဝက်သက်ဗိုင်းရပ်စ်ကို သတ်နိုင်သောပိုးသတ်ဆေးမရှိပါ။ ကာကွယ်ဆေးကြိုတင်ထိုးထားခြင်းသည်သာ အကောင်းဆုံးကာကွယ်နည်း ဖြစ်သည်။

ဘယ်သူတွေကို ကူးစက်နိုင်ပါသလဲ

ကာကွယ်ဆေးမထိုးသူများအားလုံး (အသက်မရွယ်မရွေး၊ ကျား/မ မရွေး) ဝက်သက်ရောဂါကူးစက်နိုင်ပါသည်။

ဘယ်လိုကူးစက်တတ်ပါသလဲ

- ရောဂါဖြစ်ပွားနေသူ **ချောင်းဆိုး/နှာချေခြင်း**ဖြင့် ဝက်သက်ဗိုင်းရပ်စ်ပိုးသည် လေထဲသို့ရောက်ရှိပြီး အသက်ရှုလမ်းကြောင်းမှတစ်ဆင့် အခြားသူများသို့ ကူးစက် ခံရနိုင်ပါသည်။
- ရောဂါဖြစ်ပွားနေသူ **ချောင်းဆိုး/နှာချေ**ခြင်းမှထွက်သော အညစ်အကြေး (တံတွေး၊ နှပ်၊ သလိပ်)များကို တိုက်ရိုက်ထိတွေ့ခြင်းဖြင့်လည်း ကူးစက်ခံရနိုင်ပါသည်။
- **တစ်ဦးမှတစ်ဦးသို့ အလွန်လျင်မြန်စွာကူးစက်တတ်ပါသည်။**
- ရောဂါဖြစ်ပွားနေသူနှင့်အနီးကပ်နေထိုင်ပြီး၊ ကာကွယ်ဆေးထိုးထားခြင်း မရှိခဲ့ပါက (၁၀) ဦးလျှင် (၉)ဦးအထိ ကူးစက်ခံရနိုင်ပါသည်။
- ဝက်သက်ရောဂါတွင် အနီစက်/အနီပြင်များ မထွက်ပေါ်မီ (၄)ရက်နှင့် ထွက်ပေါ်ပြီး(၄)ရက်အထိကာလသည် အခြားသူသို့ **ကူးစက်နိုင်ခြေအများဆုံးကာလဖြစ်သည်။**

ဘယ်လိုကာကွယ်ရမလဲ

- ❇ ဝက်သက်ရောဂါကာကွယ်ဆေးထိုးနှံပါ။ **(ပထမအကြိမ်-ကလေးအသက် (၉) လနှင့် ဒုတိယအကြိမ် -ကလေးအသက်(၁၈)လ)**
- ❇ ဝက်သက်ပေါက်နေသူနှင့် ထိတွေ့ခြင်းနှင့် လူစုလူဝေးထူထပ်သောနေရာများသို့ သွားလာခြင်းကို တတ်နိုင်သမျှရှောင်ကြဉ်ပါ။
- ❇ လူနာနှင့်ထိတွေ့ပါက နှာခေါင်းနှင့်ပါးစပ်ကို လုံအောင်အုပ်ပါ။
- ❇ လက်ကိုဆပ်ပြာဖြင့် မကြာခဏဆေးကြောပါ။

ဝက်သက်ရောဂါကြိုတင်ရန် မိမိ၏ ကလေးငယ်ကို ကာကွယ်ဆေးထိုးနှံပါ။
ပထမအကြိမ်-အသက်(၉)လ
ဒုတိယအကြိမ်-အသက်(၁၈)လ
ဝက်သက်ရောဂါကာကွယ်ဆေး လုံးဝမထိုးရသေးသော အသက်(၅)နှစ်အောက် ကလေးများကို နီးစပ်ရာကျန်းမာရေးဌာနတွင် သွားရောက်၍ ထိုးနှံပေးပါ။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

မြဝတီမြို့၌ မြန်မာ-ထိုင်း ချစ်ကြည်ရေး စက်ဘီးစီးပွဲတော် စည်ကားစွာကျင်းပ

မြဝတီ ဖေဖော်ဝါရီ ၁၇
မြန်မာ-ထိုင်း နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု အခွန့်ရှည်တည်တံ့ခိုင်မြဲစေရန်၊ နှစ်နိုင်ငံပြည်သူများအချင်းချင်း ပို၍ ပေါင်းသင်းဆက်ဆံမှုများရှိလာပြီး ရိုင်းပင်းကူညီလိုစိတ်များ ရှိလာစေရန်၊ အခက်အခဲများကို အတူတကွ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်တတ်စေရန်နှင့် နှစ်နိုင်ငံ ခရီးသွားလုပ်ငန်းပိုမိုတိုးတက်စေရန် ရည်ရွယ်ချက်များဖြင့် အကြိမ်(၂၀)မြောက် မြန်မာ-ထိုင်း ချစ်ကြည်ရေး စက်ဘီးစီးပွဲတော် ဖွင့်ပွဲကို မြဝတီမြို့ အမှတ်(၁) ချစ်ကြည်ရေးတံတားပေါ်၌ ဖေဖော်ဝါရီ ၁၆ ရက်က ကျင်းပခဲ့သည်။

စက်ဘီးစီးပွဲတော် ဖွင့်ပွဲတွင် မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်နိုင်ထွန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြဝတီခရိုင် ကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌ ဒေါ်သင်းသင်းမြတ်၊ ထိုင်းနိုင်ငံဘက်မှ တာ့ခ်ခရိုင် အုပ်ချုပ်ရေးမှူးနှင့် တာ့ခ်ခရိုင် ကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌတို့ ဦးဆောင်သော တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

နှစ်နိုင်ငံမှ ပြည်သူ ၂၀၀၀ ခန့် စုပေါင်းပါဝင်၍ စက်ဘီးစီးနင်းနေစဉ်။

"အခု နှစ် ၂၀ ပြည့် စက်ဘီးစီးပြိုင်ပွဲက ထိုင်း-မြန်မာချစ်ကြည်ရေးကို အရင်းခံပြီး စတင်ခဲ့တာ၊ အခုတော့ အစီးရေ ၂၀၀၀ လောက် ရှိပြီပေါ့။ ခရီးသွားလုပ်ငန်းကိုလည်း ပိုမိုတိုးမြင့်စေပြီး နှစ်နိုင်ငံက ကုန်သည်လုပ်ငန်းရှင်များအနေနဲ့လည်း ဒီထက် ပိုမိုပေါင်းစပ်လုပ်ကိုင်လာစေမှာပါ။ ကျောင်းသား ကျောင်းသူအချင်းချင်းလည်း ချစ်ကြည်ရင်းနှီးစေမှာ ဖြစ်ပါတယ်"ဟု မြဝတီခရိုင်ကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌ ဒေါ်သင်းသင်းမြတ်က ပြောသည်။

အဆိုပါ စက်ဘီးစီးပွဲတော်တွင် ထိုင်းနိုင်ငံမှ ပြည်သူများနှင့် ကျောင်းသား ကျောင်းသူ ၁၅၀၀ ခန့်နှင့် မြဝတီမြို့မှ ပြည်သူများနှင့် ကျောင်းသား ကျောင်းသူ ၅၀၀ ခန့် ပါဝင်ပြီး မြဝတီမြို့ အမှတ်(၁) ချစ်ကြည်ရေးတံတား မှ ရွှေမြင်းဝန်စေတီ၊ မိကျောင်းကုန်းကျောင်းတိုက်၊ အမှတ် (၂) ချစ်ကြည်ရေးတံတား၊ ငွေ့ရှမ်းကျေးရွာအထိ စုပေါင်း စက်ဘီးစီးကြကာ စက်ဘီးစီးပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

ထိန်လင်းအောင် (ပြန်/ဆက်)

မန်းရေနံမြေနှင့် ထိစပ်ကျေးရွာများတွင် ဆောင်ရွက်မည့် လူမှုရေးတာဝန်သိမှုလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

မင်းဘူး ဖေဖော်ဝါရီ ၁၇
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ မန်းရေနံမြေမှ ထိစပ်ကျေးရွာများ၌ ဆောင်ရွက်ပေးလျက်ရှိသည့် လူမှုရေးတာဝန်သိမှု (CSR) လုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်ပေးလျက်ရှိရာ မန်းရေနံမြေနှင့် ထိစပ်ကျေးရွာများတွင် ဆောင်ရွက်မည့် CSR လုပ်ငန်းများကို ယမန်နေ့က ကွင်းဆင်းစစ်ဆေးခဲ့သည်။ ထို့သို့ကွင်းဆင်းစစ်ဆေးဆောင်ရွက်ရာတွင် MPRL E&P Pte.Ltd, မှ တာဝန်ရှိသူများ၊ မန်းရေနံတာဝန်ရှိသူများ၊ CSR အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက မန်းရေနံမြေနှင့် ထိစပ်ကျေးရွာ ၁၆ ရွာသို့ ကွင်းဆင်း၍ လိုအပ်ချက်ရှိသည့် ဦးစားပေး လုပ်ငန်းစဉ်များကို စစ်ဆေးခဲ့ကြောင်း သိရသည်။

မျိုးမြတ်(မင်းဘူး)

အောင်လံမြို့နယ် မအူခုံကျေးရွာ၌ လျှပ်စစ်ဓာတ်အား အချိန်ပြည့် ရရှိတော့မည်

အောင်လံ ဖေဖော်ဝါရီ ၁၇
မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့နယ် မအူခုံကျေးရွာ၌ မကြာမီ အချိန်ပြည့် လျှပ်စစ်ဓာတ်အား ရရှိတော့မည်ဖြစ်ကြောင်း အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

မအူခုံကျေးရွာ၌ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ကျေးရွာအထိ ၁၁ ကေဗွီ ဓာတ်အားလိုင်းနှင့် ထရန်စဖော်မာကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းက တည်ဆောက်ပေးမည်ဖြစ်ပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကလည်း ကျေးရွာတွင်း ၄၀၀ ဗို့ ဓာတ်အားလိုင်း ပေ ၄၈၄၀ တည်ဆောက်ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းမှ ထောက်ပံ့ရန်ပုံငွေကျပ်သိန်း ၁၀၀ နှင့် ဒေသခံပြည်သူများ ထည့်ဝင်ငွေကျပ်သိန်း ၁၂၀ ကျော်တို့ဖြင့် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းတစ်ခုလုံး၏ ၉၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်သဖြင့် ၁၁ ကေဗွီဓာတ်အားလိုင်းနှင့် ထရန်စဖော်မာကို တည်ဆောက်ပြီးစီးပါက မအူခုံကျေးရွာ၌ အချိန်ပြည့် လျှပ်စစ်ဓာတ်အား ရရှိတော့မည်ဖြစ်ကြောင်း အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးအောင်ကြီးက ပြောသည်။

လက်ရှိတွင် ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအေးကျော်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ကျေးရွာမီးလင်းရေးကော်မတီတို့နှင့် ညှိနှိုင်းပူးပေါင်း၍ ဆောင်ရွက်နေကြောင်း သိရသည်။

အောင်လံမြို့နယ်တွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းမှ ရန်ပုံငွေ ကျပ်သိန်း ၁၀၀ စီနှင့် ဒေသခံပြည်သူများ၏ ထည့်ဝင်ငွေများဖြင့် ကျေးရွာပေါင်း ၁၄ ရွာတွင် ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း တစ်ခု၊ ကျေးရွာအဝင်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း တစ်ခု၊ ကျေးရွာအဝင်နှင့် ရွာအတွင်းလမ်းများ မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်း ခြောက်ခု၊ ကျေးလက် ကုန်ထုတ်လမ်းခင်းခြင်းလုပ်ငန်း တစ်ခု၊ ကျေးရွာမီးလင်းရေးအတွက် ၄၀၀ ဗို့ ဓာတ်အားလိုင်းများတည်ဆောက်ခြင်း လုပ်ငန်းလေးခု စုစုပေါင်း လုပ်ငန်း ၁၄ ခုတို့ကို အကောင်အထည်ဖော်လျက်ရှိကြောင်း သိရသည်။

သန်းလွင် (မကွေး)

ဓာတ်အားလိုင်းတည်ဆောက်ရေးလုပ်ငန်းကို တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးနေစဉ်။

ပြည်သူတို့၏ စုပေါင်းအားနှင့်အတူ

အောင်မြင်(အလှဆင်သူ)

ရန်ကုန်-တိုက်ကြီးလမ်းပိုင်း နိုင်လွန်ကတ္တရာလမ်းမကြီး ဖွင့်ပွဲကျင်းပစဉ်။

၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက် တနင်္ဂနွေနေ့နံနက်ဖြစ်သည်။ ရာသီဥတုက အေးချမ်းလှသလို ရန်ကုန်- ပြည်လမ်းမကြီး၏ ရန်ကုန်-တိုက်ကြီးလမ်းပိုင်း နိုင်လွန်ကတ္တရာလမ်းမကြီး မှာလည်း ချောမွေ့သာယာလျက်။ မင်္ဂလာရှိသော အချိန်အခါတွင် ၎င်းလမ်းပိုင်းကို တာဝန်ရှိပုဂ္ဂိုလ်များက ဖွင့်လှစ်ပေးခဲ့သည်။

အကျိုးကျေးဇူးများ ရရှိခံစားနိုင်

ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ပြည်တွင်းလုပ်ငန်းရှင်များသည် လမ်းတံတားလုပ်ငန်းများကို BOT စနစ်ဖြင့် ဆောင်ရွက်၍ တိုင်းရင်းသားပြည်သူများ လိုရာခရီးကို ချောမွေ့မြန်ဆန် အန္တရာယ်ကင်းစွာဖြင့် သွားလာနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ ၎င်းသို့ BOT ကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်နေခြင်းကြောင့် လမ်း၊ တံတားများအတွက် နိုင်ငံတော်က ဘဏ္ဍာငွေ စိုက်ထုတ်သုံးစွဲစရာမလိုဘဲ ပြည်သူတို့၏ အခြားလိုအပ်ချက်ဖြစ်သော ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍများအတွက် ပိုမိုအသုံးပြုလာနိုင်သဖြင့် ကဏ္ဍပေါင်းစုံ ပိုမိုတိုးတက်လာသည့် အကျိုးကျေးဇူးများကို ရရှိခံစားနိုင်ပြီဖြစ်သည်။

ပြည်သူများမှာလည်း လုံခြုံကောင်းမွန်သော လမ်းများကို အသုံးပြုရသည့်အတွက် အချိန်တိုအတွင်း လိုရာခရီးသို့ အေးချမ်းလုံခြုံစွာ သွားလာနိုင်ပြီဖြစ်သည်။ လမ်းများပေါ်တွင် သတ်မှတ်ထားသော ခွင့်ပြုတန်ချိန်များအတိုင်း သွားလာအသုံးပြုပြီး သတ်မှတ်ထားသည့် ခရီးအကွာအဝေးအတိုင်းပေးဆောင်ရမည့် လမ်းအသုံးပြုခ၊ အခွန်အခများကို ပေးဆောင်ခြင်းဖြင့် ပြည်သူများအတွက် အကျိုးရှိသလို လုပ်ငန်းဆောင်ရွက်သည့် လုပ်ငန်းရှင်များနှင့် ပြည်သူ့အစိုးရတို့မှာလည်း အကျိုးရှိသည့် PPP စနစ်ဖြင့် စုပေါင်းချိတ်ဆက်မှုသာ ရေရှည်အောင်မြင်တိုးတက်မည်ဖြစ်သည်။

ပူးပေါင်းဆောင်ရွက်မှုသာ ရှေ့ဆက်နိုင်

BOT လမ်း၊ တံတား လုပ်ငန်းများသည် ငွေကြေးများစွာ ရင်းနှီးလုပ်ကိုင်ရသည့်အတွက် လုပ်ကိုင်ခွင့်ပြုထားသော နှစ်ကန့်သတ်ချက်အတွင်း အရင်းကြေပြန်ရနိုင်မှု၊ ထိုက်သင့်သည့် ဝင်ငွေ ပြန်ရနိုင်မှုတို့ကို ချိန်ဆ၍ နိုင်ငံတကာ စံနှုန်းများနှင့်တွက်ချက်ပြီး ပူးပေါင်းဆောင်ရွက်မှုသာ ပြည်သူနှင့် ပြည်သူ့အစိုးရ၊ ကုမ္ပဏီများ အားလုံးအောင်မြင်စွာ ရှေ့ဆက်သွားနိုင်မည် ဖြစ်သည်။

လမ်း၊ တံတားများ တည်ဆောက်လျက်ရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် BOT ကုမ္ပဏီများအနေဖြင့်လည်း ခေတ်စနစ်နှင့် မကိုက်ညီတော့သည့် ပဋိညာဉ်စာချုပ်များကို နိုင်ငံတကာ စံနှုန်းများနှင့် ကိုက်ညီသည့် စာချုပ်များအဖြစ် ပြောင်းလဲဆောင်ရွက်ရန် အာရှဖွံ့ဖြိုးရေးဘဏ်၏ နည်းပညာအထောက်အပံ့ဖြင့်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ ဥပဒေအတိုင်ပင်ခံအဖွဲ့များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့ဝင်များ၊ BOT ကုမ္ပဏီ လုပ်ငန်းရှင်များ ဆွေးနွေးပွဲများ ကျင်းပပြုလုပ်၍ လည်းကောင်း နိုင်ငံတကာ စာချုပ်စာတမ်း စံနှုန်းများနှင့်အညီ ပြင်ဆင်ဆောင်ရွက်နေပြီဖြစ်သည်။

စုပေါင်းပါဝင်ရန်လို

ထို့ကြောင့် ပြည်သူများဘက်ကလည်း အရည်အသွေးကောင်းမွန်အောင် ဆောင်ရွက်ထားသော လမ်းကောင်းများတွင် သတ်မှတ်ထားသော လမ်းစည်းကမ်းများကို လိုက်နာခြင်း၊ သတ်မှတ်ထားသော ခွင့်ပြုတန်ချိန်များအတိုင်း သွားလာအသုံးပြုခြင်း၊ ပေးဆောင်ရမည့် လမ်းအသုံးပြုခ၊ ဝန်ဆောင်ခများ ပေးဆောင်ခြင်းတို့ဖြင့် စုပေါင်းပါဝင်ပေးရန် လိုအပ်ပေသည်။

အလျဉ်းသင့်သဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ နိုင်ငံတော်အတွင်း လမ်း၊ တံတားလုပ်ငန်းဆောင်ရွက်မှုများကို ဖော်ပြလိုသည်။ နိုင်ငံတစ်ခု တိုးတက်စေရန် အဓိက လိုအပ်ချက်များတွင် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်းသည်လည်း အဓိကနေရာမှပါဝင်နေ၍ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် တာဝန်များ ချမှတ်ဆောင်ရွက်လျက်ရှိရာ ၂၀၃၀ ပြည့်နှစ်တွင် လက်ရှိ ၄၂၂၂ ကီလိုမီတာရှိသည့် လမ်းများကို ASEAN Class 3 (၁၈ ပေအကျယ် ကတ္တရာ ကွန်ကရစ်လမ်း)အဆင့်အနည်းဆုံး ရောက်ရှိရေး၊ ၂၀၃၀ ပြည့်နှစ်တွင် တံတားများအားလုံး ၂၄ ပေအကျယ် နှစ်လမ်းသွား ကွန်ကရစ်တံတားနှင့် သံပေါင်တံတား အဆင့် အနည်းဆုံး ရောက်ရှိရေး၊ ၂၀၃၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံရှိ မြို့ပေါင်း ၃၃၀ ကျော်သည် စနစ်ကျနသောမြို့ပြများ(Urban Planning)အဖြစ် အကွက်ချတည်ဆောက်ပြီးသည့်မြို့များ ဖြစ်လာစေရေးနှင့် အဆိုပါ မြို့များအားလုံးတွင် အစိုးရပိုင်နှင့် ပုဂ္ဂလိကပိုင်အဖြစ် တည်ဆောက်မည့် အိမ်ခန်းပေါင်းတစ်သန်း ဆောက်လုပ်ပြီးစီးရေးတို့ကို တာဝန်ချမှတ်ဆောင်ရွက်လျက်ရှိသည်။

ဖွင့်လှစ်ပြီးသည့် ရန်ကုန်-တိုက်ကြီး နိုင်လွန်ကတ္တရာလမ်းမကြီးတွင် ယာဉ်များသွားလာနေစဉ်။

အဆင့်မြှင့်တင်သွားမည်

မြန်မာနိုင်ငံ၏ လမ်းတံတားလုပ်ငန်းများကို BOT စနစ်ဖြင့် ၁၉၉၆ ခုနှစ်ကတည်းက လားရှိုး-မူဆယ်လမ်းပိုင်း၌ စတင်ဆောင်ရွက် ခဲ့ရာ ယခုအခါ တိုင်းရင်းသား BOT ကုမ္ပဏီ ပေါင်း ၂၅ ဖွဲ့က လမ်းမိုင်ပေါင်း ၃၂၆၄ မိုင်ကို အဆင့်မြှင့်တင် ဆောင်ရွက်နေပြီ ဖြစ်သည်။ ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး၊ မန္တလေး-လားရှိုး-မူဆယ်လမ်းမကြီး၊ ရန်ကုန်-ဘုရားကြီး-ကျိုက်ထို-မော်လမြိုင်လမ်း၊ မန္တလေး- စစ်ကိုင်း-မုံရွာလမ်း၊ ရန်ကုန်- ပြည်-မကွေးလမ်းမကြီး များတွင် အဆင့်မြှင့်တင် ဆောင်ရွက်နေသည်ကို ပြည်သူများ မျက်ဝါးထင်ထင် မြင်တွေ့နိုင်ပြီဖြစ်ပြီး ဆက်လက်၍လည်း ကျန်လမ်းပိုင်းများကို နှစ်အလိုက် အဆင့်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်သည်။

နိုင်ငံတော်၏ လမ်းပန်းဆက်သွယ်ရေးကဏ္ဍများကို အဆင့်မြှင့်တင်နိုင်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် BOT ကုမ္ပဏီများက ပူးပေါင်းဆောင်ရွက်နေသကဲ့သို့ ပြည်သူများကလည်း ဆောင်ရွက်ပြီးသောလမ်းများ မပျက်စီးစေရန် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ သတ်မှတ်ထားသော လမ်းအသုံးပြုခများကို ပေးဆောင်ခြင်း၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်းများကို လိုက်နာခြင်းတို့ဖြင့် ပူးပေါင်းပါဝင် ကူညီဆောင်ရွက်၍ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ပိုမိုကောင်းမွန်လာအောင် စုပေါင်းအားဖြင့် တည်ဆောက်နိုင်ကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

သမိုင်းဝင် ကျိုက်သလွံစေတီတော်မြတ်ကြီး၏ အနောက်ဘက် ဓာတ်လှေကားအသစ် ဖွင့်ပွဲကျင်းပ

မော်လမြိုင် ဖေဖော်ဝါရီ ၁၇

မွန်ပြည်နယ် မော်လမြိုင်မြို့၏ ကျက်သရေဆောင် သွားတော်ဓာတ်နှင့် ဆံတော်ရှင် သမိုင်းဝင်ကျိုက်သလွံစေတီတော်မြတ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာရောက်ကြသည့် ပြည်သူများ လွယ်ကူသက်သာအဆင်ပြေချောမွေ့စွာဖြင့် တက်ရောက်ဖူးမြော်နိုင်ရန်အတွက် အနောက်ဘက် ဓာတ်လှေကားစက်အသစ် ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က အဆိုပါ စေတီတော်မြတ်ကြီး၏ အနောက်ဘက် ဓာတ်လှေကားမုခ်ဦးရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ ဓာတ်လှေကားအမှတ်(၁)၊ (၂)အလှူရှင်များ ဖြစ်ကြသော ဒေါ်ကြင်ကြည်နှင့် ဒေါ်ကြွယ်ကြွယ်တို့က ဓာတ်လှေကား လှူဒါန်းရခြင်းကို ပြောကြားသည်။

စေတီတော်မြတ်ကြီး၏ အနောက်ဘက် ဓာတ်လှေကားအသစ်ဖွင့်ပွဲကျင်းပစဉ်။

ထို့နောက် ဓာတ်လှေကားစက်အသစ်ကို အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မျိုးမိုးအောင်၊ ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာထိန်လင်း၊ အလှူရှင် ဒေါ်ကြင်ကြည်၊ ဒေါ်ကြွယ်ကြွယ်နှင့် ကျိုက်သလွံစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့နာယကကြီး ဦးတင်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဓာတ်လှေကားအသစ်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းကြသည်။

အဆိုပါ အနောက်ဘက်ဓာတ်လှေကားစက်အသစ်အမှတ်(၁)နှင့် (၂)ကို အလှူရှင်ဒေါ်ကြင်ကြည်နှင့် ဒေါ်ကြွယ်ကြွယ်မိသားစုတို့မှ လှူဒါန်းပြီး စုစုပေါင်း တန်ဖိုးမှာ ငွေကျပ် ၇၅၄ သိန်းရှိကြောင်း သိရသည်။

ခရိုင်(မြန်/ဆက်)

ချင်းတွင်းနှင့် ရေဝတီကြား ကျွန်းထဲကျေးရွာ ရှစ်ရွာကို ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းအတွင်း ထည့်သွင်းဆောင်ရွက်

ရေစကြို ဖေဖော်ဝါရီ ၁၇

ပခုက္ကူခရိုင် ရေစကြိုမြို့နယ်တွင် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းဖြင့် ကျေးရွာ ၁၅ ရွာကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် သွားလာရေး ခက်ခဲသည့် ကျွန်းထဲကျေးရွာ ရှစ်ရွာကိုပါ စီမံကိန်းကျေးရွာများအတွင်း ထည့်သွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရေစကြိုမြို့နယ်တွင်း ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှ စတင်ကာ ဆောင်ရွက်ခဲ့ခြင်းဖြစ်သော်လည်း ကျွန်းထဲကျေးရွာများနှင့် ရေစကြိုမြို့ကြား ချင်းတွင်းမြစ်ခြားနေသဖြင့် တည်ဆောက်ရေးပစ္စည်းများကို စက်လှေငယ်ဖြင့် သယ်ယူရန်မှာ ခက်ခဲခဲ့သောကြောင့် ကျွန်းထဲကျေးရွာများအား ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းတွင် ထည့်သွင်းအကောင်အထည်ဖော်ခြင်း မရှိခဲ့ကြောင်း သိရသည်။

ယခုနှစ်တွင် ချင်းတွင်းမြစ်အနောက်ဘက်ကမ်းရှိ ချစ်သူကျေးရွာနှင့် ချင်းတွင်းမြစ်အရှေ့ဘက်ကမ်းရှိ ညောင်ပင်ကျေးရွာကို ဖြတ်ကူးသည့် ဇက်ကူးတို့အား ငတမျော်ကျေးရွာသား သရဖူဆရာတော်မှ တည်ထောင်ပေးခဲ့သောကြောင့် ကျောက်စရစ်နှင့် တည်ဆောက်ရေး ပစ္စည်းအားလုံးကို ဇက်ရေယာဉ်ဖြင့် လွယ်ကူစွာ သယ်ယူနိုင်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြင့် ရေစကြိုမြို့နယ်အတွင်းမှ ကျေးရွာ ၁၅ ရွာတွင် ကျေးရွာတစ်ရွာလျှင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းထောက်ပံ့ ငွေကျပ်သိန်း ၁၀၀ စီနှင့် ကျေးလက်ဒေသခံပြည်သူများ ပူးပေါင်းပါဝင်ငွေများဖြင့် စုပေါင်းကာ ကျေးရွာတွင်း မြေနီကျောက်စရစ်လမ်းခင်းခြင်း၊ ကွန်ကရစ်လမ်းခင်းခြင်းများကို ဒေသခံကျေးရွာနေပြည်သူများမှ ၎င်းတို့ကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အိမွန်ဆွေ(ရေစကြို)

မိုင်းယောင်း ဝိမုတ္တိသုခစေတီတော်ကြီး ဘုရားပွဲ ကျင်းပမည်

မိုင်းယောင်း ဖေဖော်ဝါရီ ၁၇

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ် မုန်းလိုက်ကျေးရွာအုပ်စု မိုင်းဟန် ကျေးရွာ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်းတိုက်ရှိ ဝိမုတ္တိသုခ ဆုတောင်းပြည့် စေတီတော်မြတ် ကြီး၏ (၈) ကြိမ်မြောက်ဘုရားပွဲကို မတ်လ ၂ ရက်နှင့် ၃ ရက်တို့တွင် အဆိုပါ ကျောင်းတိုက်အတွင်း စည်ကားသိုက်မြိုက်စွာကျင်းပမည်ဟု သိရသည်။ ဘုရားပွဲနှင့်အတူ အနယ်နယ်အရပ်ရပ်မှ အလှူရှင် ပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုများဖြင့် တည်ဆောက်ထားသည့် ဘုရားမုခ်ဦး၊ တံတိုင်း၊ ကျောင်းတိုက်အဝင် ကွန်ကရစ်လမ်း၊ ကုဋီနှင့် ရေချိုးခန်း၊ ဗောဓိပလ္လင်တော်၊ သံဃာ့သာသန ပလ္လင်တော်၊ စောင်းတန်းများနှင့် လောကနတ်ရုပ်တု စသည့် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချ အမျှဝေမည့် လှူဒါန်းပွဲကိုလည်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ကိုကိုနိုင်(မြန်/ဆက်)

သဘာဝမြေသြဇာနှင့် ဇီဝမြေသြဇာများ အသုံးပြုခြင်းဖြင့် စိုက်ပျိုးရေးထွက်ကုန်များ အရည်အသွေးမြင့်မားလာစေရေး

မောင်မြင့်ဆွေ (ကြေး/မြေ)

မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍ စိုက်ပျိုးသီးနှံများထုတ်လုပ်မှု တိုးတက်မြင့်မားရေးနှင့် တောင်သူလယ်သမားများ အကျိုးအမြတ်ပိုမိုဖြစ်ထွန်းရေးအတွက် မြေ၊ ရေနှင့် လုပ်အားအရင်းအမြစ်များပြီးလျှင် လယ်ယာသွင်းအားစုတစ်ခုဖြစ်သည့် မြေသြဇာကို အချိုးညီ အချိန်ကိုက် အသုံးပြုရေးသည် အရေးကြီးသည့်အချက်တစ်ချက် ဖြစ်ပါသည်။ လယ်ယာထွက်ကုန်ထုတ်လုပ်မှု မြှင့်တင်နိုင်ရေးအတွက် မြေသြဇာကို အမှန်တကယ် ထိရောက်လုံလောက်စွာ ရရှိအသုံးပြုနိုင်ရန် လိုအပ်လျက်ရှိပါသည်။

စိုက်ပျိုးရေးမဟာဗျူဟာနှင့် မြေသြဇာ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ မြန်မာ့စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာအရ သီးနှံသွင်းအားစုများဖြစ်သည့် မျိုးစေ့၊ မြေသြဇာနှင့် ပိုးသတ်ဆေးတို့နှင့် စပ်လျဉ်းပြီး ဆိုင်ရာကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းစဉ်များ ရေးဆွဲချမှတ်ထားရှိကြောင်း လေ့လာသိရှိရပါသည်။ ယင်းတို့တွင် ဓာတ်မြေသြဇာအသုံးပြုရာ၌ ထိရောက်မှုရှိစေရေးနှင့် အော်ဂဲနစ်နှင့် ဇီဝမြေသြဇာတို့တွင် ပုဂ္ဂလိကအခန်းကဏ္ဍမှ ပိုမိုပါဝင်လာစေရေး အားပေးမြှင့်တင်ဆောင်ရွက်ရန် ဖော်ပြပါရှိပါသည်။ နိုင်ငံတော် အစိုးရအနေဖြင့် ဓာတ်မြေသြဇာထုတ်လုပ်မှု၊ တင်သွင်းမှု၊ သုံးစွဲမှု၊ ဖြန့်ဖြူးမှု၊ လက်ကျန် စသည်တို့ပါဝင်သော သတင်းစနစ်ထူထောင်၍ အရည်အသွေးအာမခံချက်ရှိစေရန်၊ အတုအပ၊ အရောအနှောနှင့် တံဆိပ်အတုများတပ်ထားသည့် ဓာတ်မြေသြဇာများ ဖြန့်ဖြူးခြင်းကို ကာကွယ်နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

လက်ရှိအချိန်တွင် မြေသြဇာထုတ်လုပ်တင်သွင်းမှု ကွင်းဆက်နှင့် ဈေးကွက်ပုံသဏ္ဌာန်မှာ တောင်သူလယ်သမားများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် လျင်မြန်စွာ တိုးတက်ပြောင်းလဲလျက်ရှိပါသည်။ ပြည်တွင်း၌ ယူရီးယား ဓာတ်မြေသြဇာ ထုတ်လုပ်မှုကျဆင်းသည်နှင့်အမျှ ဖြည့်တင်းပေးနိုင်မှုမှာ လျော့နည်းလာပါသည်။ နိုင်ငံတော်အနေဖြင့် ဓာတ်မြေသြဇာ လုံလောက်စွာ ထုတ်လုပ်နိုင်မှုမရှိသည့်အတွက် ပုဂ္ဂလိကအပိုင်းမှ ဓာတ်မြေသြဇာတင်သွင်းခြင်းကို အားပေးဆောင်ရွက်လျက်ရှိပါသည်။

မြေသြဇာအသုံးပြုမှုနှင့် လိုအပ်ချက်

မြန်မာနိုင်ငံအတွင်း သီးနှံအမယ်စုံစိုက်ပျိုးရာ၌ စပါးသီးနှံတွင် မြေသြဇာသုံးစွဲမှု ပမာဏအများဆုံးဖြစ်ပြီး မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲမျိုးစုံ၊ အစေ့ထုတ်ပြောင်း၊ ဝါ၊ ကြံ၊ ဂုန်လျှော်၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ စသည်တို့တွင်လည်း ထည့်သွင်းအသုံးပြုပါသည်။ မြန်မာနိုင်ငံ၏ သီးနှံစိုက်ပျိုးမှုတွင် ဓာတ်မြေသြဇာသုံးစွဲမှုပမာဏမှာ နှစ်စဉ် တိုးတက်များပြားလာသော်လည်း သုံးစွဲမှုနှုန်းထားမှာ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံတို့နှင့် နှိုင်းယှဉ်ပါက များစွာနိမ့်ကျလျက်ရှိပါသည်။ သီးနှံများတွင် လိုအပ်သော ဓာတ်မြေသြဇာကို အချိုးကျ ထည့်သွင်းမသုံးစွဲနိုင်ခြင်းမှာ ဓာတ်မြေသြဇာဈေးနှုန်းများ ကြီးမြင့်နေခြင်းကြောင့် ဖြစ်ပါသည်။ လေ့လာတွေ့ရှိချက်များအရ ယူရီးယားဓာတ်မြေသြဇာ မက်ထရစ်တစ်တန်အတွက် ကွင်းအရောက်ဈေးနှုန်းမှာ မြန်မာနိုင်ငံတွင် အမေရိကန်ဒေါ်လာ ၄၄၅ ဒေါ်လာရှိပြီး ကမ္ဘောဒီးယားတွင် အမေရိကန်ဒေါ်လာ ၄၁၀၊ ထိုင်းနိုင်ငံတွင် အမေရိကန်ဒေါ်လာ ၄၀၀ နှင့် ဗီယက်နမ်နိုင်ငံတွင် အမေရိကန်ဒေါ်လာ ၃၈၀ ရှိသဖြင့် မြန်မာနိုင်ငံ၏ ဓာတ်မြေသြဇာဈေးနှုန်းမှာ ဒေသအတွင်း အခြားနိုင်ငံများထက် ကြီးမြင့်လျက်ရှိပါသည်။ NPK ကွန်ပေါင်းဓာတ်မြေသြဇာဈေးနှုန်းမှာလည်း အလားတူ အခြားနိုင်ငံများထက် ကြီးမြင့်လျက်ရှိပါသည်။

မြန်မာနိုင်ငံ စပါးသီးနှံစိုက်ပျိုးမှုတွင် မိုးစပါးဧက ၁၅ သန်း၊ နွေစပါး ဧက သုံးသန်း စုစုပေါင်း စပါးစိုက်ဧက ၁၈ သန်းအတွက် တစ်ဧက ပန်းတိုင်အထွက်နှုန်း တင်း ၁၀၀ ထွက်ရှိရန် စပါးတစ်ဧကလျှင် ယူရီးယား၊ တီစူပါ၊ ပိုတက်ရှ် သို့မဟုတ် ကွန်ပေါင်းဓာတ်မြေသြဇာ သုံးအိတ်နှုန်း သုံးစွဲရန် လိုအပ်ပါသည်။ စပါးသီးနှံတစ်ခုတည်းအတွက်ပင်လျှင် ဓာတ်မြေသြဇာ တန်ချိန် ၂ ဒသမ ၇ သန်းခန့် နှစ်စဉ်လိုအပ်မည်ဖြစ်ပြီး ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများအပါအဝင် သီးနှံအားလုံးအတွက် နှစ်စဉ် ဓာတ်မြေသြဇာတန်ချိန် သုံးသန်းကျော် လိုအပ်မည်ဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

သဘာဝမြေသြဇာနှင့် ဇီဝမြေသြဇာ

ပြည်တွင်းဓာတ်မြေသြဇာထုတ်လုပ်နိုင်မှုတွင် သုံးစွဲမှုပမာဏမှာ လုံလောက်မှုမရှိသဖြင့် လိုအပ်သည့် ဓာတ်မြေသြဇာကို ပြည်ပမှ နှစ်စဉ်တင်သွင်းရလျက်ရှိပါသည်။ ဓာတ်မြေသြဇာဈေးနှုန်းကြီးမြင့်မှုနှင့်အတူ တစ်ဖက်တွင်လည်း သီးနှံများတွင် ဓာတ်မြေသြဇာများ လွန်ကဲစွာအသုံးပြုခြင်းကြောင့် မြေဆီလွှာနှင့် မြေအောက်ရေအရင်းအမြစ်များ ပျက်စီးခြင်း၊ မြစ်ချောင်း၊ အင်းအိုင်များတွင် သဘာဝရေအရည်အသွေးပျက်ယွင်းပြီး ရေထုညစ်ညမ်းမှုများ တိုးပွားဖြစ်ပေါ်စေခြင်းစသည့် အကျိုးဆုတ်ယုတ်မှုများ ဖြစ်ပေါ်စေပါသည်။ ထို့ကြောင့် သီးနှံအထွက်တိုးရေးအတွက် ပြည်ပမှ ဓာတ်မြေသြဇာတင်သွင်းပြီး ဈေးကြီးပေး၍ ဝယ်ယူအသုံးပြုခြင်းထက် သီးနှံအထွက်နှုန်းနှင့် အရည်အသွေးတိုးတက်ကောင်းမွန်စေပြီး ရေမြေပတ်ဝန်းကျင်ကို ထိန်းသိမ်းပေးသည့် သဘာဝမြေသြဇာနှင့် ဇီဝမြေသြဇာများကို ကျယ်ကျယ်ပြန့်ပြန့် ပိုမိုထိရောက်စွာ တိုးချဲ့အသုံးပြုရန် များစွာလိုအပ်လျက်ရှိပါသည်။

နိုင်ငံတစ်ဝန်း ကျေးလက်ဒေသအသီးသီးတွင် နွားချေး၊ ကြက်ချေး၊ တီကျစ်စာ စသည့် တိရစ္ဆာန်စွန့်ပစ်ပစ္စည်းအပါအဝင် သစ်ရွက်ဆွေး၊ ကောက်ရိုးဆွေး၊ ပဲမှော် စသည့် အပင်တို့၏ ဘေးထွက်ပစ္စည်းများကို သဘာဝမြေသြဇာအဖြစ် အသုံးပြုကြလျက်ရှိပါသည်။ တိရစ္ဆာန်စွန့်ပစ်ပစ္စည်းနှင့် အပင်ဘေးထွက်ပစ္စည်းများကို ပိုမိုအာနိသင်ရှိသည့် သဘာဝမြေသြဇာအဖြစ် ပြုပြင်အသုံးပြုရာတွင် ပါဝင်ပစ္စည်းများအား ရောနှောပေါင်းစပ်၍ ကစော်ဖောက်ခြင်း၊ ဘိုကာရှိ (Bokashi) နည်းဖြင့် အပင်အကျိုးပြု အဏုဇီဝပစ္စည်းအဖြစ် ထုတ်လုပ်အသုံးပြုကြပါသည်။

ဇီဝမြေသြဇာမှာ အပင်များရှင်သန်ကြီးထွားရေးအတွက် အကျိုးပြုသက်ရှိများဖြစ်သော ဗက်တီးရီးယား၊ မှို စသည်တို့ဖြင့် ပါဝင်ပေါင်းစပ်ထုတ်လုပ်ထားသော မြေသြဇာဖြစ်ပါသည်။ ဇီဝမြေသြဇာသည် အကျိုးပြုသက်ရှိ အဏုဇီဝအော်ဂဲနစ်ပစ္စည်းများဖြင့် ပါဝင်ဖွဲ့စည်းထားသဖြင့် မြေဆီလွှာအတွင်း စိမ့်ဝင်ပြီး အချိန်ယူပြုပြင်၍ မြေဆီသြဇာဓာတ်ကို အားဖြည့်တည်ဆောက်ပေးသည့်အပြင် အပင်အတွက် လိုအပ်သည့် အာဟာရကို အပြည့်အဝရရှိစေပါသည်။ မြန်မာနိုင်ငံတွင် အဓိကအသုံးပြုလျက်ရှိသည့် ယူရီးယားနှင့် ကွန်ပေါင်းဓာတ်မြေသြဇာတို့မှာ ဈေးကြီးမြင့်သည့်အပြင် အလွယ်တကူ ရယူအသုံးပြုနိုင်မှု မရှိသည့်အတွက် နိုက်ထရိုဂျင်ဓာတ်ပေါကြွယ်ဝသည့် ပဲမြစ်ဖုဇီဝမြေသြဇာ၊ ရိုက်ဇိုဘီယမ်ကဲ့သို့သော (Rizobium) ဇီဝမြေသြဇာများကို ထုတ်လုပ်အသုံးပြုလျက်ရှိပါသည်။

ဓာတ်မြေသြဇာအစားထိုး ဇီဝမြေသြဇာ

၁၉၉၉-၂၀၀၀ ပြည့်နှစ်ခန့်က နိုင်ငံအတွင်း မြေသြဇာဈေးနှုန်းများ တရိပ်ရိပ်တက်လာပြီး လိုသလောက် ဝယ်လို့ပင်မရသည့်အခြေအနေ ဖြစ်ပေါ်ခဲ့ပါသည်။ နိုင်ငံတော်၏ စားနပ်ရိက္ခာဖူလုံရေးအတွက် မိုးစပါး၊ နွေစပါးအပါအဝင် ဆီထွက်သီးနှံနှင့် ပဲမျိုးစုံတို့ကို တိုးချဲ့စိုက်ပျိုးလုပ်ကိုင်ရာတွင် စပါးအထွက်တိုးရေးအတွက် ဓာတ်မြေသြဇာအချိန်မီရရှိရန် လိုအပ်လာပါသည်။ နိုင်ငံတော်အစိုးရက ယူရီးယားဓာတ်မြေသြဇာများ အထိုက်အလျောက် ထုတ်လုပ်ရောင်းချပေးခဲ့သော်လည်း မလုံလောက်သဖြင့် ပြင်ပဈေးကွက်မှ ဝယ်ယူသုံးစွဲကြရာ အရည်အသွေးမပြည့်မီခြင်း၊ အလေးချိန်မပြည့်ခြင်း၊ လေလွင့်ခြင်း၊ ဈေးကြီးပေးဝယ်ရခြင်း၊ မြေသြဇာ အချိုးကျမသုံးစွဲနိုင်သဖြင့် မြေဆီလွှာပျက်စီးခြင်းတို့ ဖြစ်ပေါ်လာခဲ့ပါသည်။

"မြန်မာနိုင်ငံ၏ သီးနှံစိုက်ပျိုးမှုတွင် ဓာတ်မြေသြဇာသုံးစွဲမှုပမာဏမှာ နှစ်စဉ် တိုးတက်များပြားလာသော်လည်း သုံးစွဲမှုနှုန်းထားမှာ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံတို့နှင့် နှိုင်းယှဉ်ပါက များစွာနိမ့်ကျလျက်ရှိပါသည်။ သီးနှံများတွင် လိုအပ်သောဓာတ်မြေသြဇာကို အချိုးကျထည့်သွင်းမသုံးစွဲနိုင်ခြင်းမှာ ဓာတ်မြေသြဇာဈေးနှုန်းများ ကြီးမြင့်နေခြင်းကြောင့်ဖြစ်"

ယင်းသို့သောအခြေအနေတွင် ရရှိသည့် ဓာတ်မြေသြဇာအပြင် မြေဆီလွှာပြုပြင်ရေးအတွက် လယ်ယာမြေများတွင် လချေးကျောက်မှုန့်၊ ထုံးမှုန့်များ ပက်ဖျန်းရန်နှင့် သီးနှံအထွက်နှုန်းကောင်းရေးအတွက် သဘာဝမြေသြဇာ၊ ဇီဝမြေသြဇာများ ပြုလုပ်သုံးစွဲရန် ပညာပေးဆောင်ရွက်ခဲ့ကြပါသည်။ ဒေသအချို့တွင် မြစ်ချောင်းများအတွင်း ရေလမ်းကြောင်းပိတ်ဆို့သည်အထိ ထူထပ်စွာပေါက်ရောက်လျက်ရှိသော ဗေဒါပင်များကို အသုံးပြု၍ အကျိုးပြုအဏုဇီဝသက်ရှိပိုးများဖြင့် ပေါင်းစပ်မွေးမြူပြီး ဇီဝမြေသြဇာ ထုတ်လုပ်ဖြန့်ဖြူး သုံးစွဲခဲ့ပါသည်။

စပါးသီးနှံမြေသြဇာစမ်းသပ်ကွက်များဖြင့် စမ်းသပ်ချက်များအရ ဇီဝမြေသြဇာ အမှုန့်နှင့် အရည် စမ်းသပ်ကွက်မှ စပါးပင်သည် အခြားသဘာဝမြေသြဇာများဖြစ်သည့် အမြန်သုံးဆန်ကွဲဘိုကာရှိမြေသြဇာနှင့် EM အရည်သုံး မြေသြဇာစမ်းသပ်ကွက်များထက် စပါးပင်အရည်အသွေး ပိုမိုကောင်းမွန်ပြီး စပါးအထွက်နှုန်း ပိုမိုတိုးတက်ထွက်ရှိကြောင်း တွေ့ရှိရပါသည်။ ဇီဝမြေသြဇာ ထည့်သွင်းစမ်းသပ် စိုက်ပျိုးမှုရလဒ်များအရ ရေမြေသဘာဝအနေအထားနှင့် ကိုက်ညီပြီး ကုန်ကျစရိတ်နည်းပါးခြင်း၊ အထွက်နှုန်းကောင်းခြင်းတို့ကြောင့် တောင်သူအများစု ကြိုက်နှစ်သက်ကြကြောင်း သိရှိရပါသည်။ လက်ရှိအချိန်တွင် နိုင်ငံအဝန်း သဘာဝမြေသြဇာနှင့် ဇီဝမြေသြဇာ ထုတ်လုပ်တင်သွင်းဖြန့်ဖြူးသုံးစွဲမှု တိုးတက်များပြားလာလျက်ရှိပါသည်။

သဘာဝမြေသြဇာနှင့် ဇီဝမြေသြဇာအသုံးပြုရေး

နိုင်ငံတော်၏ သီးနှံစိုက်ပျိုးထုတ်လုပ်မှု ပိုမိုတိုးတက်ထွက်ရှိရေးနှင့် တောင်သူလယ်သမားများ အကျိုးအမြတ် ပိုမိုဖြစ်ထွန်းရေးအတွက် စိုက်ပျိုးရေးတွင် အဓိကသွင်းအားစုဖြစ်သည့် မြေသြဇာကို ဈေးနှုန်းမှန်၊ အရည်အသွေးမှန်စွာ ရာသီချိန်မီ အလွယ်တကူ ရရှိသုံးစွဲနိုင်ရန် အထူးလိုအပ်ပါသည်။ ယင်းသို့ လိုအပ်ချက်အရ ပြည်ပမှ တင်သွင်းရလျက်ရှိသည့် ဓာတ်မြေသြဇာများကို ဈေးကြီးပေး၍ ဝယ်ယူသုံးစွဲရမည့်အစား ပြည်တွင်းမှ ဓာတ်မြေသြဇာများ ပိုမိုတိုးမြှင့်ထုတ်လုပ်ရန်နှင့် သဘာဝမြေသြဇာနှင့် ဇီဝမြေသြဇာများကို ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်အသုံးပြုရန် သက်ဆိုင်သည့်ဌာန၊ အဖွဲ့အစည်းများက ညှိနှိုင်းပူးပေါင်း စီမံဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

သီးနှံစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးနှင့်အတူ ထုတ်လုပ်ထွက်ရှိသည့် သီးနှံများ အရည်အသွေးပြည့်မီရေးနှင့် ဘေးကင်းလုံခြုံစိတ်ချရေးသည်လည်း များစွာအရေးကြီးပါသည်။ ယနေ့မျက်မှောက်ကာလတွင် ကမ္ဘာနှင့်အဝန်း ဘေးကင်းလုံခြုံပြီး အာဟာရပြည့်ဝသည့် အစားအစာများအနက် စံချိန်စံညွှန်းမီသည့် အော်ဂဲနစ်သီးနှံများ စိုက်ပျိုးထုတ်လုပ်ရောင်းဝယ်ဖောက်ကားမှုကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ကြလျက်ရှိပါသည်။

မြန်မာနိုင်ငံ၏ သီးနှံစိုက်ပျိုးထုတ်လုပ်မှုတွင် ပြည်တွင်းစားသုံးမှု ဘေးကင်းလုံခြုံရေး၊ ဖူလုံပိုလျှံရေးနှင့် နိုင်ငံတကာတွင် ဈေးကွက်ခိုင်မာပြီး ဈေးကောင်းရရှိသည့်သီးနှံများ ပိုမိုတင်ပို့နိုင်ရေးအတွက် ဦးတည်ရည်မှန်း ဆောင်ရွက်ကြရပါမည်။ သဘာဝမြေသြဇာနှင့် ဇီဝမြေသြဇာများ အသုံးပြုခြင်းဖြင့် စိုက်ပျိုးရေးထုတ်ကုန်များ အရည်အသွေးမြင့်မားလာမည် ဖြစ်ပါသည်။ သို့ဖြစ်၍ အထွက်ကောင်းပြီး အရည်အသွေးပြည့်မီ၍ စားသုံးရာတွင် ဘေးကင်းလုံခြုံစိတ်ချရသည့် သီးနှံများ ပိုမိုစိုက်ပျိုးဖြစ်ထွန်းအောင်မြင်နိုင်ရန် ဓာတ်မြေသြဇာ၊ သဘာဝမြေသြဇာ၊ ဇီဝမြေသြဇာများကို အချိုးညီအချိန်ကိုက် သုံးစွဲနိုင်ရေးအတွက် တောင်သူလယ်သမားများအား နည်းပညာအပါအဝင် လိုအပ်သည့်ပံ့ပိုးကူညီမှုများကို ပိုမိုထိရောက်ကျယ်ပြန့်စွာ ဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။ ။

ကော်ဖီသီးမှည့်ခူးပွဲတော်နှင့် အထူးတန်းဝင်ကော်ဖီထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်

သံတောင်ကြီး ဖေဖော်ဝါရီ ၁၇

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် ကော်ဖီသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ (လိပ်သို) ကျောက်တိုင်ခြံခွဲ၌ ကော်ဖီသီးမှည့်ခူးပွဲတော်ကို ဖေဖော်ဝါရီ ၁၅ ရက်မှ ၁၆ ရက်အထိ ပြုလုပ်ခဲ့ပြီး အရည်အသွေးမြင့် အထူးတန်းဝင်ကော်ဖီထုတ်လုပ်မှု နည်းပညာသင်တန်းတစ်ရပ်ကိုလည်း ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် ချဉ်ပေါင်ဖာလာအသင်း ဥက္ကဋ္ဌ ဦးစောခရစ္စတိုဖာက သံတောင်ကြီးမြို့နယ်တွင် စီးပွားရေးဈေးကွက်က ချဉ်ပေါင်ဖာလာသာမက အခြားဝင်ငွေရသီးနှံဖြစ်သော ကော်ဖီကိုလည်း အရည်အသွေးမြင့် စိုက်ပျိုးထုတ်လုပ်မှုနည်းပညာများ အသုံးပြု၍ တိုးချဲ့ထုတ်လုပ်သွားရန် အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးသိန်းထိုက်မင်းက ကော်ဖီခူးဆွတ်ရာတွင် သီးကိုင်းကိုဆွဲ၍ခူးခြင်း မပြုလုပ်ဘဲ စနစ်တကျရွေး၍ ဆွတ်ခူးကြရန် အသိပညာပေးကာ မြို့အလိုက်၊ ရွာအလိုက် ကော်ဖီဆွတ်ခူးပွဲများ ဆက်လက်ကျင်းပနိုင်ရန် မျှော်လင့်ကြောင်းလည်း ပြောကြားခဲ့သည်။

"အခုလက်ရှိ သံတောင်ကြီးမြို့နယ်မှာ ကော်ဖီတွေကို အမှည့်ရော၊ အစိမ်းရော ရောပြီးခူးတဲ့အတွက် ကော်ဖီတွေဟာ အရည်အသွေးမပြည့်ဘဲ ဈေးလည်း အလွန်နည်းပါတယ်၊ ကော်ဖီခူးချိန်မှာ အစိမ်းအမှည့် ရောမခူးဘဲ သုံး၊ လေးကြိမ်ခွဲပြီး ကော်ဖီသီးမှည့်တွေကိုသာ ရွေးပြီးခူးဆွတ်မယ်ဆိုရင် အရည်အသွေး ပြည့်ဝပြီး ပြည်ပဈေးကွက်ဝင် ကော်ဖီတွေကို ထုတ်လုပ်နိုင်မှာ ဖြစ်ပါတယ်" ဟုလည်း မြို့နယ်ဦးစီးမှူးက ဆက်ပြောသည်။

ထို့နောက် ဘန့်ဘွေးကော်ဖီခြံ တာဝန်ခံ ဦးဟန်မင်းဦးကလည်း ကော်ဖီစေ့ကြိတ်ခွဲရာတွင် ခူးဆွတ်ပြီး ၁၂ နာရီအတွင်း ကြိတ်ခွဲရန်နှင့် သိုလှောင်ရာတွင်လည်း စနစ်တကျ သိုလှောင်တတ်စေရန် နည်းစနစ်များကို အသိပညာပေး ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ သံတောင်ကြီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ကော်ဖီသုတေသနခြံမှ ဝန်ထမ်းများ၊ ဖြူးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ညောင်ပင်သာခြံမှ ဝန်ထမ်းများ၊ သံတောင်ကြီးမြို့နယ် ကော်ဖီအသင်းအဖွဲ့မှ တာဝန်ရှိသူများနှင့် ဒေသတွင်းမှ ကော်ဖီစိုက်တောင်သူများ တက်ရောက်ခဲ့သည်။

မြို့နယ် (ပြန်/ဆက်)

ကော်ဖီသီးမှည့်ခူးပွဲတော်တွင် ကော်ဖီသီးများခူးဆွတ်နေကြစဉ်။

ထိုင်းနိုင်ငံရှိ ဒုက္ခသည်စခန်းများမှ နေရပ်ပြန်လိုသူ မြန်မာနိုင်ငံသားများအား တတိယအကြိမ်ပြန်လည်လက်ခံရေး ဆွေးနွေး

ဘားအံ ဖေဖော်ဝါရီ ၁၇

ထိုင်းနိုင်ငံရှိ ဒုက္ခသည်စခန်းများတွင် ရောက်ရှိနေကြပြီး မိမိတို့ဆန္ဒအလျောက် နေရပ်ပြန်လိုသူ မြန်မာနိုင်ငံသားများအား မြဝတီဂိတ်မှ တတိယအကြိမ် ပြန်လည်ကြိုဆိုလက်ခံနိုင်ရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၁၅ ရက်က ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းနောင်က အမှာစကားပြောကြားပြီးနောက် ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်မြတ်မိုးနှင့် ပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလင်းထွဋ်တို့က မြန်မာနိုင်ငံသားများအား ပြန်လည်စိစစ်လက်ခံနိုင်ရေး ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ပြန်လည်ကြိုဆိုလက်ခံရေးကော်မတီ အဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ထိုင်းနိုင်ငံရှိ ဒုက္ခသည်စခန်းများဖြစ်သော မယ်လ၊ အုန်းဖြန်နှင့် နို့ဖိုး စခန်းများတွင် ရောက်ရှိနေထိုင်နေကြသော မြန်မာနိုင်ငံ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ဒုက္ခသည် ၆၄၂ ဦးအား ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၂ ရက်အထိ သုံးရက်တိုင်တိုင် ပြန်လည်လက်ခံသွားမည်ဖြစ်ပြီး လူဦးရေ အတိုးအလျော့ ရှိနိုင်သေးကြောင်း၊ ကယားပြည်နယ်မှ ပြန်လည်ဝင်ရောက်မည့်သူများအား မယ်စဲဂိတ်မှလည်းကောင်း၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြန်လည်ဝင်ရောက်မည့်သူများအား မြဝတီဂိတ်မှလည်းကောင်း လက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

ပြန်လည်လက်ခံကြိုဆိုရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် ကော်မတီ၊ ဆပ်ကော်မတီများ ဖွဲ့စည်းတာဝန်ပေးသွားမည်ဖြစ်ကာ ပြန်လည်ဝင်ရောက်လာသူများအား မြဝတီမြို့ အမှတ်(၄)ရပ်ကွက်ရှိ ကျောက်လုံးကြီး ပြန်လည်ကြိုဆိုလက်ခံရေးစခန်းတွင် ယာယီ နေရာချထားပေးသွားမည်ဖြစ်ကြောင်း၊ ထို့နောက် ပြန်လည်ဝင်ရောက်လာသူ အိမ်ထောင်စုတစ်စုချင်းစီအား ကယ်ဆယ်ရေးပစ္စည်း ၂၂ မျိုးပါ မိသားစုသုံး (Family Kit) တစ်ပုံးစီ၊ အိမ်ထောင်စုတစ်စုလျှင် ထောက်ပံ့ငွေ ကျပ်သုံးသိန်းစီ၊ ဆန်တစ်လစာနှင့် ခရီးစရိတ် တစ်ဦးလျှင် ကျပ် ၁၅၀၀၀ စီကို ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနကလည်းကောင်း၊ နေရပ်ပြန်မည့်သူများအား တစ်ဦးလျှင် တစ်ရက် ၅၈၉ ဒသမ ၉၂ ကျပ်နှုန်းဖြင့် တစ်လစာထောက်ပံ့ငွေကို နယ်စပ်ရေးရာဝန်ကြီးဌာနကလည်းကောင်း ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

ပြန်လည် ကြိုဆိုလက်ခံမည့်အစီအစဉ်များ ညှိနှိုင်းဆွေးနွေးစဉ်။

လေးကျွန်းစကြာ ထိုင်တော်မူရုပ်ပွားတော်ကြီး ၈၅ ရာခိုင်နှုန်းကျော် တည်ဆောက်ပြီးစီး ရောင်တော်ဖွင့်လုပ်ငန်းများ လုပ်ကိုင်လျက်ရှိ

မုံရွာ ဖေဖော်ဝါရီ ၁၇

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ခတက္ကန်(တောင်) ကျေးရွာအနီးရှိ မဟာဗောဓိ တထောင်သာသနာ့နယ်မြေ ဗန္ဓုဝတောင်ပေါ်၌ တည်ဆောက်လျက်ရှိသော လေးကျွန်းစကြာ ထိုင်တော်မူရုပ်ပွားတော်ကြီး တည်ဆောက်ရေးလုပ်ငန်းများမှာ ယခုအချိန်တွင် ၈၅ ရာခိုင်နှုန်းကျော်အထိ ပြီးစီးနေပြီဖြစ်ကြောင်း ဗောဓိတထောင်သာသနာ့နယ်မြေ နာယကဆရာတော်တစ်ပါးဖြစ်သော ဘဒ္ဒန္တသြဘာသ၏ မိန့်ကြားချက်အရ သိရသည်။

လေးကျွန်းစကြာ ထိုင်တော်မူရုပ်ပွားတော်ကြီးအား မဟာဗောဓိတထောင် သာသနာ့နယ်မြေရှိ ဗန္ဓုဝတောင်ပေါ်တွင် ၂၀၁၃ ဇန်နဝါရီ ၂၄ ရက်က ပန္နက်တင်မင်္ဂလာ အခမ်းအနားကျင်းပခဲ့ပြီး ၂၀၁၄ မေ ၁၇ ရက်မှ စတင်တည်ဆောက်ခဲ့ကာ ၂၀၁၅ မတ် ၂၂ ရက်တွင် သတ္တဌာနဌာပနာတော် သွင်းလှူခဲ့ပြီးနောက် ဆောက်လုပ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

"အခု မျက်နှာတော်ကို ရောင်တော်ဖွင့်နေပြီ၊ အချောသပ်ခြင်းလုပ်ငန်းတွေ လုပ်နေပါပြီ၊ ထိုင်တော်မူ ရုပ်ပွားတော်ကြီးအတွင်းပိုင်းက ပြင်ဆင်နေတာတွေလည်း လုပ်ဆောင်နေပါပြီ၊ လေးနှစ်ကျော် ကာလအတွင်းမှာ အကြမ်းထည်လုပ်ငန်းတွေ အားလုံးနီးပါး ပြီးစီးနေပြီဖြစ်လို့ လုပ်ငန်းအားလုံးရဲ့ ၈၅ ရာခိုင်နှုန်းကျော် ပြီးစီးပါပြီ"ဟု ဗောဓိတထောင်သာသနာ့နယ်မြေ၏ နာယကဆရာတော်တစ်ပါးဖြစ်သော ဘဒ္ဒန္တသြဘာသက မိန့်ကြားသည်။

ဉာဏ်တော်အမြင့် ၂၃၄ ပေရှိသည့် လေးကျွန်းစကြာ ထိုင်တော်မူရုပ်ပွားတော်ကြီးကို တည်ဆောက်ခဲ့ရာတွင် ယခုအချိန်အထိ နာယကဆရာတော်ကြီး ငါးပါးက ကြီးမှူးပြီး အလှူရှင်များ၏ စုပေါင်းလှူဒါန်းငွေကျပ်သိန်းပေါင်း ၂၀၀၀၀ ကျော် အကုန်ကျခံ၍ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်းနှင့် လှူဒါန်းလိုသော အလှူရှင်များအနေဖြင့် ဆံလုံးတော်တစ်ဆူလျှင် ငွေကျပ် ၁၁၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ ဉာဏ်တော် ၁၈ လက်မအမြင့်ရှိ ဖိုက်ဘာဘုရား တစ်ဆူလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့်လည်းကောင်း၊ ၁၀ ပေပတ်လည် ရွှေဆေးတစ်ဆိုင်းလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့်လည်းကောင်း ပါဝင်လှူဒါန်းနိုင်ကြကြောင်း သိရသည်။

ဝင်းဦး(ဧယျာတိုင်း)

ညောင်ဦးမြို့နယ်၌ စက်ရေတွင်းတူးဖော်လှူဒါန်း

ငါ့သရောက် ဖေဖော်ဝါရီ ၁၇

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ငါ့သရောက်မြို့ အမှတ်(၃) ရွှေလက်ပံ့ရပ်ကွက်ရှိ ရပ်ကွက်နေပြည်သူများ ရာသီမရွေး သောက်သုံးရေလုံလောက်စွာ ရရှိသုံးစွဲနိုင်ရေးအတွက် ရန်ကုန်မြို့ မင်္ဂလာဈေးမှ ဈေးသူဈေးသားများအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် Mi Mi Pon - Philan Thropy စက်ရေတွင်းအလှူရှင်အဖွဲ့က ဖေဖော်ဝါရီ ၁၅ ရက်မှစတင်ကာ လေးလက်မ အဝီစိစက်ရေတွင်းတစ်တွင်းကို တူးဖော်လှူဒါန်းပေးနေကြောင်း သိရသည်။

အဆိုပါ စက်ရေတွင်းအလှူရှင်အဖွဲ့၏ခေါင်းဆောင် ဦးမောင်မြင့်က "ကျွန်တော်တို့ Mi Mi Pon - Philan Thropy စက်ရေတွင်းအလှူရှင်အဖွဲ့က ရန်ကုန်မြို့ကပါ၊ ညောင်ဦးမြို့နယ်အတွင်းမှာရှိတဲ့ ကျေးလက်ဒေသတွေမှာ သောက်သုံးရေရှားပါးမှုကြောင့် အခက်အခဲဖြစ်နေတဲ့ ဒေသခံပြည်သူတွေအနေနဲ့ ရာသီမရွေးသောက်သုံးရေ လုံလောက်စွာသုံးစွဲသွားနိုင်ရန် ရည်ရွယ်ပြီး အခုလို အဝီစိစက်ရေတွင်း လာရောက်တူးဖော်လှူဒါန်းပေးတာဖြစ်ပါတယ်၊ အဝီစိစက်ရေတွင်း လှူဒါန်းနိုင်ရေးအတွက် ရန်ကုန်မြို့မင်္ဂလာဈေးက ဈေးသူဈေးသားတွေက အလှူငွေ စုပေါင်းထည့်ဝင် လှူဒါန်းပေးကြပါတယ်၊ အခု ညောင်ဦးမြို့နယ် ငါ့သရောက်မြို့ရွှေလက်ပံ့ရပ်ကွက်မှာ ပြည်သူတွေ သောက်သုံးရေရှားပါးမှုတွေ ကြုံတွေ့ခံစားနေရတယ်ဆိုတာသိရလို့ တူးဖော်လှူဒါန်းနေတာဖြစ်ပါတယ်၊ သန့်ရှင်းသောမြေအောက်ရေကို သုံးစွဲနိုင်ရေးအတွက် ခန့်မှန်း မြေအောက်အနက် ပေ ၈၀၀ ကျော်အထိ တူးဖော်သွားဖို့ စီစဉ်ထားပါတယ်၊ လှူဒါန်းမှုအနေနဲ့တော့ ဒီရပ်ကွက်မှာ အုတ်ရေလှောင်ကန်တစ်ခုရှိနေပြီးဖြစ်လို့ အဝီစိစက်ရေတွင်းနဲ့ ရေစက်ရုံတို့ကို လှူဒါန်းသွားမှာဖြစ်ပါတယ်"ဟု ပြောသည်။

ညောင်ဦးမြို့နယ် ငါ့သရောက်မြို့ အမှတ်(၃) ရွှေလက်ပံ့ရပ်ကွက်တွင် အိမ်ခြေ ၂၇၄ အိမ် လူဦးရေ ၁၂၀၀ ကျော်ခန့်ရှိပြီး ဒေသခံပြည်သူများအနေဖြင့် သောက်သုံးရေရှားပါးမှုများ ကြုံတွေ့နေရချိန်တွင် အလှူရှင်အဖွဲ့က ယခုလို အဝီစိစက်ရေတွင်း တူးဖော်လှူဒါန်းပေးသည့်အတွက် ဒေသခံများအနေဖြင့် ဝမ်းမြောက်ကျေးဇူးတင်လျက်ရှိကြောင်း ရပ်ကွက်နေပြည်သူများ၏ ပြောကြားချက်များအရ သိရသည်။

ရဲဝင်းနိုင်

စက်ရေတွင်း တူးဖော်မှုများ ဆောင်ရွက်နေစဉ်။

ချောက်မြို့နယ်၌ မူခင်းကျဆင်းရေး ပညာပေးဟောပြော

ချောက် ဖေဖော်ဝါရီ ၁၇

မကွေးခရိုင် ချောက်မြို့နယ် ဆင်ဇာကျေးရွာမှ ပြည်သူများအား မူခင်းကျဆင်းရေးနှင့် သက်ငယ်မုဒိမ်းမှုပပျောက်ရေး ပညာပေးဟောပြောပွဲကို ချောက်မြို့မရဲစခန်းက ကြီးမှူး၍ အဆိုပါရွာရှိ အေးစေတီဓမ္မာရုံ၌ ဖေဖော်ဝါရီလဒုတိယပတ်အတွင်းက ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် ချောက်မြို့မရဲစခန်းမှူး ဒုရဲမှူးလှနောင်က ကျေးရွာနေပြည်သူများအား မူးယစ်ဆေးဝါးအန္တရာယ်အကြောင်းနှင့် မူးယစ်ဆေးဝါးဆိုင်ရာ ပြစ်မှုပြစ်ဒဏ်များ၊ သက်ငယ်မုဒိမ်းမှု လျော့နည်းကျဆင်းရေးအတွက် သိရှိလိုက်နာရမည့် သိကောင်းစရာများ၊ ပြစ်မှုပြစ်ဒဏ်များ စသည်တို့ကို အသေးစိတ် အသိပညာပေး ဟောပြောခဲ့ပြီး ဒေသခံပြည်သူများ၏ မေးမြန်းမှုများကိုလည်း ပြန်လည်ဖြေကြားပေးခဲ့သည်။ အဆိုပါဟောပြောပွဲသို့ ဆင်ဇာကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ၊ ကျေးရွာနေပြည်သူများ တက်ရောက်ခဲ့သည်။

ဗထူး

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် MEGA ဆေးကုမ္ပဏီ၊ Ferrovit သံဓာတ်ဖြည့်အားဆေးတို့ ပူးပေါင်း၍ မန္တလေးမြို့တွင် ဒုတိယအကြိမ်အဖြစ် အမျိုးသမီးလမ်းလျှောက်ပွဲကို ဖေဖော်ဝါရီ ၁၇ ရက်ကပြုလုပ်ရာ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လမ်းလျှောက်ပွဲဆင်နွှဲကြသူများ စုစုပေါင်း ၃၀၀၀ ကျော် ပါဝင်လမ်းလျှောက်ကြစဉ်။

တင်မောင် (မန်းကိုယ်ပွား)

စလင်းမြို့နယ်ကျေးရွာများတွင် အမှိုက်စွန့်ပစ်ကန်များ တူးဖော်

စလင်း ဖေဖော်ဝါရီ ၁၇

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်အတွင်းရှိ ကျေးရွာများတွင် ဖေဖော်ဝါရီလ ပထမပတ်မှစတင်၍ ကျေးရွာအလိုက် အမှိုက်စွန့်ပစ်ကန်များကို မြို့နယ်အုပ်ချုပ်ရေးမှူး၏ ကြီးကြပ်မှုဖြင့် တူးဖော်ကြပြီး အဆိုပါ အမှိုက်စွန့်ပစ်ကန်မှာ အလျားအနံ ၁၀ ပေ၊ အနက် ငါးပေဖြစ်သည့် အမှိုက်ကန်များ မတူးဖော်မီက အမှိုက်များကို လယ်ထဲနှင့် မြောင်းထဲများသို့ အခါအားလျော်စွာ စွန့်ပစ်ကြသဖြင့် မြေဆီလွှာပျက်စီးခြင်း၊ ဖန်ပုလင်းကွဲ၊ သံတိုသံစများပါရှိသဖြင့် လူနှင့်တိရစ္ဆာန်များ အန္တရာယ်ဖြစ်နိုင်ခြင်း အပြင် စိုက်ပျိုးရေးအသုံးပြုရေမြောင်းများ ပိတ်ဆို့ပျက်စီးနိုင်သဖြင့် ယခုကဲ့သို့ မိမိတို့ကျေးရွာများအလိုက် အမှိုက်စွန့်ပစ်ကန်များ စနစ်တကျ တူးဖော်သုံးစွဲရမှုအပေါ် ဒေသခံများ ကျေနပ်မှုရှိကြောင်းသိရသည်။

စစ်ကြည်(စလင်း)

မင်းဘူးမြို့ ဈေးဟောင်းကြီးနေရာတွင် ကားပါကင်ပါဝင်သော နှစ်ထပ်ဈေးသစ် တည်ဆောက်မည်

မင်းဘူး ဖေဖော်ဝါရီ ၁၇

ရောဝတီမြစ်ရေတက်သော်လည်း ရေမရောက်နိုင်သည့် နှစ်ထပ်ဈေးသစ်ကြီးတစ်ခုကို မင်းဘူးမြို့ ရောဝတီမြစ်ကမ်းဘေးရှိ ဈေးဟောင်းကြီးနေရာ၌ ဆောက်လုပ်ရန် ဈေးဖြစ်မြောက်ရေးကော်မတီက ဦးဆောင်၍ စီစဉ်လျက်ရှိပြီး အဆိုပါ နှစ်ထပ်ဈေးသစ်ကြီး အပေါ်ထပ်တွင် ဈေးဆိုင်ခန်းများနှင့် အောက်ထပ်တွင် ကားအစီးရေ ၇၂ စီး ထားနိုင်သော ကားပါကင်၊ ဆိုင်ကယ်စတန်း၊ ရေချိုးခန်းနှင့် အိမ်သာများ ပါရှိမည်ဖြစ်ကြောင်း သိရသည်။

ဈေးတည်ဆောက်ရန်နှင့် အထွေထွေလုပ်ငန်းများအတွက် ကျပ် ၂၃၃၂၅ သိန်း ကုန်ကျမည်ဟု တွက်ချက်ထားပြီး တည်ဆောက်ရန် Drawing ဆွဲခြင်း၊ အင်ဂျင်နီယာ ငှားရမ်းခြင်းနှင့် အရည်အသွေးစစ်ဆေးခြင်းဆိုင်ရာ လုပ်ငန်းများအတွက် ကျပ် ၁၁၄၅ သိန်းနှင့် တည်ဆောက်ရေးအတွက် ကျပ်သိန်း ၂၂၁၈၀ အသုံးပြုမည်ဟု သိရသည်။

"ဈေးဆိုင်ခန်းတွေက ကုန်စုံဆိုင် ၁၇၆ ခန်း၊ စားသောက်ဆိုင် ၂၂ ခန်း၊ ပွဲရုံ ၁၅၆ ခန်းနဲ့ ဖွဲ့စည်းထားပါတယ်၊ ပွဲရုံခန်းအတွက် ကျပ် ၁၅ သိန်း၊ ကုန်စုံဆိုင်အခန်းတွေက နေရာအပေါ်မူတည်ပြီး ကျပ်သိန်း ၁၀၀ ကနေ ၁၅၅ သိန်းအထိ၊ စားသောက်ဆိုင်ခန်းတွေကတော့ ထောင့်ခန်း ၁၆၅ သိန်းနဲ့ ကြားခန်း သိန်း ၁၅၀ လို့ ရောင်းဈေးသတ်မှတ်ထားပါတယ်၊ ဆိုင်ခန်းအားလုံး ရောင်းရမယ်ဆိုရင် ကျပ် ၂၇၁၃၅ သိန်း ရရှိမှာဖြစ်ပြီးတော့ ဈေးတည်ဆောက်လို့ ပိုလျှံတဲ့ငွေတွေကို ရန်ပုံငွေအဖြစ် ထားရှိပါမယ်"ဟု ဈေးဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးမစ်ကီက ပြောသည်။

မင်းဘူးမြို့အမှတ်(၂)ဈေးကြီး တည်ဆောက်ရန် တင်ဒါခေါ်ယူခဲ့ရာတွင် ကုမ္ပဏီနှစ်ခုပြိုင်ဆိုင်ကြပြီး စည်းမျဉ်းစည်းကမ်း လိုအပ်ချက်များအရ တင်ဒါအောင်မြင်မှု မရှိခဲ့ကြောင်း၊ ကုမ္ပဏီများ တင်ဒါမအောင်၍ ဈေးကော်မတီက တာဝန်ယူတည်ဆောက်ရမည်ဖြစ်ကြောင်း၊ ဖေဖော်ဝါရီ ၁၆ ရက်က ဈေးသူဈေးသားများ၊ မြို့မိမြို့ဖများ၊ စိတ်ပါဝင်စားသူများအား ဖိတ်ကြားပြီး ဈေးကော်မတီက ဈေးတည်ဆောက်မည့်ကိစ္စကို လက်ခံနိုင်မှု ရှိမရှိ သဘောထားရယူခဲ့ရာ သဘောတူညီမှု ရရှိခဲ့ပြီးဖြစ်ကြောင်း၊ သဘောတူညီမှု ရရှိခဲ့ကြောင်းကို မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ထံ တင်ပြသွားမည်ဖြစ်ပြီး ခွင့်ပြုချက်ရပါက စတင်တည်ဆောက်နိုင်ရန် အဆင်သင့်ပြင်ထားပြီးဖြစ်ကြောင်း ဈေးဖြစ်မြောက်ရေးကော်မတီမှ သိရသည်။

"ဈေးကော်မတီက တည်ဆောက်တာကို ပြည်သူတွေအနေနဲ့ ယုံယုံကြည်ကြည်နဲ့ ဖြစ်စေချင်ပါတယ်၊ ငွေရေးကြေးရေးကိစ္စအားလုံးကိုလည်း ကြိုက်သလို အစစ်ဆေးခံနိုင်ပါတယ်၊ ဈေးဆိုင်ခန်းကြိုတင်ရောင်းရငွေ ကျပ်သိန်း ၄၆၆၀ ကျော်ကို CB ဘဏ်မှာ အပ်ထားပါတယ်၊ ကိုယ့်မြို့ကို တိုးတက်စေချင်ပါတယ်၊ ရေရှည်တည်တံ့မယ့် ဈေးကြီး ဖြစ်စေချင်ပါတယ်"ဟု ဈေးဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌက ပြောသည်။

ဈေးတည်ဆောက်မည့်ကိစ္စအတွက် အများလက်ခံနိုင်မှုရှိမရှိ သဘောထားရယူစဉ်။

ဈေးတည်ဆောက်ရန် အချိန်ကို ၁၄ လခန့် တောင်းခံထားပြီး ဈေးလုံခြုံရေးအတွက် CCTV အလုံး ၇၀ ကို တပ်ဆင်မည်ဖြစ်ကြောင်း၊ မီးဘေးလုံခြုံရေးအတွက် ရေဂါလန် ၁၂၀၀၀ ဆံ့ ရေကန်နှစ်ခုထားပြီး မီးသတ်စက်များထည့်သွင်းရန်လည်း အစီအစဉ်ရှိကြောင်း၊ ဈေးကြီးဆောက်လုပ်မှု ပြီးစီးပါက စည်ပင်သာယာရေးအဖွဲ့သို့ အခွန်အခများ ဝင်လာမည်ဖြစ်ပြီး ကုန်တင်ကုန်ချ လုပ်သားများနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူများအတွက်လည်း အခွင့်အလမ်းများ ရရှိလာမည်ဖြစ်ကြောင်း သိရသည်။

ဇေယျာတု (မကွေး)

ကလေးဝမြို့တွင် နိုင်ငံတော်ဓာတ်အားစနစ်မှ ၂၄ နာရီ ဓာတ်အားဖြန့်ဖြူးပေး

နေပြည်တော် ဖေဖော်ဝါရီ ၁၇

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့တွင် နိုင်ငံတော်ဓာတ်အားစနစ်မှ ၂၄ နာရီ ဓာတ်အားဖြန့်ဖြူးပေးနိုင်ပြီဖြစ်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ နိုင်ငံတော်ဓာတ်အားစနစ်အတွင်းမှ လျှပ်စစ်ဓာတ်အားမရသေးသော ကျေးလက်နေပြည်သူများ ဓာတ်အားရရှိသုံးစွဲနိုင်၍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် တိုးတက်သုံးစွဲလာသော ဓာတ်အားလိုအပ်ချက်များ ပြည့်ဝစွာရရှိအောင် ဖြည့်ဆည်းဖြန့်ဖြူးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၃၀ ရက်မှ စတင်၍ နိုင်ငံတော်ဓာတ်အားစနစ်မှတစ်ဆင့် ကလေးဝမြို့ပေါ် ရပ်ကွက်သုံးခုနှင့် ပတ်ဝန်းကျင်ကျေးရွာ သုံးရွာသို့ ၂၄ နာရီ ဓာတ်အားဖြန့်ဖြူးပေးနိုင်ခြင်းဖြစ်ကြောင်း သိရသည်။

ကလေးခရိုင် ၆၆ ကေဗွီ ကလေး-ကလေးဝ ဓာတ်အားလိုင်း ၄၇ မိုင်နှင့် ကလေးဝ ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံသစ် တည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုရန်ပုံငွေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကာ ယခု ဓာတ်အားစတင်ဖြန့်ဖြူးပေးချိန်တွင် စုစုပေါင်းအိမ်ထောင်စု ၂၀၉၇ စုသို့ ဓာတ်အားစနစ်မှ ၂၄ နာရီ ဓာတ်အားပြည့်ဝစွာ ပို့လွှတ်ဖြန့်ဖြူးပေးနိုင်ကြောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ခွင့်ပြုလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက မီးသုံးစွဲသူ ၂၂၀၀ အထိ တိုးမြှင့်သုံးစွဲလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဆောက်လုပ်ပြီးစီး၍ ဓာတ်အားစတင်ဖြန့်ဖြူးနေပြီဖြစ်သော ကလေးဝဓာတ်အားခွဲရုံသစ်

ကလေးဝမြို့တွင် ၁၉၆၇ ခုနှစ်မှစ၍ သစ်ချောက်ကျေးရွာရှိ ဌာနပိုင် ကျောက်မီးသွေးသုံးရေနွေးငွေ့စက်ဖြင့်လည်းကောင်း၊ ၁၉၈၆ ခုနှစ်တွင် ကျောက်မီးသွေးသုံး ရေနွေးငွေ့စက်ဖြင့်လည်းကောင်း မြို့ပေါ်ရပ်ကွက် သုံးခုနှင့် ကျေးရွာနှစ်ရွာရှိ မီးသုံးသူ ၄၀၀ ခန့်အား ဓာတ်အားဖြန့်ဖြူးပေးခဲ့ ကြောင်း၊ ၁၉၉၅ ခုနှစ်တွင် ၈၆၀ ကေဗွီအေ ဒီဇယ်ဓာတ်အားပေးစက်ဖြင့် မီးသုံးသူ ၉၅၇ ဦးတို့အား တစ်ရက်လျှင် ခြောက်နာရီနှုန်းဖြင့် ဓာတ်အားဖြန့်ဖြူးပေးခဲ့ကြောင်း သိရသည်။

ထို့နောက် ၂၀၁၂ ခုနှစ်တွင် ၅၀၀ ကေဗွီအေ ဒီဇယ်ဓာတ်အားပေးစက် တစ်လုံးဖြင့်လည်းကောင်း၊ ၂၀၁၄ ခုနှစ်တွင် ၅၀၀ ကေဗွီအေနှင့် ၃၄၀ ကေဗွီအေ ဓာတ်အားပေးစက် နှစ်လုံးဖြင့်လည်းကောင်း ဓာတ်အားပေးခဲ့ပြီး ဓာတ်အားသုံးစွဲမှုမှာ တိုးတက်မြင့်မားလာသဖြင့် ၂၀၁၈ ခုနှစ်တွင် မြို့ပေါ်ရပ်ကွက် သုံးခုနှင့် ကျေးရွာနှစ်ရွာမှ စုစုပေါင်း မီးသုံးစွဲသူ ၁၇၆၁ ဦးတို့အား ၃၄၀ ကေဗွီအေနှင့် ၈၀၀ ကေဗွီအေ ဒီဇယ်ဓာတ်အားပေးစက် သုံးလုံး၊ ၁၁/၀.၄ ကေဗွီ ထရန်စဖော်မာ ခြောက်လုံး၊ ၁၁ ကေဗွီ ဓာတ်အားလိုင်း ခုနစ်မိုင်၊ ၄၀၀ ဗို့ဓာတ်အားလိုင်း ၁၄ မိုင်တို့ဖြင့် တစ်ရက်လျှင် သုံးနာရီခွဲခန့်ဓာတ်အားဖြန့်ဖြူးပေးခဲ့ကြောင်း သိရသည်။

ကလေးဝမြို့နယ်တွင် ကျေးရွာပေါင်း ၁၂၅ ရွာရှိသည့်အနက် အစိုးရဒီဇယ်ဓာတ်အားပေးစက်ဖြင့် ကျေးရွာနှစ်ရွာ၊ နေရောင်ခြည်စွမ်းအင်ဖြင့် ကျေးရွာ ၂၉ ရွာ၊ ပုဂ္ဂလိက ဒီဇယ်ဓာတ်အားပေးစက်ဖြင့် ကျေးရွာ ၉၄ ရွာ၌ မီးလင်းပြီးဖြစ်ရာ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းအနေဖြင့် နိုင်ငံတစ်ဝန်းမှ ဓာတ်အားစနစ်ဖြင့်မီးလင်းရန် ကျန်ရှိနေသော ကျေးရွာများအတွက် ဓာတ်အား ပြည့်ဝတည်ငြိမ်စွာ ဖြန့်ဖြူးပေးနိုင်ရန်နှင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရန် ဘဏ္ဍာနှစ်အလိုက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

သိမ့်သိမ့်မိုး(မြန်မာ့အလင်း)

ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များ နေပြည်တော်၌ ဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၁၇

နေပြည်တော် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေး ဦးစီးဌာနက ကြီးမှူးပြီး အလုပ်ရှင်နှင့် အလုပ်သမားအဖွဲ့အစည်းများအား တွေ့ဆုံ၍ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များနှင့် စက်ရုံ၊ အလုပ်ရုံများအတွင်း မတော်တဆထိခိုက်မှုများ ပပျောက်စေရေး ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၅ ရက်က ပျဉ်းမနားမြို့ နန်းစိန်ကဖေး၌ ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် နေပြည်တော် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆုမြတ်သဇင်က ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက ၁၉၅၁ ခုနှစ် အလုပ်ရုံများအက်ဥပဒေပါ လူကြီးများအလုပ်လုပ်ချိန် ကန့်သတ်ချက်အကြောင်းကိုလည်းကောင်း၊ အလုပ်သမားများ၏ ခွင့်ရက်၊ အလုပ်ပိတ်ရက်နှင့် အခကြေးငွေပေးချေရေးဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း၊ စက်ရုံ အလုပ်ရုံအတွင်း မတော်တဆထိခိုက်မှုနှင့်ပတ်သက်၍ အကြောင်းကြားရမည့် အခြေအနေများကိုလည်းကောင်း၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာလုပ်ငန်းများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။ ထို့နောက် အလုပ်ရှင်နှင့် အလုပ်သမား အဖွဲ့အစည်းများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြကာ ဦးစီးဌာနမှ တာဝန်ရှိသူများက ပြန်လည် ရှင်းလင်းဖြေကြားပေးခဲ့သည်။

အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနအနေဖြင့် အကောင်အထည်ဖော်မည့် နေပြည်တော် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များ၊ အတည်ပြုကျင့်သုံးမည့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေပါ ပြဋ္ဌာန်းချက်ဆိုင်ရာများ၊ လက်ရှိ အတည်ပြုပြဋ္ဌာန်းထားသည့် အလုပ်သမားဥပဒေနှင့် နည်းဥပဒေများကို အလုပ်ရှင်နှင့် အလုပ်သမားအဖွဲ့အစည်းများ၊ စက်ရုံ၊ အလုပ်ရုံ၊ ဆိုင်၊ အလုပ်ဌာနများရှိ အလုပ်ရှင်၊ မန်နေဂျာနှင့် အလုပ်သမားများ ကျယ်ပြန့်စွာ သိရှိနားလည်စေရန် ရည်ရွယ်၍ ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးခြင်းဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

မော်လိုက်မြို့နယ်တွင် တီဘီရောဂါကွင်းဆင်းရှာဖွေမှုမှ ဆေးသောက်လူနာ ၃၀ တွေ့ရှိ

မော်လိုက် ဖေဖော်ဝါရီ ၁၇

အမျိုးသားတီဘီရောဂါ တိုက်ဖျက်ရေးစီမံကိန်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းတို့ ပူးပေါင်း၍ တီဘီရောဂါ ကွင်းဆင်းရှာဖွေရေးလုပ်ငန်းများကို စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများ၌ ဖေဖော်ဝါရီ ၁၂ ရက်မှ ၁၆ ရက်အထိ ဆောင်ရွက်၍ ဒေသခံပြည်သူများအား ရောဂါရှာဖွေစစ်ဆေးမှုများ ပြုလုပ်ပေးခဲ့ရာ ဆေးသောက်လူနာ ၃၀ ကို စစ်ဆေးတွေ့ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ တီဘီရောဂါ ကွင်းဆင်းရှာဖွေရေးအဖွဲ့တွင် စစ်ကိုင်းတိုင်းဒေသကြီး တီဘီဆရာဝန်ကြီး ဒေါက်တာမြတ်ကျော်သူ ဦးဆောင်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ဒေါက်တာမျိုးမင်းစိုး၊ ဒေါက်တာ ကောင်းမြတ်နှင့် ဝန်ထမ်းများ ပါဝင်ခဲ့ပြီး မော်လိုက်မြို့နယ်ထဲရှိ ပန်းသာကျေးရွာ၊ ကင်းတပ်ကျေးရွာ၊ ကြာအင်းကျေးရွာ၊ တောင်းအင်ကျေးရွာနှင့် မော်လိုက်မြို့ပေါ်တို့မှ လူဦးရေ ၇၉၆ ဦးတို့အား ဓာတ်မှန်ရိုက်စစ်ဆေး၍ တီဘီရောဂါ ရှာဖွေစမ်းသပ်မှုများ ဆောင်ရွက်ပေးခဲ့ရာ အဆိုပါ ၇၉၆ ဦးထဲတွင် ဆေးသောက်လူနာ ၃၀ အား ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်၍ ဆေးဝါးများ အခမဲ့ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

တီဘီရောဂါ ကွင်းဆင်းစစ်ဆေးပေးရာတွင် တီဘီရောဂါရှာဖွေရေးအပြင် ပြင်ပလူနာဌာနအနေဖြင့်လည်း ဖွင့်လှစ်၍ အခြား ကျန်းမာရေးစောင့်ရှောက်မှုများလည်း ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် တီဘီရောဂါအကြောင်း သိကောင်းစရာများကိုလည်း ပြည်သူများအား အသိပညာပေးဟောပြောမှုများ ပြုလုပ်ခဲ့ကြောင်း၊ တီဘီရောဂါကွင်းဆင်းရှာဖွေရေးအဖွဲ့၏ ကွင်းဆင်းလုပ်ငန်းများတွင် မော်လိုက်ခရိုင် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇော်ဝင်းထွန်းနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ခရိုင်စီမံခန့်ခွဲမှုကော်မတီ ခေတ္တဥက္ကဋ္ဌ ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူး ဦးသန့်ဇင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးနှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ကေသီရွှေနှင့် အဖွဲ့ဝင်များကလည်း လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

မော်လိုက်သားလေး

ဒေသခံပြည်သူများအား တီဘီရောဂါရှာဖွေစမ်းသပ်မှုများ ဆောင်ရွက်ပေးနေစဉ်။

ကိုယ့်အားကိုယ်ကိုး ကျေးရွာကွန်ကရစ်လမ်းသစ်ဖွင့်

ကျိုက်မရော ဖေဖော်ဝါရီ ၁၇

မွန်ပြည်နယ်အစိုးရမှ ထောက်ပံ့သော ဘိလပ်မြေ ၁၉၉၇ အိတ်နှင့် ကျေးရွာမှ ဒေသခံပြည်သူလူထု စုပေါင်းထည့်ဝင်ငွေဖြင့် မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ကျိုက်ပရန်ကျေးရွာအုပ်စု ကော့ပြည့်ကျေးရွာ၌ ဆောင်ရွက်ပြီးစီးခဲ့သော အရှည် ပေ ၂၀၀၀ ကွန်ကရစ်လမ်းသစ် ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၆ ရက်က ကျင်းပခဲ့သည်။

ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းသစ်ကို ခင်းခဲ့ခြင်းဖြစ်ပြီး လမ်းဖွင့်ပွဲတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်မျိုးမြင့်က အမှာစကားပြောကြားကာ လွှတ်တော်ကိုယ်စားလှယ်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘုန်းမြင့်နိုင်နှင့် စည်ပင်အမှုဆောင်အရာရှိ ဦးစိုးနိုင်တို့က လမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ခဲ့သည်။ အဆိုပါ ကွန်ကရစ်လမ်းသစ် ခင်းပြီးသွားသဖြင့် ကျေးရွာနေပြည်သူများ၏ ပညာရေး၊ လူမှုရေးကဏ္ဍများ ပို၍ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း လမ်းသစ်ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌက ပြောသည်။

မြို့နယ်(ပြန်/ဆက်)

စီမံကိန်းမြေနေရာပိုင်းခြားသတ်မှတ်ခြင်းနှင့် စစ်တမ်းကောက်ယူခြင်းလုပ်ငန်းစဉ်များ အသိပေးထုတ်ပြန်ခြင်း

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဒီးဒုတ်ရေအားလျှပ်စစ်စီမံကိန်းအတွက် လိုအပ်သောမြေနေရာများရယူခြင်းကို အောက်ဖော်ပြပါဒေသများတွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ ပြုလုပ်သွားမည်ဖြစ်ကြောင်းအသိပေးအပ်ပါသည်။ စီမံကိန်းရှေ့ဆက်လက်ဆောင်ရွက်ရန် အကြောင်းကြားစာကို ၂၀၁၈ခုနှစ်၊ ဩဂုတ်လ (၁၆)ရက်နေ့တွင် သက်ဆိုင်ရာဝန်ကြီးဌာနမှ လက်မှတ်ရေးထိုးခဲ့ပြီးလည်းဖြစ်ပါသည်။

မြို့နယ်	စုစုပေါင်းဧရိယာ (ဧက)	
	အပြီးသတ်ရယူမည့် မြေယာ	ယာယီရယူမည့် မြေယာ
ကျောက်ဆည်	၂၇၈. ၉၁	၅၀. ၆၈
ပြင်ဦးလွင်	၂၀၆. ၄၇	၂၉. ၁၂
စုစုပေါင်း	၄၈၅. ၃၈	၇၉. ၈၀

မြို့နယ်	စုစုပေါင်းဧရိယာ (ဟက်တာ)	
	အပြီးသတ်ရယူမည့် မြေယာ	ယာယီရယူမည့် မြေယာ
ကျောက်ဆည်	၁၁၂. ၈၇	၂၀. ၅၁
ပြင်ဦးလွင်	၈၃. ၅၅	၁၁. ၇၈
စုစုပေါင်း	၁၉၆. ၄၂	၃၂. ၂၉

ကျောက်ဆည်ခရိုင်တွင်ပါဝင်သော မြေယာတည်ရှိရာကျေးရွာအုပ်စုများ - ကြောင်၊ သရက်ပင်၊ ရဲ။
ပြင်ဦးလွင်ခရိုင်တွင်ပါဝင်သော မြေယာတည်ရှိရာကျေးရွာအုပ်စုများ - လွန်ကောင်း။

အထက်ဖော်ပြပါဒေသများမှ မြေများကို လယ်ယာမြေသိမ်းယူခြင်းဥပဒေ၊ အခန်း(၄)တွင် ဖော်ပြထားချက်နှင့်အညီ စီမံကိန်းတည်နေရာပိုင်းခြားသတ်မှတ်ခြင်းနှင့် စစ်တမ်းကောက်ယူခြင်းလုပ်ငန်းစဉ်များကို High Tech Construction Trust Co., Ltd. မှ တာဝန်ယူလုပ်ဆောင်သွားမည်ဖြစ်ပါသည်။

စီမံကိန်းလုပ်ငန်းစဉ်များနှင့် မြေနေရာအသေးစိတ်အချက်အလက်များကို အမှတ်(၄၁၃/၂) ၃၅လမ်း၊ ၆၃-၆၄လမ်းကြား၊ မဟာအောင်မြေမြို့နယ်၊ ရွှေတောင် မန္တလေးရုံးတွင် ရရှိနိုင်ပါသည်။

စီမံကိန်းနှင့်ပတ်သက်သော သတင်းအချက်များပိုမိုသိရှိလိုပါက (သို့မဟုတ်) သင်၏မြေယာ စီမံကိန်းထဲပါဝင်သည်ဟု ထင်မိပါက ၀၉ ၈၉၄ ၇၈၃ ၈၅၉ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

Khayann Treasure Land Co.,Ltd.
Construction & Home Decoration
KTL

အိမ်အတွင်း၊ အပြင် နိုင်ငံတကာဒီဇိုင်းများဖြင့်အလှဆင်ပေးခြင်း။
PAE လုံးချင်းအိမ်များနှင့် Steel Structure များ တည်ဆောက်ပေးခြင်း။
Home Renovation များ ပြုပြင်မွမ်းမံပေးခြင်း။
